# အပစ်ပယ်ခံ

မြန်မာနိုင်ငံ့ရွှေတူးဖော်ရေးနှင့် ဝိုက်ကရောနီစီးပွားပြင်ကြီ အပစ်ပယ်ခံလူမျိုးစုတိုင်းရင်းသားများ



# ဒီမိုကရေစီနှင့်ဖွံ့ဖြိုးရေးစည်းပြင်ပရှိ အပစ်ပယ်ခံ လူမျိုးစုတိုင်းရင်းသားများ

CORE အဖွဲ့မှထုတ်ဝေသည်

နိုဝင်ဘာလ ၂၀၁၂

**CORE** အဖွဲ့အကြောင်း

လူထုစည်းရုံးရေးနှင့် အခွင့်အရေးဆိုင်ရာ ပညာပေးရေးအဖွဲ့ (မြန်မာနိုင်ငံ) (Community Organizing and Rights Education-Burma)သည် မြန်မာနိုင်ငံ၏ ပြည်နယ် (၇) ခုနှင့် တိုင်းဒေသကြီး (၁)ခုရှိ အဓိက လူမျိုးစုတိုင်းရင်းသားများနှင့် ဌာနေတိုင်းရင်းသား အုပ်စုကြီးများမှ လူငယ်အဖွဲ့အစည်း (၁၄)ဖွဲ့ပါ ညွန့်ပေါင်းအဖွဲ့က ဖေါ်ဆောင်သော စုပေါင်းလုပ်ငန်းအစီအစဉ်တခုဖြစ်ပါသည်။ အဖွဲ့မှနေ၍ ယခု(Excluded: Burma's Ethnic Nationalities) ဒီမိုကရေစီနှင့် ဖွံ့ဖြိုးရေးစည်းပြင်ပရှိ အပစ်ပယ်ခံ လူမျိုးစုတိုင်းရင်းသားများအမည်ရှိ အစီရင်ခံစာကို စီစဉ်ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။

အသိအမှတ်ပြုကျေးဇူးတင်ခြင်း

ဤအစီရင်ခံစာပါ သတင်းအချက်အလက်အားလုံးသည် ပါဝင်မှုဆိုင်ရာအခွင့်အရေးကို လုံးဝလျစ်လျူရှုထားခြင်းနှင့် ပတ်သက်၍ မှတ်တမ်းပြုရန်အလို့ငှာ စွန့်စားဆောင်ရွက်ပေးခဲ့ကြသော တိုင်းရင်းသားလူငယ် အဖွဲ့အစည်း ၁၄ ဖွဲ့မှ စုဆောင်းပေးခဲ့သော သတင်းအချက်အလက်များ ဖြစ်ပါသည်။ ထို့အပြင် ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ငွေကြေးကူညီပံ့ပိုးပေးခဲ့သော **European Commission, Burma Relief Center** နှင့် စာအုပ်ရေးသားပေးသူ၊ အချက်အလက်ပိုင်းခြားသုံးသပ်သူတို့အား အသိအမှတ်ပြုကျေးဇူးတင်ပါသည်။

သုတေသနနှင့် ရေးသားပြုစုရေးအဖွဲ့

Eric Gonzalez – အချက်အလက် ပိုင်းခြားသုံးသပ်သူ

Marcia Robiou – ဦးဆောင်ရေးသားသူနှင့် သုတေသနမှူး

ဝန်ခံချက်

ဤအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းခြင်းခံခဲ့ရသော ကျေးရွာသူ၊ ကျေးရွာသားများ ဘေးကင်းလုံခြုံရေးအတွက် အမည်များကို ပြောင်းလဲဖေါ်ပြထားခဲ့ပါသည်။


အိန္ဒိယနိုင်ငံ
တရုတ်နိုင်ငံ
ဘင်္ဂလားဒေရှ်နိုင်ငံ
ကချင်ပြည်နယ်
ရှမ်းပြည်နယ်
ချင်းပြည်နယ်
ရခိုင်ပြည်နယ်
လာအိုနိုင်ငံ
ထိုင်းနိုင်ငံ
- ရေအားလျှပ်စစ်စီမံကိန်း
- လမ်းဖောက်လုပ်ရေးစီမံကိန်း
- ပင်လယ်ဆိပ်ကမ်း
- ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်း
- စီးပွားရေးဇုန်
- ဘိလပ်မြေစက်ရုံ

ဖွံ့ဖြိုးရေးစီမံကိန်းများ၏ မြေပုံ

# မာတိကာ


၁ အစီရင်ခံစာအကျဉ်းချုပ် ၈

၂ စကားဦး ၁၁

၃ အနာဂတ်အတွက် အင်အားစုအသစ်ဖြစ်သော မြန်မာနိုင်ငံ၏ လူငယ်များ အကြံပြုတင်ပြချက်များ ၁၄

၄ နိဒါန်း ၁၈

၅ အပိုင်း ၁။ ၂၀
လူမျိုးစုတိုင်းရင်းသားများမှာ ထိခိုက်နစ်နာဖွယ်ရှိနေခြင်းအကြောင်း (နောက်ခံသမိုင်းကြောင်း)

၅း၁ အခန်း (၁)။ လူမျိုးစုတိုင်းရင်းသားများနှင့် သယံဇာတအရင်းအမြစ်များကြောင့် ကပ်ဘေးသင့်ရခြင်း ၂၀
၅း၂ လှိုင်းထန်ပွေလီသော သမိုင်းကြောင်း ၂၀
၅း၃ တိုးတက်မှုအတွက် ပေးဆပ်ရသည့်တန်ဖိုး ၂၁
၅း၄ ရရှိသောဘဏ္ဍာငွေများကို ပြည်သူအများစု အကျိုးအတွက် အသုံးပြုခြင်းမရှိ ၂၂
၅း၅ ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ လူ့အခွင့်အရေးဆိုင်ရာအကျိုးဆက်များ ၂၅

၆ အခန်း(၂)။ သိရှိနားလည်မှုဖြင့် ကြိုတင်၍ လွတ်လပ်စွာပေးသော သဘောတူခွင့်ပြုချက်
၆း၁ (FPIC) ဆိုင်ရာအမြင် ၂၆
၆း၂ အခန်း (၃) ။ (FPIC)ကို အပြည့်အဝလေးစားလိုက်နာစေရေး ၂၉
၆း၃ အခန်း (၄) ။ (FPIC) ဆိုင်ရာအခွင့်အရေး တောင်းဆိုမှုအတွက် တရားဥပဒေအခြေခံ ဌာနေတိုင်းရင်းသားပြည်သူတို့၏ အခွင့်အရေးများ ၃၀
၆း၄ အခန်း (၅) ။ မြန်မာနိုင်ငံ၏ တရားဥပဒေရေးရာနှင့် မူဝါဒရေးရာကိစ္စများတွင် ပါဝင်ခွင့် ၃၃
၆း၅ အခန်း (၆) ။ မြန်မာနိုင်ငံ၏ နိုင်ငံတကာ တာဝန်ဝတ္တရားများ ၃၇

၇ (ILO) သဘောတူညီချက် (၁၆၉) ၃၇

၈ ဌာနေတိုင်းရင်းသားပြည်သူများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း(UNDRIP) ၃၈

၉ ကာကွယ်စောင့်ရှောက်ပေးရေးတာဝန် ၃၉

၁၀ အပိုင်း ၂။

၁၀း၁ ခွဲခြားဆက်ဆံမှုနောက်ကွယ်က အချက်အလက်များ ၄၀

၁၀း၂ အခန်း (၇) ။ အဓိက တွေ့ရှိချက်များ ၄၀

၁၁ အပိုင်း ၃။

လူမျိုးစုများကို ပစ်ပယ်ထားခြင်းအကြောင်း မှတ်တမ်းပြုချက် ၄၂

၁၁း၁ အခန်း (၈) ။ တနင်္သာရီတိုင်း၊ ထားဝယ် ရေနက်ဆိပ်ကမ်း ၄၃

၁၁း၂ အခန်း (၉) ။ ကရင်ပြည်နယ်၊ ဖားအံမြို့ရှိ စီးပွားရေးဇုန် ၄၉

အခန်း (၁၀) ။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်လောင်းမြို့နယ်ရှိ အထက်ပေါင်း
လောင်းဆည် ၅၃

၁၁း၃ အခန်း (၁၁) ။ မွန်ပြည်နယ်၊ ကတိုက်ဆည် စီမံကိန်း ၅၈

၁၁း၄ အခန်း (၁၂) ။ ကချင်ပြည်နယ်၊ မြစ်ဆုံဆည် ၆၁

၁၁း၅ အခန်း (၁၃) ။ ချင်းပြည်နယ်၊ တီးတိန်– ရိဒ်လမ်း ၆၈

၁၁း၆ အခန်း (၁၄) ။ ရခိုင်ပြည်နယ်၊ စစ်တွေပင်လယ်ဆိပ်ကမ်း ၇၄

၁၁း၇ အခန်း (၁၅) ။ ကရင်နီပြည်နယ်၊ ဘီလပ်မြေစက်ရုံ ၇၉

၁၁း၈ အခန်း (၁၆) ။ ရခိုင်ပြည်နယ်၊ ရွှေသဘာဝဓာတ်ငွေ့ပိုက်လိုင်း ၈၃

၁၂ နိဂုံးချုပ် ၈၉

မြန်မာနိုင်ငံ၏ရေရှည်အနာဂတ်အတွက်အဓိကကျသော ပြည်သူလူထုများ၏ပါဝင်ခွင့်

၁၃ နောက်ဆက်တွဲများ ၈၉

၁၃း၁ နောက်ဆက်တွဲ (က)။ အစီရင်ခံစာပြုစုရာ၌ ကျင့်သုံးသောနည်းစနစ် ၈၉

၁၃း၂ နောက်ဆက်တွဲ (ခ)။ သရုပ်ဖော်ကိန်းဂဏန်းများ ၉၁

၁၃း၃ နောက်ဆက်တွဲ (ဂ)။ မေးခွန်းများ ၉၁

# အစီရင်ခံစာ အကျဉ်းချုပ်

*ဆုံးဖြတ်ချက် ချမှတ်သူတဦးက ဖွံ့ဖြိုးရေးစီမံကိန်းတခုကို စတင်အကောင်အထည်မဖော်မီအထိ ယခုစစ်တမ်းကောက်ယူခြင်းခံရသူများ၏ ၉၀% နီးပါးသည် စီမံကိန်းအကြောင်းနှင့်ပတ်သက်၍ မည်သည့်သတင်းအချက်အလက်မျှ မရရှိခဲ့ကြချေ။ စစ်တမ်းကောက်နယ်မြေ (၂)ခု မှလွဲ၍ တဦးတလေမျှကိုပင် သတင်းအချက်အလက်များ ပေးခြင်းမရှိချေ။*

မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးရေးစီမံကိန်းများ၏တိုက်ရိုက်အားဖြင့် ဒဏ်သင့်ခံရသော လူမျိုးစုတိုင်းရင်းသားများအား သိရှိနားလည်မှုဖြင့် ကြိုတင်၍လွတ်လပ်စွာပေးသော သဘောတူခွင့်ပြုချက် (Free Prior and Informed Consent – FPIC) ဆိုင်ရာအခွင့်အရေးကို တမင်သက်သက်မပေးဘဲထားကြောင်း ဤအစီရင်ခံစာက စာရွက်စာတမ်းအထောက်အထားများ တင်ပြထားပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းနှင့်ဆက်နွယ်သော လူ့အခွင့်အရေးချိုးဖောက်မှုများ၊ မတော်မတရားမှုများကို ကောင်းစွာမှတ်တမ်းပြုထားသည်များရှိခဲ့သော်လည်း မြန်မာနိုင်ငံမှာ ပြည်သူများ၏ ပါဝင်မှုဆိုင်ရာအခွင့်အရေးကို မပေးဘဲထားမှုများ အံ့မခန်း ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေပုံနှင့်ပတ်သက်၍ အလေးထားဖော်ပြသော အစီရင်ခံစာဟူ၍ တစောင်တလေမျှပင် မရှိသေးချေ။

လူမျိုးစု (၁၀)စုနှင့် ဖွံ့ဖြိုးရေးစီမံကိန်း(၉)ခုရှိသော ပြည်နယ် (၇)ခုနှင့် တိုင်းဒေသကြီး (၁)ခုအတွင်း တွေ့ဆုံမေးမြန်းမှုပေါင်း (၂၁၆)ခု အပေါ်အခြေခံထားသည့် ဤအစီရင်ခံစာပါ အချက်အလက်များသည် စီမံကိန်းအာဏာပိုင်များတို့၏ (ဖြစ်နေကျ) အနိုင်ကျင့်ခြိမ်းခြောက်မှုများ၊ စီမံကိန်းနှင့်ဆိုင်သော သတင်းအချက်အလက်များကို တင်းတင်းကျပ်ကျပ် ဖုံးဖိထားမှုများ၊ ဖွံ့ဖြိုးရေးစီမံကိန်းများသည် မိမိတို့၏ ဘဝများကို ကောင်းကျိုးပေးလိမ့်မည် မဟုတ်ဟူသော စီမံကိန်းဒဏ်သင့်ကျေးရွာများ ထင်မြင်ချက်များကို ဖော်ပြနေပါသည်။ စစ်တမ်းကောက်ယူမှု၏ ရလဒ်များအရ စီမံကိန်းအကြောင်း သတင်းအချက်အလက်များကို လူမျိုးစုများ ဆက်လက်မစုံစမ်းရဲအောင် စနစ်တကျ အနိုင်ကျင့်ခြိမ်းခြောက်ထားပြီး၊ ထိုလူမျိုးစုတို့၏ အသက်မွေးဝမ်းကျောင်းမှုအပေါ် တိုက်ရိုက်အကျိုးသက်ရောက်နိုင်သော ဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ မသိရှိအောင် လုံးဝအမှောင်ချထားလေ့ရှိရာ မြန်မာနိုင်ငံ၏ခက်ထန်တင်းမာသောရုပ်သွင်ကိုရေးခြယ်ပြနေပါသည်။ ဤလေ့လာတွေ့ရှိချက်များက ညွှန်ပြနေသည်မှာ မြန်မာနိုင်ငံ၏လူမျိုးပေါင်းစုံတို့တွင် ကောင်းစွာကြိုတင် အသိပေးထားသော ဒေသခံတိုင်းရင်းသားပြည်သူများ၏ လွတ်လပ်သောဆန္ဒဖြင့် ထုတ်ဖော်ပြောကြားသည့် သဘောတူညီချက်မရှိပါက ဖွံ့ဖြိုးရေးလုပ်ငန်း၏ အကျိုးကျေးဇူးများကို မခံစား မရရှိနိုင်ဟူ၍ ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ကောင်းစွာကြိုတင်အသိပေးထားသော ဒေသခံတိုင်းရင်းသားပြည်သူများ၏ လွတ်လပ်သောဆန္ဒဖြင့် ထုတ်ဖော်ပြောကြားသည့် သဘောတူညီချက် (Free Prior and Informed Consent–FPIC) ဆိုင်ရာအခွင့်အရေးကို ရှင်းလင်းပြတ်သားစွာ ထည့်သွင်းပြဋ္ဌာန်းထားသော ဌာနေတိုင်းရင်းသားပြည်သူများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း (UN Declaration on the Rights of Indigenous People's-UNDRIP)မှာ သဘောတူလက်မှတ်ရေးထိုးခဲ့သော်လည်း

မိမိအပေါ်အကျိုးသက်ရောက်နိုင်သော ဆုံးဖြတ်ချက်များချရာ၌ လူတဦးချင်း၏ ပါဝင်ခွင့်ကို ထည့်သွင်းပြဋ္ဌာန်းထားသော နိုင်ငံတော်အဆင့်အမျိုးသားဥပဒေဟူ၍ မြန်မာနိုင်ငံတွင် မရှိသေးချေ။ ဒဏ်သင့်ခံရသူ တဦးချင်းပုဂ္ဂိုလ်များအပေါ် (UNDRIP)၏ အကျိုးသက်ရောက်မှုများ အမှန်တကယ် ရှိစေလိုပါက ပြည်တွင်းဥပဒေတွင် (FPIC)ဆိုင်ရာအခွင့်အရေးကို ထည့်သွင်းပြဋ္ဌာန်းပေးရန် မရှိမဖြစ်လိုအပ်ပါသည်။ ထို့အပြင် ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ထက်ချပ်ပါလာလေ့ရှိသော (မြေသိမ်းယူခြင်းကဲ့သို့သော)မတော်မတရားမှုများကို ကျူးလွန်ရာ၌ မြန်မာနိုင်ငံသည် မိမိ၏ ပြည်တွင်းဥပဒေများကိုသာမက ဒေသတွင်းနှင့် နိုင်ငံတကာတာဝန်ဝတ္တရားများကိုပါ တိုက်ရိုက် ချိုးဖောက်ရာရောက်ပါသည်။ တိုးတိုးတိတ်တိတ်လုပ်ပြီး အများပါဝင်ခွင့်မရသော ဖွံ့ဖြိုးရေးစီမံကိန်းများသည် နယ်မြေလူထုအပေါ် ကြီးလေးသော မတော်မတရားပြုမှုများ ဖြစ်ပွားစေလေ့ရှိကြောင်း၊ ထိုစီမံကိန်းများအား မိမိ၏ လုပ်ဆောင်ချက်အပေါ် မိမိကိုယ်တိုင်ကြီးကြပ်ခွင့်ပေးရန် ယုံစား၍မရကြောင်း ဤအစီရင်ခံစာက လေ့လာတွေ့ရှိထားပါသည်။ ဤကြီးလေးသော မတော်မတရားမှုများကို ဟန့်တားရန်အလို့ငှာ ဖွံ့ဖြိုးရေးစီမံကိန်းများဆိုင်ရာ ဒေသတွင်းနှင့် နိုင်ငံတကာစောင့်ကြည့်ကြီးကြပ်မှု မရှိမဖြစ်လိုအပ်ပါသည်။ အစီရင်ခံစာက ပြည်တွင်းဥပဒေများတွင် ကောင်းစွာကြိုတင်အသိပေးထားသော ဒေသခံတိုင်းရင်းသားပြည်သူများ၏ လွတ်လပ်သော ဆန္ဒဖြင့် ထုတ်ဖော်ပြောကြားသည့် သဘောတူညီချက် (Free Prior and Informed Consent – FPIC) ဆိုင်ရာအခွင့်အရေးကို အမြန်ထည့်သွင်းပြဋ္ဌာန်းပေးပါရန် မြန်မာနိုင်ငံအားတိုက်တွန်းထားပါသည်။

မြန်မာနိုင်ငံတဝှမ်းရှိ လူမျိုးစုနယ်မြေဒေသများတွင် လူထုပါဝင်ခွင့်များကို လေးစားလိုက်နာမှုရှိခြင်း သို့မဟုတ် ထိုလေးစားလိုက်နာမှုမရှိခြင်းတို့ကို တိကျစွာသရုပ်ဖော်ပြနိုင်ရေးအတွက် ကိန်းဂဏန်းများ တိကျခိုင်မာအောင် ကြိုးစွာဂရုထားခဲ့ရပါသည်။ ဤအစီရင်ခံစာမှာ ဖော်ပြထားသော လေ့လာတွေ့ရှိချက်များသည် အခြေခံအဆောက်အဦဆိုင်ရာနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာစီမံကိန်းများ၏ ဒဏ်သင့်ခြင်းခံရသောမြန်မာနိုင်ငံတဝှမ်းရှိလူမျိုးစုများ၏ကျေးလက်ဒေသများ(လုံခြုံမှုကောင်းကောင်းမရရှိသောဒေသများ) အားလုံးတွင်မှန်ကန်နေကြောင်း (ယုံကြည်မှုအဆင့် ၉၅%) (Confidence level 95%) ကျွန်ုပ်တို့ပြောနိုင်ပါသည်။[၁]

ကျွန်ုပ်တို့၏ လေ့လာချက်က အောက်ပါတို့ကို ဖော်ပြထားပါသည်။

- ဆုံးဖြတ်ချက်ချမှတ်သူ အာဏာပိုင်တဦးက ဖွံ့ဖြိုးရေးစီမံကိန်းကို စတင်အကောင်အထည် မဖော်မီအထိ စစ်တမ်းကောက်ယူခြင်းခံသူများ၏ ၉၀% နီးပါးသည် စီမံကိန်းအကြောင်းနှင့်ပတ်သက်၍ မည်သည့်သတင်းအချက်အလက်မျှ မရရှိခဲ့ကြချေ။ စစ်တမ်းကောက်နယ်မြေ (၂)ခု မှလွဲ၍ တဦးတလေမျှကိုပင် သတင်းအချက်အလက်များပေးခြင်းမရှိချေ။
- စစ်တမ်းကောက်ယူခြင်းခံရသော လူဦးရေအားလုံး၏ ၈၀ % ခန့်သည် စီမံကိန်းအကြောင်း

---

၁၊ ကျပန်းနမူနာယူ၍ စစ်တမ်းကောက်ယူလေ့လာမှုပြု၍ ဖြစ်ရပ် ၂၆၁ ခုကို မေးမြန်းခဲ့ပါသည်။ သို့အတွက်ကြောင့် ယခုအစီရင်ခံစာတွင် ဖော်ပြထားသည့် သုတေသနပြုမှုနည်းနာအရ ယခုဒေတာအချက်အလက်များသည် အခြေခံအဆောက်အဦနှင့် စက်မှုဖွံ့ဖြိုးရေး စီမံချက် လုပ်ငန်းများ ဆောင်ရွက်ရာ ဒေသအားလုံးတွင် (ကျေးလက်၊ လုံခြုံမှု မရှိသည့် နေရာများ) အပါအဝင်၊ ယုံကြည်နိုင်မှု အဆင့်အတန်း (confidence interval 6.07 at confidence level 95%) ရှိနေကြောင်း ခိုင်လုံစွာ ဖော်ပြနိုင်ပါသည်။

သတင်းအချက်အလက်များရရှိရေးအတွက် မည်သူနှင့်ဆက်သွယ်ရမည်၊ မည်သည့်နေရာသို့သွားရောက်ရမည် ဆိုသည်တို့ကို မသိရှိကြချေ။ စစ်တမ်းကောက်နယ်မြေ (၃)ခု၌ ဤသို့မသိသူများသည် ၁၀၀% အထိပင်ရှိသည်။

- နယ်မြေခံလူထုတက်ရောက်နိုင်သောနေရာမှာ စီမံကိန်းဆုံးဖြတ်သူက လူထုစည်းဝေးပွဲကျင်းပပေးသည်ဟု ပြောသူသည် ၁ % မပြည့်တတ်ချေ။
- စစ်တမ်းကောက်သော နမူနာစံကွက်ရှိ လူဦးရေစုစုပေါင်းအနက် စီမံကိန်းအကြောင်းသတင်းအချက်အလက်များကို စုံစမ်းလေ့လာလျှင် ဒဏ်ခတ်ခံရမည်မဟုတ်ဟု ထင်သူဦးရေသည် ၂% ထက်နည်းသည်။
- စီမံကိန်းအကြောင်း သတင်းအချက်အလက်များကို ဆက်လက်စုံစမ်းလျှင် ဘေးမကင်းဟု ထင်သူဦးရေသည် လူဦးရေ၏ ထက်ဝက်နီးပါးခန့် (၄၄.၁ %) ရှိပြီး၊ ဘေးကင်းသလား၊ဘေးမကင်းသလားဟူ၍ မသိသူဦးရေကမူ ၄၅.၂ % ရှိသည်။
- ဖွံ့ဖြိုးရေးစီမံကိန်းမှနေ၍ ကောင်းကျိုးသက်ရောက်မှုများကို ခံစားရသူဦးရေသည် လူဦးရေစုစုပေါင်း၏ ၁ % မပြည့်ချေ။

ဤအစီရင်ခံစာသည် ပါဝင်ခွင့်မပေးဘဲထားရာ၌ ဖြစ်ပွားဖွယ်ရှိသော အကျိုးဆက်များနှင့်ပတ်သက်၍ သတိပေးချက်တရပ်ဖြစ်သည့်အပြင် ရင်းနှီးမြှုပ်နှံမည့်သူများအား ၎င်းတို့တွင် မည်သို့သော လူ့အခွင့်အရေးဆိုင်ရာ တာဝန်ဝတ္တရားများရှိသည်ကို သတိပေးခြင်းလည်းဖြစ်သည်။

စစ်တမ်းကောက်လေ့လာခြင်းခံရသော ဖွံ့ဖြိုးရေးစီမံကိန်းမှန်သမျှကြောင့် လူ့အခွင့်အရေးချိုးဖောက်မှုများ တစုံတရာရှိခဲ့သည်ချည်းပင်ဖြစ်သည်။ ချင်းအမျိုးသားကျေးရွာသားတို့သည် အိန္ဒိယနိုင်ငံက ငွေကြေးစိုက်ထုတ်ပေးသော လမ်းတလမ်း၏အစိတ်အပိုင်းတခုကို မဖောက်မနေရ ဖောက်လုပ်ပေးခဲ့ရသည့်အပြင် ဖောက်လုပ်သော လမ်း၏အချို့အစိတ်အပိုင်းများအတွက်လည်း ငွေကြေးပေးဆောင်ကြရသေးသည်။ ဥပဒေမဲ့အခွန်ကောက်ခြင်း၊ မူလအရပ်ဒေသမှ အတင်းအဓမ္မနှင်ထုတ်ခံရခြင်း၊ မြေသိမ်းယူခံရခြင်းတို့သည် ယနေ့အထိလုပ်နေသော ဖွံ့ဖြိုးရေးလုပ်ငန်းနှင့်ပတ်သက်သည့် အဖြစ်အများဆုံး မတော်မတရားမှုများဖြစ်သည်။

မြန်မာ့တပ်မတော်မှစီမံကိန်းလုံခြုံရေးတပ်ဖွဲ့များသည်သာ လူမျိုးစုများအပေါ် လူအခွင့်အရေးချိုးဖောက်မှုများအတွက် တာဝန်ရှိသည်မဟုတ်ချေ။ နိုင်ငံစုံကုမ္ပဏီများဖြစ်စေ၊ အစိုးရပိုင်ကုမ္ပဏီများဖြစ်စေ၊ ပုဂ္ဂလိကပိုင်ကုမ္ပဏီများဖြစ်စေ ကုမ္ပဏီမှန်သမျှသည် မိမိတို့လုပ်ငန်းလုပ်ကိုင်ရာ မည်သည့်တိုင်းပြည်မှာမဆို လူ့အခွင့်အရေးစံချိန်များကို ထိန်းသိမ်းရန်တာဝန်ရှိသည်။ ဤရည်မှန်းချက်ပေါက်မြောက်ရေးအတွက် ပထမဦးဆုံးလုပ်ရမည်မှာ ကောင်းစွာကြိုတင်အသိပေးထားသော ဒေသခံတိုင်းရင်းသားပြည်သူများ၏ လွတ်လပ်သောဆန္ဒဖြင့် ထုတ်ဖော်ပြောကြားသည့်သဘောတူညီချက် (FPIC) ဆိုင်ရာနိုင်ငံတကာစံချိန်များကို သက်ဆိုင်သူအားလုံးအား လိုက်နာစေခြင်းပင်ဖြစ်သည်။

ဤကိစ္စနှင့်ပတ်သက်၍ ဤအစီရင်ခံစာကမြန်မာနိုင်ငံအစိုးရ၊အာဆီယံ (ASEAN)အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများ (International Financial Institutions - IFIs)နှင့် နိုင်ငံတကာ အသိုက်အဝန်းတို့ကို အကြံပြုချက်များပေးထားပါသည်။ အကြံပြုတင်ပြချက်များအားလုံးသည် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့်ပါဝင်မှုဆိုင်ရာမှုများ၊ လူထုအခြေပြုအဖွဲ့အစည်းကို အခွင့်အာဏာပေးရေး စိတ်ဓာတ်၊ ထို့ပြင် လူ့အခွင့်အရေးကို အစဉ်လေးစားအသိအမှတ်ပြုခြင်းသည် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအုတ်မြစ်ဖြစ်သည်ဟူသော ယုံကြည်ချက်တို့နှင့်အညီ အကြံပြုထားခြင်းဖြစ်ပါသည်။

## စကားဦး

### အနာဂတ်အတွက် အင်အားစုအသစ်ဖြစ်သော မြန်မာနိုင်ငံ၏ လူငယ်များ

“မြန်မာနိုင်ငံက လူမျိုးစုလူငယ်တွေဟာ သူတို့နယ်မြေတွေထဲက ဖွံ့ဖြိုးရေးစီမံကိန်းတွေအကြောင်းကို မပြောရဲကြဘူး။ အလုပ်ပြုတ်မှာကို ကြောက်နေကြတယ်။ ဒီလူငယ်တွေကို သူတို့အခွင့်အရေးအကြောင်း သိအောင်အားပေးဖို့လိုပါတယ်။ ဒါမှသာ သူတို့ဟာ သူတို့လူမျိုးစုအတွက် အသံချဲ့စက်အဖြစ် ဆောင်ရွက်ပေးနိုင်ကြလိမ့်မယ်။”

တအာင်းလူငယ် တက်ကြွလှုပ်ရှားသူ[၂]

ဤအစီရင်ခံစာ၏ နောက်ကွယ်စိတ်ဓာတ်မှာ လူငယ်အဖွဲ့အစည်းများကွန်ယက်မှ ယုံကြည်ချက်ဖြစ်သည့် အညွန့်တလူလူဖြာဝေနေသော လူငယ်ထုသည် မြန်မာနိုင်ငံ၏တန်ဖိုးအရှိဆုံးသော အရင်းအမြစ်သစ်များဖြစ်သည်ဟူသော အမြင်ကို အခြေခံပါသည်။ ဆိုးကျိုးပေးဖွယ်ရှိသော ဖွံ့ဖြိုးရေးစီမံကိန်းများ၏ ဆုံးဖြတ်ချက်ချရာ အခန်းကဏ္ဍများတွင် ဘေးဖယ်ထားခြင်းနှင့် နှုတ်ပိတ်ခြင်းခံရစရာရှိနိုင်သည့် လူမျိုးစုလူငယ်များ၏ပြဿနာများ၊ လိုအပ်ချက်များကို မှတ်တမ်းပြုခြင်းအားဖြင့် မြန်မာနိုင်ငံရှိ နှုတ်ဆိတ်နေရသူများကို ပြောဆိုခွင့်ပေးရန် ကျွန်ုပ်တို့မျှော်လင့်ထားပါသည်။



မြန်မာနိုင်ငံ၏လူငယ်တို့သည် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုအတွက် လမ်းခင်းပေးရာ၌ အရေးပါသော အခန်းကဏ္ဍမှာရှိနေကြောင်း ပြသခဲ့ကြပြီးဖြစ်ပါသည်။ ၁၉၈၈ ခုနှစ်က လမ်းပေါ်သို့ပြုံဆင်းလာကြပြီး စစ်တပ်အုပ်စိုးမှုအဆုံးသတ်ပေးရန် တောင်းဆိုသူများ၊ တိုင်းပြည်တဝှမ်းလုံးမှာ ယနေ့အထိဆန္ဒပြပွဲကြီးများဖြစ်ပွားလာအောင် ဖောက်ခွဲသူများ၊ ထို့ပြင် ၁၉၉၀ ခုလွန်နှစ်များ အတွင်းကလည်း အာဏာပိုင်တို့၏ ရက်ရက်စက်စက်လုပ်ရပ်များကိုရှုတ်ချပြီး၊ လူ့

၂။ ယခု ဖယ်ကျဉ်ခံထားရခြင်း အစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းမှုမှ

အခွင့်အရေးအတွက် ရှေ့ဆောင်တင်ပြခဲ့သူများသည် လူငယ်များပင်ဖြစ်ပါသည်။ မည်သည့်အမျိုးသား နိုင်ငံရေးလုပ်ငန်းမဆို လူငယ်တို့၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးရမည်ဟုလည်း လူငယ်တို့က မိမိတို့၏လုပ်ဆောင်ချက်များ အတိအလင်းထုတ်ဖော်မှုများဖြင့် ပြသခဲ့ပြီးဖြစ်ပါသည်။

ဆိုးသည်ကား အဆက်ဆက်အစိုးရတို့က မြန်မာနိုင်ငံရှိလူငယ်များ အထူးသဖြင့်လူမျိုးစုများနှင့် ကျေးလက်ဒေသများမှ လူငယ်များ၏ ကောင်းစားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို တမင်သက်သက် လျစ်လျူရှုထားခဲ့ကြခြင်းပင် ဖြစ်ပါသည်။ ဖွံ့ဖြိုးရေးစီမံကိန်းများမှနေ၍ ရရှိသောအကျိုးအမြတ်များဖြင့် လူမှုရေးအသုံးစားရိတ်မှာ တိုး၍ရင်းနှီးမြှုပ်နှံခြင်းမပြုဘဲ နိုင်ငံ၏ရသုံးခန့်မှန်းငွေစာရင်း(ဘတ်ဂျက်)၏၃%ကိုသာ ပညာရေးအတွက် ခွဲဝေသတ်မှတ်ပေးခဲ့သည်။ ဤပညာရေးအသုံးစားရိတ်ပမာဏသည် ကမ္ဘာပေါ်တွင် အနိမ့်ဆုံးပမာဏတခုဖြစ်ပြီး ဒေသတွင်းစံချိန်နှင့် နှိုင်းယှဉ်လျှင်ပင် နိမ့်နေသေးသည်။[၃] ဘတ်ဂျက်၏မဖြစ်စလောက်၂%မျှကိုသာ ကျန်းမာရေးစောင့်ရှောက်မှုအတွက် သတ်မှတ်ပေးခဲ့ရာ အသက် (၅) နှစ်အောက် ကလေးသူငယ်များ၏ ၃၀%ခန့်သည် နာတာရှည်အာဟာရချို့တဲ့မှုရောဂါကြောင့် ကိုယ်အလေးချိန် မပြည့်ဘဲရှိနေကြသည်။[၄] အာရှတိုက်၏ ကျန်းမာရေးအဆင့်အတန်း အနိမ့်ဆုံး တိုင်းပြည်တပြည်ဖြစ်သော မြန်မာနိုင်ငံမှာ လူမျိုးစုဒေသများ၏ ကျန်းမာရေးအဆင့်အတန်းက ပို၍ပင် နိမ့်ကျနေပါသေးသည်။ လူမျိုးစုလူငယ်များ၏ ၃၂%သာလျှင် ရောဂါကာကွယ်ဆေး အစုံအလင်ထိုးနှံပေးခြင်း ခံကြရသည်။[၅]

တနေ့လျှင် တစ်ဒေါ်လာထက်နည်းသော အသုံးစားရိတ်ဖြင့် အသက်ရှင်နေရသူများ၏ စားဝတ်နေရေး မြှင့်တင်ပေးရန် သုံးစွဲရမည့် အစိုးရဘဏ္ဍာငွေကို စစ်တပ် (ဖွံ့ဖြိုးရေးစီမံကိန်းများအနီးအနားမှာ နေထိုင်နေကြသောလူမျိုးစုများအား  မတော်မတရားလုပ်ခြင်း၊ ခြိမ်းခြောက်ခြင်းပြုနေသော စီမံကိန်းလုံခြုံရေးတပ်များကို မွေးထုတ်ပေးရာနေရာဌာန) အင်အားကြီးထွားစေရေးအတွက် သုံးစွဲနေပါသည်။ စီမံကိန်း ဒဏ်သင့်ခံရသော လူငယ်တဦးက “သူတို့ကသေနတ်တကားကားနဲ့ဆိုတော့ သူတို့နားကို ကျနော်တို့ မကပ်ရဲဘူး။ … … စီမံကိန်းလုပ်ငန်းအတွက် စစ်သားတွေနဲ့ အတူတူလာတဲ့လူတွေကိုလည်း ကျနော်တို့ တကယ်မုန်းတီးတယ်။”[၆]ဟုပြောပြခဲ့ဖူးသည်။ မြန်မာနိုင်ငံအတွက် ပြည်ပအန္တရာယ်ခြိမ်းခြောက်မှု မရှိပါဘဲလျှက် စစ်တပ်အတွက် ဘတ်ဂျက်၏ (၄)ပုံ (၁)ပုံနီးပါး အသုံးစားရိတ်သတ်မှတ်ပေးထားသည်။ အကျိုးဆက်ကား အစိုးရထောက်ပံ့သော စာသင်ကျောင်းများနှင့် ဆေးရုံများ အကြီးအကျယ်ယိုယွင်းပျက်စီးနေကြပြီး နဂိုကတည်းက ဆင်းရဲနွမ်းပါးနေကြရှာသော ပြည်သူများအဖို့ ကျန်းမာရေးနှင့်ပညာရေး လုပ်ငန်းများကို မိမိတို့စားရိတ်ဖြင့်စိုက်ထုတ်၍ လုပ်ကြရခြင်းပင်ဖြစ်သည်။

---

၃။ “U.S. policy toward Burma,” testimony before the Senate Committee on Foreign Relations Subcommittee on East Asian and Pacific Affairs, U.S. State Department, by Joe Yun, Principal Deputy Assistant Secretary, Bureau of East Asian and Pacific Affairs, 26 April 2012

၄။ “The World Factbook: Burma,” Central Intelligence Agency, 20 June 2012

၅။ “Burma Operational Plan: Gender Annex,” UK Aid, Department for International Development, 2011, p.2

၆။ ယခု ဖယ်ကျဉ်ခံထားရခြင်း အစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းမှုမှ

ပြည်တွင်းမှာ ပညာရေးနှင့် အလုပ်အကိုင်ရရှိရေး အခွင့်အလမ်းများ ခေါင်းပါးမှုကြောင့် လူမျိုးစုလူငယ်များအဖို့ မသင့်တော် မရေရာသောအခြေအနေသို့ ရောက်ကြရလေသည်။ ကလေးစစ်သားစုဆောင်းမှုကို ကမ္ဘာပေါ်မှာ အဆိုးရွားဆုံးကျူးလွန်သော နိုင်ငံတနိုင်ငံအဖြစ် ကာလအတော်ကြာကတည်းက လက်ညှိုးအထိုးခံခဲ့ရသော မြန်မာနိုင်ငံမှာ (၂၀၁၁)ခုနှစ်က စစ်တပ်အုပ်စိုးမှုကို တရားဝင်ဖျက်သိမ်းပြီး နောက်မှာပင် ဤကိစ္စနှင့်ပတ်သက်၍ အကောင်းဘက်သို့ပြောင်းလဲမှု မရှိသေးချေ။ (၂၀၁၂) ခုနှစ်၏ ပထမ (၃)လပိုင်းအတွင်းမှာ ကလေး (၂၄)ဦးကို စစ်တပ်ထဲသို့ သွတ်သွင်းခဲ့သည်ဟု ကုလသမဂ္ဂက အတည်ပြုဖော်ပြခဲ့သည်။ ကလေးစစ်သားစုဆောင်းမှုနှုန်းသည် သီတင်းပတ် (၁)ပတ်မှာ (၂) ယောက်နှုန်းဖြစ်သည်။

မိသားစုကို ထောက်ပံ့ရေးအတွက် အနီးအနားမြို့များ သို့မဟုတ် မြို့ကြီးများသို့ အလုပ်ရှာသွားကြသော ကလေးများအဖို့ အတင်းအဓမ္မလုပ်အားစေခိုင်းခြင်း၊ ပေါ်တာဆွဲခြင်း၊ လူကုန်ကူးခြင်းတို့ကို ခံရဖွယ်ရှိသည်။ ဤသို့ဆိုလိုက်ခြင်းသည် လွန်ရာမကျပါ။ အကြောင်းမှာ အဆိုးရွားဆုံးသဏ္ဌာန်ဖြင့် ဖြစ်ပွားနေသော ကလေးလုပ်အားခိုင်းစေမှုသည် မြန်မာနိုင်ငံအနှံ့မှာ ရှိနေသောကြောင့် ဖြစ်ပါသည်။ ကလေးသူငယ်များသည် စီးပွားရေးအခြေအနေကောင်းကို ရှာကြံရန်အလို့ငှာ အိမ်နီးချင်းနိုင်ငံများသို့ သွားလေ့ရှိကြသည်။ နယ်စပ်ဖြတ်ကျော်သွားရောက်သူအများစုသည် ကျောင်းနေဖူးရုံဆိုရုံမျှသာရှိသော သို့မဟုတ် ကျောင်းမနေဖူးသူများဖြစ်သော ကျေးလက်တောရွာများမှ လူငယ်များဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ လေ့လာချက်တစောင်ကဆိုပါသည်။[၇]

လူငယ်တို့၏မျှော်လင့်ချက် ရေရေရာရာမရှိခဲ့သော ရေရှည်ပြဿနာသည် တကမ္ဘာလုံးဆောင်ရွက်ပေးမှုနှင့် အာရုံစိုက်မှုကို မရှိမဖြစ်လိုအပ်နေသော ပြဿနာဖြစ်သည်။ မြန်မာနိုင်ငံတွင် ကြောက်ခမန်းလိလိ ၉၀% မျှသော လူငယ်များသည် အလုပ်လက်မဲ့ဖြစ်နေကြသည်။ တနေ့တခြားကြီးထွားလာနေသော အလုပ်လက်မဲ့နှုန်းကို အောင်ဆန်းစုကြည်က မြန်မာနိုင်ငံ၏ အနာဂတ်ကို ခြိမ်းခြောက်နေသော "ချိန်ကိုက်ဗုံး"အဖြစ် ရည်ညွှန်းပြောဆိုခဲ့သည်။[၈] မိမိတို့၏ အနာဂတ်အလားအလာကိုလည်းမသိ အောင်မြင်ရေးလမ်းစလည်း မရရှိသောကြောင့် စိတ်လေပြီး မျှော်လင့်ချက်မဲ့သူ လူငယ်တို့သည် မူးယစ်ဆေးဝါး၊ ရာဇဝတ်မှု၊ လောင်းကစားတို့ဘက်သို့ လှည့်သွားတတ်ကြသည်။ ကချင်ပြည်နယ်၌ အသက် (၁၄–၂၅)နှစ်အရွယ်လူငယ်များထဲမှာ တရားမဝင်မူးယစ်ဆေးဝါးသုံးစွဲမှုသည် တိုးလာနေလျှက်ရှိပြီး ဤသို့မူးယစ်ဆေးဝါးသုံးစွဲမှုတိုးလာရခြင်းသည် အဓိကအားဖြင့် အလုပ်လက်မဲ့ဖြစ်ပွားမှုနှုန်း ကြီးထွားလာခြင်းကြောင့်ဖြစ်သည်ဟု ကချင်မူးယစ်ဆေးဝါးစောင့်ကြည့်ရေးအဖွဲ့ (Kachin Drug Watch-KDW) ၏ အစီရင်ခံစာတစောင်ကဆိုပါသည်။ လူငယ်များ မူးယစ်ဆေးဝါးဘက်သို့ လှည့်သွားရခြင်းမှာ မျှော်လင့်ချက်မဲ့သော စိတ်ခံစားမှုကြောင့်ဖြစ်ကြောင်း ထို(KDW)၏ အစီရင်ခံစာက ဤသို့ဆိုပါသည်။ "လူငယ်တို့သည် မိမိတို့မှာ အနာဂတ်ရည်မှန်းချက်ပေါက်မြောက်ရေး အခွင့်အလမ်းများမရှိဟု ခံစားနေကြရသည်။"[၉]

---

၇။ "Fact Sheet: Myanmar and Adolescent Health," World Health Organization, January 2007

၈။ "Myanmar Dissident Cautions Perspective Investors," NY Times, 2 June 2012

၉။ "Getting Higher: Number of Kachin Youth Using Illegal Drugs is Rising," Kachin News, 24 August 2009

နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးရေးစီမံကိန်းတို့သည် ဤသို့သော ရေရှည်အလုပ်လက်မဲ့ဖြစ်ပွားမှုပြဿနာ အဆုံးသတ်ရေးနှင့် သည့်ထက်ပင်ပို၍ အရေးကြီးသော လူငယ်တို့အား မျှော်မှန်းစရာ အနာဂတ်ကိုပေးရေးတို့အတွက် အကျိုးပြုနိုင်စွမ်းရှိပါသည်။ ဖွံ့ဖြိုးရေးစီမံကိန်းများကို အသက်မွေးဝမ်းကျောင်းပညာသင်တန်းများနှင့် ဆက်စပ်ပေးခြင်း၊ ပညာသင်ကြားရေးအခွင့်အလမ်းများဖန်တီးပေးခြင်း၊ နိုင်ငံခြားမှဝန်ထမ်းများကို ခေါ်ယူလာခြင်းထက် နယ်မြေခံလူငယ်များကို ဦးစားပေး၍အလုပ်ခန့်ထားခြင်းတို့အားဖြင့် အကျိုးပြုနိုင်ပါသည်။ ပါဝင်ခွင့်အကြောင်းနှင့်ပတ်သက်၍ လူအများသိရှိအောင် ပညာပေးခြင်းအားဖြင့် အကောင်အထည်ဖော်မည့် ဖွံ့ဖြိုးရေးစီမံကိန်းများမှရသော ဝင်ငွေဖြင့် နယ်မြေခံလူထုအတွက် မည်သို့အကောင်းဆုံးဖြစ်အောင် အကျိုးပြုနိုင်ပုံ (စာသင်ကျောင်းတကျောင်းဆောက်လုပ်ပေးသည်ဖြစ်စေ၊ နည်းပညာသင်တန်းကျောင်းတကျောင်း တည်ထောင်ပေးသည်ဖြစ်စေ) ကို သက်ဆိုင်ရာ စီမံကိန်းမှပုဂ္ဂိုလ်များနှင့် အစိုးရအာဏာပိုင်များ သိအောင်လုပ်ပေးနိုင်ပါသည်။

လူငယ်များကိုအခွင့်အာဏာပေးအပ်ခြင်းသည် ကျင့်ဝတ်အရလိုအပ်သည်သာမက နိုင်ငံရေးနှင့်စီးပွားရေးအရလည်း လိုအပ်ပါသည်။ မြန်မာနိုင်ငံမှာ အသက် (၁၅)နှစ်အောက် လူငယ်များသည် လူဦးရေစုစုပေါင်း၏ ၃၀ % နီးပါးရှိရာ[၁၀] တိုင်းပြည်သည် နုပျိုသောလူဦးရေရှိရာ တိုင်းပြည်တပြည်အဖြစ်သို့ရောက်လုနီးနီးဖြစ်ဖြစ်နေပါသည်။ ဤလူငယ်တို့သည် တနေ့တွင် ရှေ့သို့ တိုင်းပြည်တက်လှမ်းရေးအတွက် တာဝန်ယူကြရလိမ့်မည်ဖြစ်ရာ သူတို့ကိုစွမ်းဆောင်ရည်ဖြည့်ဆည်းပေးရာ၌ အကောင်းဆုံးသော နည်းလမ်းကား ပညာရေးအခွင့်အလမ်းများပေးခြင်းနှင့် စွမ်းရည်တည်ဆောက်ပေးခြင်းပင်ဖြစ်ပါသည်။ သို့မှသာ အနာဂတ်မြန်မာနိုင်ငံကို ထိရောက်မှုရှိစွာနှင့် စုပေါင်းညီညာစွာ စီမံအုပ်ချုပ်နိုင်ကြမည်ဖြစ်ပါသည်။

## အကြံပြုတင်ပြချက်များ

မြန်မာနိုင်ငံ၏ လူမျိုးစုတိုင်းရင်းသားလူငယ်များဖြစ်သော ကျွန်ုပ်တို့အနေနှင့် အောက်ပါအချက်များကို အကြံပြုတင်ပြပါသည်။ မြန်မာနိုင်ငံမှာ ပြည်သူအများ ပါဝင်ခွင့်လည်းရ၊ ရေရှည်လည်းတည်တံ့နိုင်သော ဖွံ့ဖြိုးရေးအတွက် အခြေခံအုတ်မြစ်ချရေးတည်းဟူသော အမြင့်ဆုံးရည်မှန်းချက်ဖြင့် ပြည်သူများပါဝင်ခွင့်ကို တိုး၍ ကျင့်သုံးလာပြီး၊ ဖွံ့ဖြိုးရေးအကျိုးအမြတ်များကို ပါဝင်ပတ်သက်သူများအားလုံးအား အထူးသဖြင့်လူမျိုးစုနယ်မြေဒေသများရှိ ထိခိုက်နစ်နာခံရသော နယ်မြေသူ၊ နယ်မြေသားများအား မျှဝေပေးလိမ့်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။

အောက်ပါပစ်မှတ်အသီးသီးကို တမူထူးခြားစွာ သတ်မှတ်ပေးထားခြင်းသည် လူမျိုးစုတိုင်းရင်းသားများ၏ နယ်မြေဒေသများတွင် မှန်မှန်ကန်ကန်ဆွေးနွေးတိုင်ပင်ရေးလုပ်ငန်းကို အလေးထားလုပ်ဆောင်စေရေးအတွက်ဖြစ်ပါသည်။ သာဓကအားဖြင့်ဆိုရလျှင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် (Myanmar National Human Rights Commission-MNHRC) အနေနှင့် မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးအားလုံးကို ကာကွယ်စောင့်ရှောက်

---

၁၀၊ "Population under age 15 (percent) 2011," The Henry J. Kaiser Family Foundation

ပေးရန် တာဝန်ရှိပြီး လူမျိုးစုတိုင်းရင်းသားများဆိုင်ရာပြဿနာများကို အမျိုးသားမူဝါဒအစီအစဉ်ထဲမှာထည့်သွင်းခြင်းနှင့် ထိန်းသိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ အဓိကအခန်းကဏ္ဍမှာရှိနေပါသည်။ လူမျိုးစုတိုင်းရင်းသားများ၏ နိုင်ငံရေး ပါတီများအနေနှင့်မူ ထိခိုက်နစ်နာခံရသော နယ်မြေလူထုအပေါ် ဖွံ့ဖြိုးရေးစီမံကိန်းတခုခုက မလှည့်စားနိုင်အောင် ဆောင်ရွက်ပေးရန် အခွင့်အာဏာရှိပါသည်။ ဤအကြံပြုတင်ပြချက်အားလုံးသည် တကမ္ဘာလုံး သဘောတူလက်ခံ ထားသော လူ့အခွင့်အရေးစံချိန်များအတိုင်း မြန်မာနိုင်ငံလိုက်နာကျင့်သုံးရာ၌ အထောက်အကူပြုပေးရန် ရည်ရွယ်ပါသည်။

မြန်မာနိုင်ငံအစိုးရသို့ တိုက်တွန်းချက်များ

- ဌာနေတိုင်းရင်းသားပြည်သူများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ကြေညာစာတမ်း (UN Declaration on the Rights of Indigenous People's-UNDRIP)နှင့် ၎င်းနှင့်သက်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (ILO)သဘောတူညီချက်များစသည့် မြန်မာနိုင်ငံ၏ အတိအလင်းဖော်ပြထားခဲ့သော နိုင်ငံတကာ ကတိကဝတ်များကို အလေးထားသောအားဖြင့် ပြည်တွင်းဥပဒေတွင် ကောင်းစွာကြိုတင်အသိပေးထားသော ဒေသခံတိုင်းရင်းသားပြည်သူများ၏ လွတ်လပ်သောဆန္ဒဖြင့် ထုတ်ဖော်ပြောကြားသည့် သဘောတူညီချက် (Free Prior and Informed Consent – FPIC) ဆိုင်ရာအခွင့်အရေးကို ထည့်သွင်းပြဌာန်းပေးရန်။

- အဓိပ္ပါယ်ရှိစွာပါဝင်ရေး အခွင့်အရေးကို အပြည့်အဝလေးစားလိုက်နာခြင်း မရှိသေးခင်အချိန်မှာ တိုက်ပွဲဖြစ်ပွားရာ နယ်မြေဒေသများရှိ ဖွံ့ဖြိုးရေးစီမံကိန်းများကို ရပ်ဆိုင်းထားရန်နှင့် တိုက်ပွဲဖြစ်ပွားရာ နယ်မြေဒေသများမှာသော်လည်းကောင်း၊ အပစ်အခတ်ရပ်စဲရေးစေ့စပ်ဆွေးနွေးမှုများ ပျက်ပြားသွားနိုင်ဖွယ်ရှိသော နယ်မြေဒေသများမှာသော်လည်းကောင်း စီမံကိန်းအသစ်များဖော်ဆောင်ခြင်းမပြုရန်။

- ထိခိုက်နစ်နာခံရသော လူမှုအဖွဲ့အစည်းအတွက် အလှမ်းမီနိုင်သော၊ ပွင့်လင်းမြင်သာမှုရှိသော၊ သီးခြားလွတ်လပ်သော၊ ခွဲခြားဆက်ဆံမှုမရှိသော တိုင်တန်းချက်ကြားနာစစ်ဆေးရေးအစီအမံ တရပ်ကို (MNHRC)နှင့်တွဲဖက်၍အကောင်အထည်ဖော်ရန်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးအဖွဲ့အစည်းများ (International Financial Fnstitutions-IFIs)၊ အထူးသဖြင့် အာရှဖွံ့ဖြိုးရေးဘဏ်(Asian Development Bank)၊ ကမ္ဘာ့ဘဏ် (World Bank)နှင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေ အဖွဲ့ (International Monetary Fund)သို့တိုက်တွန်းချက်

- ထိခိုက်နစ်နာခံရသော လူမျိုးစုတိုင်းရင်းသားများ၊ လူထုအခြေပြုအဖွဲ့အစည်းမှ ပါဝင်ပတ်သက်သူများနှင့် အဓိပ္ပါယ်ရှိရှိထိတွေ့ဆက်ဆံမှုသည် (FPIC)ဆိုင်ရာ ပြဌာန်းချက်နှင့် ကိုက်ညီစေရန်

◦ သည့်အပြင်(IFI)၏ မြန်မာနိုင်ငံဆိုင်ရာ မဟာဗျူဟာများအနက် အရေးကြီးသော မဟာဗျူဟာများနှင့်လည်း ကိုက်ညီစေရမည်။

မြန်မာနိုင်ငံမှာလောလောဆယ်လုပ်ငန်းလုပ်နေကြသော ကုမ္ပဏီများနှင့် လုပ်ကိုင်ရန်စိုင်းပြင်းပြင်ဆင်နေကြသော ကုမ္ပဏီများသို့တိုက်တွန်းချက်

◦ မြန်မာနိုင်ငံပတ်ဝန်းကျင်ဆိုင်ရာ အလုပ်အဖွဲ့ (Burma Environment Working Group)က ရေးဆွဲသတ်မှတ်ထားသော အောက်ပါ စံချိန်သတ်မှတ်ချက်များကို ဖတ်ရှုကြည့်ရန်၊[၁၁]

o လက်ရှိရင်းနှီးမြှုပ်နှံမှုများနှင့် ရည်ရွယ်ထားသော ရင်းနှီးမြှုပ်နှံမှုများတွင် လူမှုအဖွဲ့အစည်း၏ နှစ်နာချက်များကို အပြည့်အဝ ဖြေရှင်းပေးရမည်။

o အရပ်သားအဖွဲ့အစည်းများအနေနှင့် နှိပ်ကွပ်ခြင်း သို့မဟုတ် မတော်မတရားပြုခြင်းတို့ကို ကြောက်နေစရာမလိုဘဲ မိမိတို့၏ အခန်းကဏ္ဍအတိုင်း လွတ်လပ်စွာ ဆောင်ရွက်နိုင်ရမည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်သို့ တိုက်တွန်းချက်

◦ နောက်နောင်အဖို့ ပစ်ပယ်ထားခံရခြင်း၊ အသက်ဆုံးရှုံးခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆုံးရှုံးခြင်းတို့ မဖြစ်ပွားရလေအောင် အစောတလျင်လုပ်ရမည့်လုပ်ငန်းအဖြစ် လူမျိုးစုနယ်မြေဒေသများရှိ တိုင်တန်းချက်များကို ချက်ချင်းလက်ငင်းအရေးယူ ဆောင်ရွက်ပေးရန်နှင့် လက်ရှိကာကွယ်စောင့်ရှောက်ရေး အစီအမံကို အကောင်အထည်ဖော်ရန်။

◦ လူမျိုးစုတိုင်းရင်းသားများ၏ နယ်မြေဒေသရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများကို စောင့်ကြည့်ရေးအတွက် အရပ်သားအဖွဲ့အစည်းများကို အခွင့်အာဏာပေးအပ်မည့် ရည်ရွယ်ချက်ဖြင့် အရပ်သားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန်နှင့် သီးခြားလွတ်လပ်သော အရပ်သားအဖွဲ့အစည်းများပေါ်ထွန်းလာရေးအတွက် အခွင့်သာစေသော ပတ်ဝန်းကျင်တရပ်ကို ပြုစုပျိုးထောင်ပေးရန်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးပါတီ အဖွဲ့အစည်းများသို့ တိုက်တွန်းချက်

◦ ပြည်သူများပါဝင်ခွင့်ကို လေးစားလိုက်နာမှုမရှိခြင်းကဲ့သို့သော လူထုအခြေပြုအဖွဲ့အစည်းနှစ်နာ

၁၁၊ To read the rest of the BEWG benchmarks, please refer to: “Burma Environmental Working Group Issues Benchmarks for Investment in Energy, Extractive and Land Sectors in Burma,” BEWG press release, 22 March 2012

ချက်များကို ထုတ်ဖော်ပြောကြားရန်နှင့် လွှတ်တော်သို့တင်ပြရန်။ ဤသို့ဆောင်ရွက်ခြင်းသည် နိုင်ငံသားတိုင်းမှာ “အများပြည်သူဆိုင်ရာအရေးကိစ္စများ ဆောင်ရွက်မှုတွင် တိုက်ရိုက်အားဖြင့် သော်လည်းကောင်း၊ လွတ်လပ်စွာ ရွေးကောက်တင်မြှောက်ထားသော ကိုယ်စားလှယ်များမှ တဆင့်သော်လည်းကောင်း ပြည်သူများပါဝင်ရန်”အခွင့်အရေးနှင့် အခွင့်အလမ်းများရှိရမည်ဟု ဆိုထားသော နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူညီချက်(International Covenant on Civil and Political Right-ICCPR)၏ပုဒ်မ(၂၅)[၁၂] နှင့် ကိုက်ညီပါသည်။

- သမ္မတဦးသိန်းစိန် မကြာသေးမီက လက်မှတ်ရေးထိုး အတည်ပြုထားသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကဲ့သို့သော ရင်းနှီးမြှုပ်နှံမှု သို့မဟုတ် စီးပွားရေးလုပ်ငန်းဆိုင်ရာဥပဒေများတွင် (FPIC) အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးသော ရှင်းလင်းပြတ်သားသည့်ပြဌာန်းချက်များပါရှိအောင် ဆောင်ရွက်ပေးရန်။

မြန်မာနိုင်ငံ၏ လူမျိုးစုလက်နက်ကိုင်အဖွဲ့အစည်းများသို့တိုက်တွန်းချက်

- လူမျိုးစုတိုင်းရင်းသားများ၏ နယ်မြေဒေသများမှာလုပ်ဆောင်မည့် ဖွံ့ဖြိုးရေးစီမံကိန်းများ သို့မဟုတ် မည့်သည့်လုပ်ငန်းသစ်များနှင့်မဆို သက်ဆိုင်သော (FPIC)ဆိုင်ရာ ပြဌာန်းချက်များကို စေ့စပ်ဆွေးနွေးပွဲများတွင် ထည့်သွင်းဆွေးနွေးရန်။

မြန်မာနိုင်ငံ၏နယ်မြေဒေသဆိုင်ရာ လူထုအခြေပြုအဖွဲ့အစည်းများနှင့်အရပ်သားအဖွဲ့အစည်းများသို့ တိုက်တွန်းချက်

- UNDRIP နှင့် ICCPR တို့တွင် ဖော်ပြထားသည့်အတိုင်း မိမိတို့၏ ဘဝများအပေါ် ထိခိုက်စေနိုင်သော မူဝါဒများ ကိုရေးဆွဲရာ၌ ပါဝင်ရေးဆွဲရန်တည်းဟူသော အခြေခံအခွင့်အရေးနှင့်ပတ်သက်၍ နယ်မြေလူထုအား ပညာပေးရန်။

- ထိခိုက်နစ်နာခံရသောလူထုအား ပြောဆိုခွင့်ပေးသည့် ထိရောက်အကျိုးရှိသော လူမှုအဖွဲ့အစည်းပါဝင်မှုကို အားပေးကာ ဆုံးဖြတ်ချက် ချမှတ်ခြင်းလုပ်ငန်းတွင် ပါဝင်နိုင်အောင် လူထုအား အခွင့်အာဏာပေးရန်နှင့် ပါဝင်စရာကိစ္စများတွင် တိုက်ရိုက်ပါဝင်နိုင်အောင် ဆောင်ရွက်ပေးရန်။

---

၁၂။ International Covenant on Civil and Political Rights, Office of the United Nations High Commissioner on Human Rights, adopted by UN General Assembly on 16 December 1966.

# နိဒါန်း

"ဒီတိုင်းပြည်က စစ်ပွဲဆက်ဖြစ်နေသေးတဲ့တိုင်းပြည်ပါ။ စစ်ဒဏ်သင့်နေတဲ့ တိုင်းပြည်မှာ စီးပွားရေးလုပ်ငန်းလာလုပ်မယ်ဆိုရင် လာလုပ်တဲ့လူဟာလည်း ငြိမ်းချမ်းရေးလုပ်ငန်းမှာ တာဝန်ရှိတာပေါ့။"[၁၃]

နော်မေဦး မူထရော်၊ ကရင် တက်ကြွလှုပ်ရှားသူတဦး

ဤ"အပစ်ပယ်ခံ"(Excluded)အမည်ရှိ အစီရင်ခံစာကိုထုတ်ဝေခြင်းသည် ယခင်မကြုံဖူးသောလမ်းဆုံလမ်းခွပေါ်သို့ မြန်မာနိုင်ငံရောက်နေချိန်နှင့် တိုက်ဆိုင်နေပါသည်။ အထီးကျန်ခြင်း၊ ရက်စက်ကြမ်းကြုတ်သောအာဏာရှင်စနစ်ကျင့်သုံးခြင်း၊ အပယ်ခံနိုင်ငံအဖြစ် သတ်မှတ်ခံရခြင်းတို့ ဆယ်စုနှစ်များနှင့်ချီ၍ဖြစ်ပွားခဲ့ပြီးနောက်မှာ မြန်မာနိုင်ငံသည် (၂၀၁၁)ခုနှစ်ကစ၍ အငယ်စားပြုပြင်ပြောင်းလဲမှုများကို အလျှင်အမြန်ဆက်တိုက်လုပ်ဆောင်လာခြင်းအားဖြင့် စောင့်ကြည့်လေ့လာသူများကို တအံ့တသြဖြစ်စေခဲ့သည်။ တချိတည်းနှင့် စစ်အစိုးရကိုတရားဝင်ဖျက်သိမ်းလိုက်ပြီးနောက်၊ ရွေးကောက်တင်မြှောက်ထားသော အရပ်သားအစိုးရကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ သမ္မတအမိန့်ဖြင့်နိုင်ငံရေးအကျဉ်းသားများကို (၄)သုတ်ခွဲပြီး လွှတ်ပေးလိုက်သည်။ ဒေါ်အောင်ဆန်းစုကြည်သည်လည်း ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်အမတ်တဦးဖြစ်လာခဲ့သည်။ ပဏာမငြိမ်းချမ်းရေးဆွေးနွေးပွဲများအတွက် ကမ်းလှမ်းခဲ့သည်။ ဤပြောင်းလဲမှုများကြောင့် မြန်မာနိုင်ငံကို နိုင်ငံတကာအသိုက်အဝန်းက တရားဝင်အစိုးရ အဖြစ်မြင်လာခဲ့သည်။ ဤသို့ဖြင့်စီးပွားရေး ဒဏ်ခတ်ပိတ်ဆို့မှုများ ဆိုင်းငံ့လောက်စရာနှင့် အာဆီယံအသင်း (ASEAN)၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နိုင်သော ဂုဏ်သိက္ခာရှိသည်ဟုဆုံးဖြတ်ရသည့်အခြေအနေဖြစ်လာခဲ့သည်။

ကမ္ဘာတဝှမ်းမှ စီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံတံခါးဖွင့်လိုက်ခြင်းကို အခွင့်ကောင်းယူရန် ကြိတ်ကြိတ်တိုးလျက်ရှိသည်။ (၂၀၁၁)ခုနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် မြန်မာနိုင်ငံသို့အမေရိကန်ဒေါ်လာဘီလျံ(၂၀)ကျော်ဝင်ရောက်လာခဲ့သည်။ အဓိကအားဖြင့် တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့မှဖြစ်သည်။ ဤငွေကြေးပမာဏသည်လွန်ခဲ့သောနှစ် (၂၀)အတွင်းက နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုစုစုပေါင်း၏ ပမာဏထက်ပိုပါသည်။[၁၄] အကြီးစားဖွံ့ဖြိုးရေးစီမံကိန်းများရော အသေးစားများပါ တိုင်းပြည်တဝှမ်းမှာ အံ့မခန်းမြန်နှုန်းဖြင့် မှိုပေါက်သလို ပေါ်ပေါက်လာနေလျှက်ရှိသည်။ မြန်မာနိုင်ငံသည် ရုတ်ချည်း ပေါ်ထွက်လာသော စိတ်ဝင်စားစရာ အရာကိစ္စတခုဖြစ်နေပါသည်။ ပေါ်ထွန်းစစီးပွားရေးအချက်အချာနေရာဌာန တခုအဖြစ်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံလိုသူများအတွက် ကမ္ဘာ့အရေးကြီးနေရာတခုအဖြစ်လည်းကောင်း မြန်မာနိုင်ငံကို ရည်ညွှန်းပြောဆိုနေကြသည်။

---

၁၃၊ "Myanmar: Ending the world's longest running civil war," Global Post, 5 May 2012

၁၄၊ "How not to invest in Myanmar," Brian P. Klein, Foreign Policy, 25 July 2012

ဤရင်းနှီးမြှုပ်နှံသူများသည် (တရားဥပဒေစိုးမိုးမှုမရှိသော၊ သီးခြားလွတ်လပ်သည့် တရားစီရင်ရေးစနစ်မရှိသော၊ နေရာဒေသအချို့တွင်လူသားဆန့်ကျင်ရေးရာဇဝတ်မှုများ ကျူးလွန်သည်ဟုဆိုနိုင်လောက်သည့် အတိုင်းအတာအထိ လူ့အခွင့်အရေးချိုးဖောက်မှုများရှိနေသော) အလွန်စွန့်စားရသည့်ပတ်ဝန်းကျင်မှာ လုပ်ငန်းလုပ်ကြရမည်ဖြစ်ပါသည်။ သို့ရာတွင် အကြီးမားဆုံးဆုံးရှုံးနစ်နာနိုင်ဖွယ်ရှိသူများကား ရင်းနှီးမြှုပ်နှံသူများမဟုတ်ချေ။ မြန်မာနိုင်ငံလူဦးရေ၏ ထက်ဝက်နီးပါးခန့်ရှိပြီး တိုင်းပြည်၏ သယံဇာတအရင်းအမြစ်များ ကြွယ်ဝရာနေရာဒေသများမှာ နေထိုင်နေကြသည့် လူမျိုးစုတိုင်းရင်းသားများသာဖြစ်ပါသည်။ လူမျိုးစုတိုင်းရင်းသားများသည် ဖွံ့ဖြိုးရေးစီမံကိန်းများ၏ မည်သည့်ကောင်းကျိုးကိုမျှမခံစားရဘဲ ဆိုးကျိုးများကိုသာမရှောင်သာ မလွှဲသာဘဲခံစားကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏လူမျိုးစု တိုင်းရင်းသားများ အားလုံးသည် မိမိတို့အပေါ် ထိခိုက်စေသည့်ဆုံးဖြတ်ချက်များကိုချမှတ်ရာ၌ပါဝင်ရန် အခွင့်အရေးရှိရမည်ဖြစ်ပါသည်။ ဤတွင်မိမိတို့ ရှေးအစဉ်အဆက်ကတည်းကအသုံးပြုလာခဲ့၊ နေထိုင်လာခဲ့ရာ နယ်မြေဒေသများမှာဖော်ဆောင်သော ဖွံ့ဖြိုးရေးစီမံကိန်းတခုခုနှင့် ပတ်သက်၍ ခွင့်ပြုချက်ပေးခြင်း၊ သို့မဟုတ်ခွင့်ပြုချက်မပေးဘဲထားခြင်း အပါအဝင်ဖြစ်သည်။ ဤကောင်းစွာကြိုတင်အသိပေးထားသော ဒေသခံတိုင်းရင်းသားပြည်သူများ၏ လွတ်လပ်သောဆန္ဒဖြင့် ထုတ်ဖော်ပြောကြားသည့် သဘောတူညီချက် **(FPIC)** ဆိုင်ရာအခွင့်အရေးများသည် **UNDRIP**နှင့် **ILO** (၁၆၉) အပါအဝင် မြန်မာနိုင်ငံက သဘောတူလက်မှတ်ရေးထိုးခဲ့သော နိုင်ငံတကာတာဝန်ဝတ္တရားများတွင် အကြုံးဝင်ပါသည်။ သို့ရာတွင်**(FPIC)**ဆိုင်ရာအခွင့်အရေးများကို လေးစားလိုက်နာသော ဖြစ်ရပ်ဟူ၍ မြန်မာနိုင်ငံမှာ တကြိမ်တခါမျှပင်မရှိခဲ့ဖူးချေ။ လူမျိုးစုတိုင်းရင်းသားများ၏ စားဝတ်နေရေးကို မြှင့်တင်ပေးခြင်း၊ ကာကွယ်စောင့်ရှောက်ပေးခြင်းပြုကြောင်းပြသသည့်အနေနှင့် **(FPIC)** စံချိန်များကို အမျိုးသားဥပဒေထဲမှာ မနှေးအမြန်ထည့်သွင်းပြဌာန်းပေးပါရန် မြန်မာနိုင်ငံအား ဤအစီရင်ခံစာကထက်ထက်သန်သန်တိုက်တွန်းပါသည်။

**(FPIC)**ဆိုင်ရာ ပြဌာန်းချက်များကိုလိုက်နာခြင်းအားဖြင့် ဖွံ့ဖြိုးရေးစီမံကိန်းများနှင့်အတူတပါတည်းပါလာလေ့ရှိသော မတော်မတရားမှုများကို နည်းနိုင်သမျှ နည်းစေပါသည်။[၁၅]လူမျိုးစုတိုင်းရင်းသားများ၏ လိုအပ်ချက်များနှင့် ပြဿနာများကို ထည့်သွင်းရေးဆွဲခြင်းအားဖြင့် ဖွံ့ဖြိုးရေးစီမံကိန်းများသည်အလုပ်အကိုင်ပေးခြင်း၊ ကျွမ်းကျင်မှုသင်တန်းပေးခြင်း၊ အမြတ်အစွန်းဝင်ငွေကိုမျှဝေပေးရာရောက်သော လုပ်ဆောင်ချက်များလုပ်ခြင်းတို့မှတဆင့် နယ်မြေလူထုအား ပြုစုပျိုးထောင်ပေးဖွယ်ရှိပါသည်။ သို့ဖြစ်ရာ၊ **(FPIC)** ဆိုင်ရာအခွင့်အရေးများကို လေးစားလိုက်နာခြင်းသည် ရေရှည်တည်တံ့နိုင်သောဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးတို့အတွက် မရှိမဖြစ်လိုအပ်သော နည်းလမ်းတရပ်ဖြစ်ပါသည်။

---

၁၅၊ ဤသို့သော မတော်မတရားပြုမှုများတွင် စီမံကိန်းနှင့် နီးကပ်ရာဒေသများတွင် နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများအပေါ် နှိပ်စက်ညှဉ်း ပမ်းခြင်း၊ မုဒိန်းကျင့်ခြင်း၊ အဓမ္မလုပ်အားစေခိုင်းခြင်း နှင့် ဥပဒေမဲ့ အကျဉ်းရုံးသတ်ဖြတ်ခြင်း များ



ရွာသားများ မြစ်ဆုံတစ်လျောက်တွင် အလုပ် လုပ်နေပုံ

## အပိုင်း ၁။

### လူမျိုးစု တိုင်းရင်းသားများမှာ ထိခိုက်နစ်နာဖွယ် ရှိနေခြင်း (နောက်ခံသမိုင်းကြောင်း)

ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP)၏ ကိန်းဂဏန်းများအရ အဓိကအားဖြင့် လူမျိုးစုတိုင်းရင်းသားများ နေထိုင်ရာနေရာဖြစ်သော ကျေးလက်ဒေသများ၏ ဆင်းရဲမွဲတေမှုနှုန်းသည် လူဦးရေစုစုပေါင်း၏ ၃၆%အထိပင်ရှိသည်။ ချင်းပြည်နယ်ကဲ့သို့သော အချို့နယ်မြေဒေသများ၌ ဆင်းရဲမွဲတေမှုနှုန်းသည် ကြောက်မက်ဖွယ်ရာ၈၀%အထိရှိသည်။[၁၆]

## အခန်း (၁)

### လူမျိုးစုတိုင်းရင်းသားများနှင့် သယံဇာတ အရင်းအမြစ်များကြောင့် ကပ်ဘေးသင့်ခြင်း

#### ရှုပ်ထွေးပွေလီသောသမိုင်းကြောင်း

မြန်မာနိုင်ငံ၏သဘာဝသယံဇာတအများစုသည် ဝေးလံသီခေါင်သောလူမျိုးစုနယ်မြေဒေသများမှာရှိပြီး ဤအဖိုးထိုက်တန်သော သဘာဝသယံဇာတအရင်းအမြစ်များကို စိုးမိုးချုပ်ကိုင်နိုင်ရေးကို အကြောင်းပြု

၁၆၊ “Chin State Applies for Special Region Status,” Unrepresented Nations and People’s Organization, 2 September 2011, accessed 18 June 2012

၍ မြန်မာအစိုးရနှင့် လူမျိုးစုလက်နက်ကိုင်အဖွဲ့များအကြားမှာ တိုက်ပွဲများမကြာခဏဆိုသလိုဖြစ်ပွား လျက်ရှိပြီး ရေရှည်လည်းကြာညောင်းနေခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံသည် အာရှဒေသတွင် လူမျိုးစုများ အထွေပြားဆုံးနိုင်ငံတနိုင်ငံဖြစ်သည်။ ကမ္ဘာပေါ်တွင် လူမျိုးစုအထွေပြားဆုံးနိုင်ငံတနိုင်ငံ ဟုပင် ဆိုနိုင်သည်။ လူမျိုးစု၊ ဘာသာစကားနှင့် ဒေသသုံးစကားပေါင်း (၁၀၀)ကျော်ရှိသည်။ လူမျိုးစုတိုင်းရင်းသား များ၏ လူဦးရေသည် မြန်မာနိုင်ငံတနိုင်ငံလုံးလူဦးရေ၏ ၃၅%မှ ၄၀%အထိရှိသည်။ လူမျိုးစုများသည် အဓိကအားဖြင့် တိုင်းရင်းသားပြည်နယ် (၇)ပြည်နယ်၌ရှိနေကြသည်။[၁၇] ၁၈၈ဖ ခုနှစ်တွင်တစုတစည်း တည်းရှိသော တိုင်းပြည်အဖြစ် ပေါ်ပေါက်လာသောအခါ၌ အားပြိုင်မှု၏အခရာကျ သော အချက်ကား လူမျိုးစုများက မိမိတို့နယ်မြေဒေသတွင်းရှိသယံဇာတအရင်းအမြစ်များကို စီမံအုပ်ချုပ်နိုင်ခြင်းပင်ဖြစ် သည်။ ဤပြဿနာသည် ယနေ့အထိမဖြေရှင်းရသေးဘဲ ရှိနေပါသည်။ မြန်မာ နိုင်ငံ၏ အဓိကလူမျိုးစု ကြီးများသည် သဘာဝအရင်းအမြစ်များဆိုင်ရာ အငြင်းပွားမှုကိုအကြောင်းပြု၍ မြန်မာအစိုးရအပေါ် လက်နက်ကိုင်ခုခံတိုက်ခိုက်လာခဲ့ကြသည်။ ဤတိုက်ပွဲများသည် ယနေ့ထက်တိုင် ဆက်လက်ဖြစ်ပွားနေ ဆဲရှိသည်။

သယံဇာတအရင်းအမြစ်ကြွယ်ဝသော လူမျိုးစုများနေထိုင်ရာဒေသများ (အစွန်အဖျားဒေသများဖြစ် နေလေ့ရှိသည်)သည် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှု အနည်းဆုံးဒေသများဖြစ်သည်။ နယ် မြေပုလိပ်တပ်ဖွဲ့၊ လုံခြုံရေးတပ်ဖွဲ့ကဲ့သို့သော အရပ်သားများကို ကာကွယ်စောင့်ရှောက်ပေးရမည့် အဖွဲ့ အစည်းများသည် မတော်မတရားမှုများကို အဓိကအားဖြင့် ကျူးလွန်သူများဖြစ်နေလေ့ရှိသည်။ ဤ နယ်မြေဒေသများတွင် လုပ်ကိုင်နေကြသော စီးပွားရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများသည် နဂို မူလကတည်းကကျူးလွန်နေကျဖြစ်သော ဤမတော်မတရားမှုများကိုပို၍ဆိုးစေသည်သာမက အတင်း အဓမ္မနေရာရွှေ့ပြောင်းခိုင်းခြင်း၊ မြေသိမ်းခြင်း၊ ပေါ်တာဆွဲခြင်းနှင့် တခါတရံညှဉ်းပန်းနှိပ်စက်ခြင်း၊ ဥပ ဒေမဲ့သတ်ဖြတ်ခြင်းတို့ကို ဖြစ်ပွားစေပါသည်။

## တိုးတက်မှုအတွက် ပေးဆပ်ရသည့် တန်ဖိုး

နိုင်ငံတကာ့အလယ်မှာ ဆယ်စုနှစ်များနှင့်ချီ၍ အထီးကျန်ဖြစ်နေခဲ့ပြီးနောက် မြန်မာနိုင်ငံအပေါ် ချမှတ်ခဲ့သော စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုများကို တရစ်ပြီးတရစ်ဆိုင်းငံ့လိုက်သောအခါ၌ ကမ္ဘာအနှံ့မှ စီးပွားရေးလုပ်ငန်းများက မြန်မာနိုင်ငံတွင် သဘာဝသယံဇာတ ထုတ်လုပ်ရေးလုပ်ငန်း လုပ်ရန်နှင့် ရင်းနှီးမြှုပ်နှံရန် အပြေးအလွှားရောက်လာ ကြသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် "အထွဋ်အမြတ်ပန်းကန် (Holly Hrail)"[၁၈]ဟု ယခုခေါ်နေကြ သော မြန်မာနိုင်ငံမှာတကမ္ဘာလုံး၏ ပတ္တမြား၉၀%၊ တကမ္ဘာလုံး၏ကျောက်စိမ်း၉၈%၊ ကမ္ဘာမှာနံပါတ် (၁၀)မြောက် အကြီးဆုံးသဘာဝဓာတ်ငွေ့သိုက်၊ ရေအားလျှပ်စစ်မီဂါဝပ်ထောင်ပေါင်းများစွာ ထုတ်ယူရရှိနိုင်သည့် အလားအ

---

၁၇၊ "Burma's ethnic nationalities," Canadian Friends of Burma, accessed 18 June 2012

၁၈၊ "Stock exchanges battle for a piece of the frontier," Democratic Voice of Burma, 14 May 2012, accessed 18 June 2012

လာ၊ ထုတ်ယူနေဆဲ ကမ္ဘာပေါ်မှာနံပါတ် (၁၁)မြောက်တန်ဖိုးအရှိဆုံး (အာရှမှာတန်ဖိုးအကြီးဆုံး)သတ္တုသိုက်များ (ကြေးနီ၊ နီကယ်၊ ရွှေ၊ ငွေစသည့် သတ္တုများရှိသည်ဟုဆိုကြသည်) ကြွယ်ဝ၊ စုံလင်ပြီး ထိခိုက်ပျက်စီးမှုသိပ်မရှိသေးသောဂေဟစနစ်၊ "အာရှဇီဝမျိုးစိတ်မျိုးစုံတို့၏ နောက်ဆုံးနယ်နိမိတ်"တို့တည်ရှိရာ မြန်မာနိုင်ငံမှာ ကမ္ဘာ့အကြီးဆုံးကျွန်းတော၏၈၀%လည်းရှိနေသေးသည်။ (ဤသို့ပိုင်ဆိုင်ခြင်းကြောင့်သစ်တောများ ပျက်စီးသွားခဲ့ပြီး အသက်ရှင်ရေးအတွက် သစ်တောများကို အဓိကအားဖြင့် အားထားလုပ်ကိုင်စားနေရသူများ၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆုံးရှုံးခဲ့ရသည်)။[၁၉]

လူမျိုးစုနယ်မြေဒေသများရှိတိမ်မြုပ်နေသော အမြတ်ရစရာအလားအလာကောင်းများသည် ၎င်းတို့၏တန်ဖိုးရှိသော ပထဝီမဟာဗျူဟာအနေအထားကြောင့် အိန္ဒိယ၊ တရုတ်၊ ထိုင်းကဲ့သို့သော စီးပွားရေးအရ ရှင်သန်အားကောင်းသည့်နိုင်ငံများအဖို့ ပို၍မက်စရာဖြစ်နေခဲ့ရာ မကြာသေးမီကပင် မြန်မာနိုင်ငံသည် ပေါ်ထွန်းစ စီးပွားရေးအချက်အချာနေရာဌာန တခုအဖြစ်သို့ တမဟုတ်ချင်းရောက်ရှိလာခဲ့သည်။ နိုင်ငံတကာငွေကြေးရံပုံငွေအဖွဲ့ (IMF) က စီးပွားရေးကြီးထွားမှုသည် ၆%တိုးလိမ့်မည်ဟု မျှော်လင့်လျက် မြန်မာနိုင်ငံအဖို့"စီးပွားရေးကြီး ထွားမှုနှုန်းမြင့်ရန် အလားအလာရှိ"ဟု(၂၀၁၁)ခုနှစ် ဇန်နဝါရီလတွင် ကြိုတင်ဟောကိန်းထုတ်ခဲ့သည်။[၂၀] ထိုလမှာပင် ပိုင်းခြားသုံးသပ်သူတဦးက "ငွေကြေးဆူနာမီရေလှိုင်းကြီး မြန်မာနိုင်ငံဆီဦးတည်နေလျှက်ရှိ"ဟုပင် ဆိုလိုက်သေးသည်။[၂၁] လူမျိုးစုများနေထိုင်ရာနယ်မြေဒေသများ၌ လူ့အခွင့်အရေးအခြေအနေ မြင်သာထင်သာ ယိုယွင်းပျက်စီးနေသည့်ကြားကပင်၊ မြန်မာနိုင်ငံမှာ ရင်နှီးမြှုပ်နှံလိုသောဇောကို စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုများ အလျင်စလိုရုပ်သိမ်းလိုသောတိုင်း ပြည်များမှာမြင်တွေ့နေရပါသည်။ သဘာဝအရင်းအမြစ်များကို အထိန်းအချုပ်မဲ့ထုတ်ယူမှုနှင့် အကြီးစားဖွံ့ဖြိုးရေး စီမံကိန်းများကြောင့် ဆိုးရွားပြင်းထန်သော အကျိုးဆက်များဖြစ်ပွားရာနေရာဖြစ်သည့် ကချင်ပြည်နယ်မှာ မြန်မာအစိုးရသည် လူသားဆန့်ကျင်ရေး ရာဇဝတ်မှုများကျူးလွန်နေကြောင်း နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ ၂၀၁၂ ခုနှစ် အစီရင်ခံစာမှာစွပ်စွဲထားခဲ့သည်။[၂၂]

## ရရှိသော ဘဏ္ဍာငွေများကို ပြည်သူအများစုအကျိုးအတွက် အသုံးပြုခြင်းမရှိ

မြန်မာနိုင်ငံသည်အာရှတွင် အဆင်းရဲဆုံးနိုင်ငံတနိုင်ငံဖြစ်သည်။ ကုလသမဂ္ဂလူသားဖွံ့ဖြိုးတိုးတက်မှု အညွှန်း (UN Human Development INDEX)တွင် အလွန်မတန်နိမ့်သောအဆင့်သို့ရောက်နေပြီး တနိုင်ငံလုံး၏ဆင်းရဲမွဲတေမှုနှုန်းသည် ၃၂%ရှိသည်။ အိမ်နီးချင်း ထိုင်းနိုင်ငံဆင်းရဲမွဲတေမှုနှုန်း၏ (၃)ဆကျော်ကျော်ဖြစ်သည်။ အာဆီယံ (ASEAN) တိုင်းပြည်များထဲတွင် အမြင့်ဆုံးနှုန်းဖြစ်သည်။[၂၃] လူမျိုးစုတိုင်းရင်းသားများက သိသိသာသာပို၍ဆင်းရဲသည်။ လူအတော်များများက ငတ်မွတ်ခေါင်းပါးလုဖြစ်နေကြသည်။

---

၁၉၊ Stevens, Jane. "Teak Forests of Burma Fall Victim to Warfare."The Oregonian [Portland, Oregon]. March 16, 1994

၂၀၊ "Statement at the conclusion of the 2011 Article IV Mission to Myanmar," International Monetary Fund, 25 January 2012, accessed 18 June 2012

၂၁၊ "Burma opens for business," Irrawaddy, 11 January 2012, accessed 18 June 2012

၂၂၊ "Myanmar: Annual Report 2012, The state of the world's human rights," Amnesty International, 2012

၂၃၊ Thailand's poverty rate is 9.6%

ကိန်းဂဏန်းများအရ လူမျိုးစုများနေထိုင်ရာ ကျေးလက်ဒေသများ၌ ဆင်းရဲမွဲတေမှုနှုန်းသည် လူဦးရေ၏ ၃၆%ရှိသည်။ ချင်းပြည်နယ်ကဲ့သို့သော နယ်မြေဒေသအချို့၌ ဆင်းရဲမွဲတေမှုနှုန်းသည် ကြောက်မက်ဖွယ် ရာ၈၀%အထိရှိသည်။ UNDP အစီရင်ခံစာအရ ချင်းပြည်နယ်သည်တိုင်းပြည်၏ ဖွံ့ဖြိုးမှုအနည်းဆုံးနယ်မြေဒေသတခုဖြစ်နေဆဲပင်ရှိသည်။[၂၄]

ဤအစီရင်ခံစာအတွက် လေ့လာတွေ့ရှိခဲ့သော လူမျိုးစုဒေသများအတွင်း ဆင်းရဲမွဲတေမှုနှုန်း[၂၅] [၂၆]

| နယ်မြေဒေသ | ဆင်းရဲမွဲတေသူ % | အစားဆင်းရဲသူ* % | ဖွံ့ဖြိုးရေးစီမံကိန်း |
|---|---|---|---|
| တနင်္သာရီတိုင်း | ၃၅–၄၉ % | မသိရ | ထားဝယ် ရေနက်ဆိပ်ကမ်း |
| တောင်ပိုင်းရှမ်းပြည်နယ် | ၄၄ % | ၁၄ % | ပေါင်းလောင်းဆည် |
| ကချင်ပြည်နယ် | ၄၇ % | ၁၇ % | မြစ်ဆုံဆည် |
| ချင်းပြည်နယ် | ၈၁ % | ၄၉ % | တီးတိန်–ရိ လမ်း |
| ရခိုင်ပြည်နယ် | ၄၁ % | ၁၃ % | စစ်တွေရေနက်ဆိပ်ကမ်း |
| ကရင်နီပြည်နယ် | ၃၈ % | ၁၃ % | ဘိလပ်မြေစက်ရုံ |
| မွန်ပြည်နယ် | ၂၁ % | ၄ % | ကဒိုက်ဆည် |
| ကရင်ပြည်နယ် | ၁၂ % | ၂ % | အထူးစီးပွားရေးဇုံ |

*အစားဆင်းရဲသူဆိုသည်မှာ "အဆင်းရဲတကာ့အဆင်းရဲဆုံး"သူဟုသဘောထားပြီး အဟာရဓာတ်လုံလောက်သော အစားအစာမရရှိနိုင်သူကို ဆိုလိုပါသည်။

ဤဆင်းရဲမွဲတေမှုအခြေအနေသည် (လူမျိုးစုများရေးအစဉ်အဆက်ကတည်းက နေထိုင်လာခဲ့ရာနယ်မြေဒေသများတွင် ဖေါ်ဆောင်နေသည့်) ဖွံ့ဖြိုးရေးစီမံကိန်းများမှရရှိသော ရောမဝင်ငွေနှင့် လုံးလုံးလျားလျား ကွာခြားနေပါသည်။ အကယ်၍ လက်ရှိထုတ်လုပ်မှုနှုန်းနှင့် ဝယ်ယူမှုဈေးနှုန်းများကို မပြောင်းဘဲဘဲထား မည်ဟုဆိုပါစို့။ မြန်မာနိုင်ငံသည် လာမည့်နှစ်ပေါင်း (၄၀)အတွင်းမှာ သဘာဝဓာတ်ငွေ့များရောင်းချမှုမှနေ၍ တနှစ်လျှင်ဒေါ်လာ (၂)ဘီလျံနှုန်းဖြင့် ဝင်ငွေရရှိမည်ဖြစ်သည်။ အကယ်၍ စီမံကိန်းချထားသည့်အတိုင်းထုတ်လုပ်မှုကိုတိုးချဲ့လိုက်ပါလျှင် ၂၀၁၃ ခုနှစ်တွင် တိုးချဲ့စရာရှိသည်) ဤဝင်ငွေသည် ၆၀%တိုးလာမည်ဟု မျှော်လင့်ရပါသည်။[၂၇]

---

၂၄။ "Chin State Applies for Special Region Status," Unrepresented Nations and People's Organization, 2 September 2011, accessed 18 June 2012

၂၅။ All poverty statistics, unless otherwise noted, come from the United Nation Development Program report "Targeting the Most Vulnerable," 1 May 2008, accessed 18 June 2012

၂၆။ All poverty statistics, unless otherwise noted, come from the United Nation Development Program report "Targeting the Most Vulnerable," 1 May 2008, accessed 18 June 2012

၂၇။ Projected profits come from following article "Despite reforms, Western oil firms avoid Myanmar," AungHlaTun, 24 November 2011, accessed 18 June 2012

လူမျိုးစုနယ်မြေဒေသအများအပြားကိုဖြတ်လျက် ထိုင်းနိုင်ငံသို့သွယ်တန်းလျှက် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် စွန်းပေနေသော ရတနာပိုက်လိုင်းမှနေ၍ မြန်မာနိုင်ငံအစိုးရသည် ၂၀၀၈ မှ ၂၀၀၉ ခုနှစ်အထိကာလအတွင်းမှာ ဒေါ်လာ (၄.၆)ဘီလျံခန့်ဝင်ငွေရရှိခဲ့သည်။[၂၈] မြန်မာနိုင်ငံတဝှမ်းမှာလောလောဆယ်တည်ဆောက်နေသော ရေအားလျှပ်စစ်စီမံကိန်း (၅၀)ခန့်မှနေ၍လည်း နှစ်စဉ်ဝင်ငွေဒေါ်လာ (၄)ဘီလျံခန့် ရလိမ့်ဦးမည်ဖြစ်သည်။[၂၉] အကဲဆတ်ပြီး ဆင်းရဲမွဲတေမှုဒဏ်ကိုလည်း ခံစားနေရသောရှမ်းနှင့် ကချင်နယ်မြေများကိုဖြတ်လျက် တရုတ်ပြည်သို့သွားသည့် ရွှေသဘာဝဓာတ်ငွေ့ပိုက်လိုင်းများမှနေ၍လည်း မြန်မာအစိုးရအဖို့ (၁၀)စုနှစ် (၃)စု အတွင်းမှာနှစ်စဉ်ဝင်ငွေဒေါ်လာ (၁) ဘီလျံရရှိမည်ဖြစ်သည်။ ဤသို့အကျိုးဖြစ်ထွန်းနိုင်သော အခြေအနေသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ တိုးလာသည် နှင့်အမျှ ပို၍ကောင်းလာဖွယ်ရှိသည်။ ဤနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တဟုန်ထိုးလိမ့်ဝင်လာခြင်းကို ဒေါ်အောင်ဆန်းစုကြည်က ရင်းနှီးမြှုပ်နှံမည့်သူများ၏ "အဆင်ခြင်မဲ့အကောင်းမြင်စိတ်"ဟု ရည်ညွှန်းပြောဆိုခဲ့သည်။

မြန်မာနိုင်ငံ၌တိုင်းပြည်၏ ဘဏ္ဍာရေးလုပ်ဆောင်ချက်များနှင့် ဖွံ့ဖြိုးရေးစီမံကိန်းတို့သည် ဘယ်သောအခါကမျှ ပွင့်လင်းမြင်သာခြင်း သို့မဟုတ် တာဝန်ခံခြင်းမရှိခဲ့ဖူးချေ။ ဤအချက်သည် ပွင့်လင်းမြင်သာမှုဆိုင်ရာ နိုင်ငံတကာစောင့်ကြည့်ရေးအဖွဲ့ (TransparencyInternational)၏ ကမ္ဘာ့အကျင့်ပျက်ခြစားမှုစာရင်းတွင် မြန်မာနိုင်ငံအဖို့(အာဖဂန်နစ္စတန်နှင့် အဆင့်တူ) အဆင့် (၂)ရရှိစေသော အကြောင်းရင်းတခုဖြစ်သည်။[၃၀] စီးပွားရေးလုပ်ငန်းလုပ်ဆောင်ချက်များမှာ ပွင့်လင်းမြင်သာမှုမရှိဆိုသည်မှာ အကျိုးအမြတ်များကို အစစ်အဆေးမရှိ၊ စီမံကိန်းမှာတိုက်ရိုက်ပါဝင်ခြင်းမရှိသူများကလည်း အမြတ်အစွန်းများရရှိနေခြင်း၊ ၎င်းဝင်ငွေဘဏ္ဍာများ မည်သည့်နေရာရောက်သွားမှန်း မသိရခြင်းပင်ဖြစ်သည်။ ဤငွေများသည် ဆေးရုံ၊ စာသင်ကျောင်းဆောက်ပေးခြင်း၊ အလုပ်အကိုင်များ ပို၍ရရှိစေခြင်းအားဖြင့် ပတ်ဝန်းကျင်ကျေးရွာများ၏ လူနေမှုအဆင့်အတန်းကိုမြှင့်တင်ပေးခြင်းကဲ့သို့သော လူမှုရေးအတွက်သုံးစွဲမှုဆီသို့ ရောက်ရှိမသွားသည်ကတော့ သေချာပါသည်။

---

၂၈။ "Burma's Natural Resources Add Fuel to Conflict," Simon Roughneen, Irrawaddy, 25 July 2011, accessed 18 June 2012

၂၉။ "Attempts to boost development in Burma fuel conflict," David Myers, Deutsche Welle, accessed 18 June 2012

၃၀။ "Myanmar's path to prosperity strewn with obstacles," Dane Bryant, World Politics Review, 8 June 2012

# ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ လူ့အခွင့်အရေးဆိုင်ရာအကျိုးဆက်များ

ဖွံ့ဖြိုးရေးစီမံကိန်းများ၏ ဆိုးကျိုးသက်ရောက်မှုများ (အများအားဖြင့်အဓမ္မပြုကျင့်ခြင်း၊ အတင်းအဓမ္မလုပ်အားစေခိုင်းခြင်း၊ ပေါ်တာဆွဲခြင်း၊ မြေသိမ်းခြင်း၊ အတင်းအဓမ္မနှင်ထုတ်ခြင်း)သည် တိုက်ရိုက်ခံစားရသူများတွင် ပြီးပြတ်သွားသည်မဟုတ်ဘဲ၊ လူမျိုးစုတိုင်းရင်းသားများ၏ နောင်လာနောက်သားမျိုးဆက်များ အပေါ်သို့လည်း ဂယက်ရိုက်အကျိုးသက်ရောက်သည်။ သာဓကအားဖြင့်ဖော်ပြပါမည်။ အတင်းအဓမ္မနေရာရွှေ့ပြောင်းခိုင်းခြင်းခံရရာ၌ ရွှေ့ပြောင်းပေးရသူတို့မှာ မိမိတို့၏ မိရိုးဖလာအသက်မွေးဝမ်းကျောင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်နိုင်မည့် သင့်တော်သောနေရာတနေရာရရှိရေးမှာ ကြီးစွာသောအခက် အခဲနှင့် ကြုံတွေ့ကြရသည်။ လူမျိုးစုတိုင်းရင်းသားအတော်များအဖို့ မိရိုးဖလာအသက်မွေးဝမ်းကျောင်း လုပ်ငန်းဆိုသည်မှာ စိုက်ပျိုးရေးလုပ်ငန်းအမျိုးမျိုးဖြစ်ပါသည်။ သို့ရာတွင်အတင်းအဓမ္မရွှေ့ပြောင်းခိုင်းခံ ရသူများကိုလွှင်တီးခေါင်နယ်မြေ၊ သို့မဟုတ်အဝေးပြေးလမ်းမကြီးဘေးမှာ နေရာချထားလေ့ရှိတတ်ရာ၊သူတို့တတွေ၏ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆုံးရှုံးကြရသည်။ ဖြစ်ရပ်တခု၌ ကရင်နီပြည်နယ်ရှိ အဓိကမြစ်ကြီးများကို ဆည်ဆောက်လုပ်ခြင်းကြောင့် အိုးအိမ်အခြေပျက်ခဲ့ကြရပြီး၊ ဤတွင် ယင်းတလဲလူမျိုးစု (ကရင်နီလူမျိုးစုဝင်လူမျိုးတမျိုးဖြစ်ပြီး၊ လူဦးရေ ၁၀၀၀ ပတ်ဝန်းကျင်သာရှိသည်။ မြစ်ကမ်းဘေးများမှာ နေထိုင်လုပ်ကိုင်စားသောက်ကြသူများဖြစ်သည်) ပျောက်ကွယ်သွားတော့မည်လားဟု တနေ့တခြားစိုးရိမ်စရာဖြစ်နေပါသည်။[၃၁]



ကယန်း ယဉ်ကျေးမှုပွဲများ ပြုလုပ်ကျင်းပနေသောပုံ

---

၃၁၊ "Karenni State: Dam Construction Threatens Community," Unrepresented Nations and People's Organization, accessed 18 June 2012

## အခန်း(၂)

### ကောင်းစွာကြိုတင်အသိပေးထားသော ဒေသခံတိုင်းရင်းသားပြည်သူများ၏ လွတ်လပ်သော ဆန္ဒဖြင့် ထုတ်ဖော်ပြောကြားသည့် သဘောတူညီချက် (FPIC)ဆိုင်ရာအမြင်

"ကောင်းစွာကြိုတင်အသိပေးထားသော ဒေသခံတိုင်းရင်းသားပြည်သူများ၏ လွတ်လပ်သောဆန္ဒဖြင့် ထုတ်ဖော်ပြောကြားသည့် သဘောတူညီချက် (FPIC)သည် ဖွံ့ဖြိုးရေးစီမံကိန်းကြီးများနှင့် ပတ်သက်၍လူ့အခွင့်အရေး (ကာကွယ်စောင့်ရှောက်ရေး)အတွက်အထူးအရေးကြီးပါသည်။"[၂၁]

ရိုဒိုဖိုစတက်ဗင်ဟောဂင် (Rodolfo Stavenhagen) လူ့အခွင့်အရေးနှင့် ဌာနေတိုင်းရင်းသားပြည်သူများ၏ အခြေခံ– လွတ်လပ်ခွင့် အခြေအနေဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန်ဟောင်း

ကျွန်ုပ်တို့မှာကျွန်ုပ်တို့အပေါ် ထိခိုက် နိုင်ဖွယ်ရှိသော ဆုံးဖြတ်ချက်များချ ရာ၌ အပြည့်အဝနှင့် ထိထိရောက် ရောက်ပါဝင်ခွင့်ရှိကြပါသည်။ တန်း တူညီမျှမှုရှိပါက ဆုံးဖြတ်ချက် ချခြင်း လုပ်ငန်းတွင်အဓိပ္ပါယ်ရှိရှိ ပါဝင်ရခြင်းအားဖြင့် ကျွန်ုပ်တို့သည်မိမိတို့၏ ကံကြမ္မာကိုစိုးမိုးချုပ်ကိုင်နိုင်စွမ်းရှိပါသည်။ ဌာနေတိုင်းရင်းသားပြည်သူများဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန် ဂျိမ်းအန်နယာ (James Anaya)က "လူ့အခွင့်အရေးဖြစ်သော ဤအခြေခံအခွင့်အရေးမရှိပါက စုပေါင်းအခွင့်အရေးရော တဦးချင်းအခွင့်အရေးကိုပါအပြည့်အဝမခံစားရနိုင်ချေ။"[၂၂]ဟုဆိုပါသည်။ သို့ဖြစ်ရာပါဝင်ခွင့်သည်လူ့အခွင့်အရေးနှင့်လွတ်လပ်ခွင့်အားလုံးကိုရရှိခံစားနိုင်ရေးအတွက် အထူးအရေးကြီးသည့်အပြင် လူ့အခွင့်အရေးစံချိန်တ ပြုံတမကြီး အထူးသဖြင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအခွင့်အရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့၏ အခြေခံကျသောအချက်တချက်ဖြစ်ပါသည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွင်လူမျိုးစုတစုရှေးအစဉ်အလာကတည်းကနေထိုင်လာခဲ့သောမြေမှာတွေ့ရှိသည့်သဘာဝဥစ္စာနေများ၊ သယံဇာတများအားလုံးအပေါ် အပြည့်အဝအာဏာ ပိုင်ဆိုင်ခွင့်ရှိသည်။



ဒေသခံပြည်သူများ မြစ်ဆုံရေကာတာကို ဆန့်ကျင်သော လှုံ့ဆော်မှုပွဲများပြုလုပ်နေစဉ်

---

၂၁။ Report of the Special Rapporteur on the situation of human rights and fundamental freedoms of indigenous people, Rodolfo Stavenhagen, submitted in accordance with Commission resolution 2001/65 (Fifty ninth session), U.N. Doc. E/CN.4/2003/90, January 21, 2003, para 66

၂၂။ Report of the Special Rapporteur on indigenous people, James Anaya, Addendum "Report on the Situation of Human Rights of Indigenous Peoples in Brazil" UN Doc A/HRC/12/34/Add.2 (26 August 2009) at para. 22.

ကောင်းစွာကြိုတင်အသိပေးထားသော ဒေသခံတိုင်းရင်းသားပြည်သူများ၏ လွတ်လပ်သော ဆန္ဒဖြင့်ထုတ်ဖော်ပြောကြားသည့် သဘောတူညီချက် (FPIC)ဆိုသည်မှာအဘယ်နည်း။

ခွင့်ပြုချက် (Consent)ဆိုသည်မှာ ခြိမ်းခြောက်ခြင်း (သို့မဟုတ်) အနှောင့်အယှက်ပေးခြင်း (Harassment)သို့မဟုတ် စေ့စပ်ဆွေးနွေးရာ၌ အင်အားချင်းမမျှတမှု (Unequal Uargaining Power)တို့နှင့်ကင်းပြီး "လွတ်လပ်ရမည်"ဟု အများနားလည်ထားကြပါသည်။ "ကြိုတင်၍"ဆိုသည်မှာ ဖေါ်ဆောင်မည်ဟု ကြံရွယ်ထားသော စီမံကိန်းနှင့်ပတ်သက်သည့်အပြီး သတ်ဆုံးဖြတ်ချက်ကို မချမှတ်မီမှာအချိန်လုံလောက်စွာ ကြိုတင်၍ ခွင့်ပြုချက်ယူခြင်းပင်ဖြစ်သည်။ အထူးသဖြင့် စီမံကိန်းတခု ဆောက်လုပ်ခြင်းကဲ့သို့သော လုပ်ဆောင်ချက်မျိုးကို မလုပ်မီမှာ ခွင့်ပြုချက်ယူခြင်း ဖြစ်သည်။ "သိရှိနားလည်မှုဖြင့် (Informed)"ဆိုသည်မှာ စီမံကိန်းနှင့်ပတ်သက်၍ ကြိုတင်တွက်ဆထားသော ကောင်းကျိုးနှင့် ဆိုးကျိုးရိုက်ခတ်ချက်များ အပါအဝင် သက်ဆိုင်ရာ သတင်းအချက်အလက်များကို နားလည်ရလွယ်ကူသော၊ အလှမ်းမှီနိုင်သော နည်းလမ်းဖြင့် ပြည့်ပြည့်စုံစုံ ရှင်းလင်းပြခြင်းဖြစ်သည်။

"ခွင့်ပြုချက်"ဟူသောစကားရပ်ကို အဓိပ္ပါယ်ပြန်ဆိုရာ၌ကွဲလွဲမှုများရှိပါသည်။ သို့ရာတွင် စီမံကိန်းတခုကို သဘောတူလက်ခံသည် (သို့မဟုတ်) သဘောမတူပါဟု (ဆိုလိုသည်မှာ ခွင့်ပြုချက်ပေးသည် သို့မဟုတ် မပေးပါဟု) မိမိသဘောဆန္ဒအလျောက် ပြောခွင့်ရှိသည်ဟူသော အချက်ကိုမူအများ လက်ခံထားကြပါသည်။ သို့ရာတွင်ဤသို့သော ပြောဆိုခွင့်သည်ဗီတိုအာဏာ (Veto)သုံးခွင့် အခွင့်အရေးနှင့် တော့တူသည်မဟုတ်ချေ။ ဗီတိုအာဏာဆိုသည်မှာ လုပ်ဆောင်ချက် တရပ်ရပ်လုပ်ဆောင်ခြင်းကို တချက်လွှတ်ပိတ်ပင်တားဆီးနိုင်သော အာဏာဖြစ်သည်။ ထိခိုက်နစ်နာခံရသောလူပုဂ္ဂိုလ်များ ဘဝများအပေါ် ခွင့်ပြုချက်ဆိုင်ရာအခွင့်အရေးကအဓိပ္ပါယ်ရှိရှိ အကျိုးသက်ရောက်စေဖို့ဆိုလျှင် ထိုသူတို့၏ နယ်မြေဒေသတွင်းမှာ ဆိုးကျိုးသက်ရောက်လာနိုင်ဖွယ်ရှိသော စီမံကိန်းကို တားဆီးပိတ်ပင်ခွင့်လည်း ဤအခွင့်အရေးမှာ ပါရှိရမည်ဖြစ်ပါသည်။

ခွင့်ပြုချက်ဆိုင်ရာအခွင့်အရေးတွင် ဗီတိုအာဏာပါသလား၊ မပါသလားဟူသော ကိစ္စသည်ပါဝင်ခွင့် အခွင့်အရေး၏ အငြင်းပွားရဆုံးကိစ္စဖြစ်သည်။ (FPIC)ဆိုင်ရာအခွင့်အရေး (ထို့အတူ) (UNDRIP) ဆိုင်ရာအခွင့်အရေး၏ တရားဝင်အာဏာတည်သော အဓိပ္ပါယ်ပြန်ဆိုချက်သည် ဤကိစ္စတွင် အရာမရောက်ဘဲ ရှိနေပါသည်။

## (FPIC)သည် တကမ္ဘာလုံးဆိုင်ရာ စံချိန်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ (FPIC) ဆိုင်ရာအခွင့်အရေးကို နိုင်ငံတကာအသိုင်းအဝိုင်း၌ တကမ္ဘာလုံးနီးပါးက လက်ခံထားကြပြီဖြစ်ပါသည်။(FPIC)မှာ ဖေါ်ပြထားသော ပြဋ္ဌာန်းချက်များကို စီးပွားရေးလုပ်ငန်းများ၏ ကျင့်ဝတ်ဆိုင်ရာ စံချိန်သစ်အဖြစ် ညွှန်းကြပြီး စီးပွားရေးလုပ်ငန်းများ၏ ကျင့်ဝတ်များ (အထူးသဖြင့် သဘာဝသယံဇာတများထုတ်ယူရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ပတ်သက်သောလုပ်ငန်းများ) လုပ်ဆောင်ပုံအပေါ်မှာလည်း ဩဇာသက်ရောက်နေပြီဖြစ်သည်။ (FPIC)ပြဋ္ဌာန်းချက်များကို ပြည်တွင်းအ

ဆင့်တရားရုံးများ၏ ဆုံးဖြတ်ချက်များမှာသာမက နိုင်ငံတကာအဆင့်တရားရုံးများ၏ဆုံးဖြတ်ချက်မှာပါ ရည်ညွှန်းခဲ့ကြသည်။ တရားရုံးချုပ်တရုံး၌လည်းကောင်း၊ ကုလသမဂ္ဂ၏အဖွဲ့အစည်းများ၌လည်းကောင်း (FPIC)ကို နိုင်ငံတကာစံချိန်တရပ်အဖြစ် ရည်ညွှန်းခဲ့ကြောင်း တွေ့ရသည်။[၂၆]

ဌာနေတိုင်းရင်းသားပြည်သူတို့၏ အခွင့်အရေးတိုးတက်ရေးအတွက် ဆောင်ရွက်နေလျှက်ရှိပြီး အများ လေးစားခြင်းခံရသော (NGO)အဖွဲ့တဖွဲ့ဖြစ်သည့် (AmazonWatch)အဖွဲ့က အစီရင်ခံစာ တစောင် ထုတ်ဝေရာ၌ ထိုအစီရင်ခံစာက (FPIC) ဆိုင်ရာခွင့်အရေးကို လေးစားလိုက်နာခြင်းသည်“ကျင့်ဝတ် သဘောအရ မရှိမဖြစ်လိုအပ်သည်သာမက၊ ကော်ပိုရေးရှင်းများအဖို့လုပ်ငန်းသဘောအရလည်းမရှိ မဖြစ်လိုအပ်ကြောင်း (FPIC)ဆိုင်ရာခွင့်အရေးကို လေးစားလိုက်နာခြင်းရှိပါက ဘဏ္ဍာရေးထိခိုက်နိုင် ဖွယ်ရှိသည့်အန္တရာယ်၊ ဂုဏ်သိက္ခာထိခိုက်မှု၊ လုပ်ငန်းပယ်ဖျက်ရေး လှုပ်ရှားမှုများ၊ (လူမှုရေး မငြိမ်သက် မှု၊ ဒေါ်လာဘီလျံပေါင်းများစွာ ကြွေးဆပ်စရာရှိမှုတို့ကြောင့်ဖြစ်ပွားလေ့ရှိသော လုပ်ငန်းနှောင့်နှေးမှုနှင့် လုပ်ငန်းလုပ်ခွင့်လိုင်စင်ဆုံးရှုံးမှုတို့ မဖြစ်ပွားအောင်လည်း ရှောင်ကျဉ်နိုင်ကြောင်း”[၂၇]ကောင်းကောင်း ကြီးထောက်ခံတင်ပြထားခဲ့ပါသည်။

ဤအစီရင်ခံစာနည်းတူပင် ကမ္ဘာ့ဘဏ်က ထုတ်ဝေသော အစီရင်ခံစာတစောင်ကလည်း အကယ်၍ သယံဇာတ ထုတ်ယူရေးစီမံကိန်းတခုအနေနှင့် ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမွဲတေမှုလျှော့ ချရေးမှာ ကောင်းကျိုးသက်ရောက်မှုများရှိစေလိုပါက ထိခိုက်နစ်နာခံရသော ပြည်သူများအနေဖြင့် ကောင်းစွာကြိုတင်အသိပေးထားသော ဒေသခံတိုင်းရင်းသားပြည်သူများ၏ လွတ်လပ်သောဆန္ဒဖြင့် ထုတ်ဖော်ပြောကြားသည့် သဘောတူညီချက် (FPIC)ကို “ရယူရန် မရှိမဖြစ်လိုအပ်”ကြောင်းကောက် ချက်ချထားသည်။ နယ်မြေလူထုတည်းဟူသော ပတ်သက်မှုရှိသူများ၏ပါဝင်မှုသည် ကမ္ဘာ့ဘဏ်မှာမရှိ မဖြစ်သော လိုအပ်ချက်တရပ်ဖြစ်လာခဲ့သည်။[၂၈]

## (FPIC) သည် လူ့အခွင့်အရေးပေါင်းစုံကို မြှင့်တင်ပေးခြင်းနှင့် ကာကွယ်စောင့်ရှာက်ပေးခြင်းပြု သည်။

ဖွံ့ဖြိုးရေးစီမံကိန်းများနှင့်အတူ အတင်းအဓမ္မနေရာရွှေ့ပြောင်းခိုင်းခြင်း၊ အလုပ်အကိုင် ဆုံးရှုံးခြင်းကဲ့သို့ သော ဆိုးကျိုးများပါ တပါတည်းပါလာလေ့ရှိသည်။ အစိုးရများနှင့် ကော်ပိုရေးရှင်းများက (FPIC) ဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်းအားဖြင့် ထိခိုက်နစ်နာခံရမည့် နယ်မြေလူထုအဖို့ ဒုက္ခပေးသော ဖွံ့ဖြိုးရေးစီမံကိန်းများအစား ရေရှည်တည်တံ့နိုင်သော ဖွံ့ဖြိုးရေးစီမံကိန်းများကို ရွေးချယ် တင်ပြနိုင်သည့်အပြင် မြေယာများအတွက်သင့်တော်သော လျော်ကြေးရရှိရေး၊ သင့်တော်သောပြောင်း ရွှေ့ကာလကိုညှိနှိုင်းယူရေး၊ ကျေးရွာများ ရင်းစားပြန်ရသော ဖွံ့ဖြိုးရေးလုပ်ငန်းများ (ပညာသင်ကြားရေး

---

၂၆၊ Maia S. Campbell & S. James Anaya, The Case of the Maya Villages of Belize: Reversing the Trend of Government Neglect to Secure Indigenous Land Rights, 8 Hum. Rts. L. Rev. 377, 379 (2008).

၂၇၊ Maia S. Campbell & S. James Anaya, The Case of the Maya Villages of Belize: Reversing the Trend of Government Neglect to Secure Indigenous Land Rights, 8 Hum. Rts. L. Rev. 377, 379 (2008).

၂၈၊ “Free, Prior and Informed Consent and the World Bank Group,” Robert Goodland, Sustainable Development Law & Policy, Vol. 4, Issue 2, p. 61

နှင့်အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေးတို့အပါအဝင်ဖြစ်သည်) အတွက်အထောက်အပံ့များဆက်လက်ရရှိရေး၊ ချမှတ်လိုက်သော ဆုံးဖြတ်ချက်များသည်ဥပဒေအရအာဏာတည်ရေးတို့ကိုလည်း တင်ပြနိုင်ပါသည်။ ထိခိုက်ခံရသောကျေးရွာများသည် စီမံကိန်းဝင်ငွေနှင့် အကျိုးအမြတ်ကို သင့်တော်မျှတစွာ ထို့အပြင် တရားဥပဒေနှင့်လည်း လျော်ညီစွာခွဲဝေယူရေးအတွက်လည်း (FPIC)ကို အားအဖြစ်အသုံးချနိုင်ပါသည်။

ဤအစီရင်ခံစာသည် မြန်မာနိုင်ငံရှိ ဖွံ့ဖြိုးရေးစီမံကိန်းများအပေါ်မှာသာ အဓိကအားဖြင့် အာရုံစူးစိုက်ထားသော်လည်း လူအုပ်စုတစုစုအပေါ် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အကျိုးသက်ရောက်ဖွယ်ရှိသော အဓိကဆုံးဖြတ်ချက်တစုံတရာနှင့်ပတ်သက်၍(FPIC)ကို များစွာရည်ညွှန်းထားပါသည်။ ကုလသမဂ္ဂလူမှုရေးနှင့် စီးပွားရေး အရေးကိစ္စများဌာန (UN Department of Social and Economic Affairs)က (FPIC)ရှိရမည့်လုပ်ငန်းနယ်ပယ် (၂၀)နီးပါးခန့်ကိုသတ်မှတ်ပေးခဲ့သည်။ ဖွံ့ဖြိုးရေး စီမံကိန်းမှအပ ဤလုပ်ငန်းနယ်ပယ်များမှာ အပါအဝင်ဖြစ်သော နယ်ပယ်များမှာ နယ်မြေသစ်တခုထဲသို့စစ်တပ်ဝင်ရောက်ခြင်း၊ ဌာနေတိုင်းရင်းသားများ၏ မြေများ၊ ပိုင်နက်နယ်မြေများထဲသို့ အခြေချနေထိုင်ခြင်း၊ လူသားဖွံ့ဖြိုးတိုးတက်ရေးနှင့်ပညာရေး၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ၎င်းတို့ကိုထုတ်ဖော်ခြင်း၊ တရာဥပဒေရေးရာနှင့်အုပ်ချုပ်ရေးဆိုင်ရာအစီအမံများစသည်တို့ဖြစ်သည်။ သို့ဖြစ်ရာ(FPIC)သည် အထူးသဖြင့် သမိုင်းတလျှောက်လုံးမှာ ထိခိုက်ခံရလွယ်ပြီး မျက်နှာငယ်ခဲ့ရသော ပြည်သူများအတွက် လူ့အခွင့်အရေးပေါင်းစုံကိုမြှင့်တင်ပေးခြင်း၊ကာကွယ်စောင့်ရှောက်ပေးခြင်းပြုရာ၌အဓိကလက်သုံးကရိယာတခုဖြစ်ကြောင်း အများကသဘောထားကြပါသည်။

## အခန်း(၃)

### (FPIC)ကို အပြည့်အဝလေးစားလိုက်နာစေရေး

(FPIC)ဆိုင်ရာအခွင့်အရေးများကို အပြည့်အဝလေးစားလိုက်နာစေရေးအတွက် (စီမံကိန်းတခုကို ဖော်ဆောင်ရာ၌တာဝန်ရှိသော) စီးပွားရေးလုပ်ငန်းများဖြစ်စေ၊ အစိုးရများဖြစ်စေဆောင်ရွက်ရမည့်လုပ်ငန်းအဆင့်များ အများအပြားရှိပါသည်။ ဤသို့ဆောင်ရွက်ရန် ပျက်ကွက်ခြင်းသည် (FPIC)ထက် နယ်ပယ်ကျယ်ဝန်းသော အခြေခံလူ့အခွင့်အရေး တပြုံတမကြီးကိုချိုးဖောက်ရာရောက်ပါသည်။ ဤအခန်းသည်မြန်မာနိုင်ငံအစိုးရ စီးပွားရေးလုပ်ဖော်ကိုင်ဖက် တိုင်းပြည်များ၊ ကော်ပိုရေးရှင်းများအနေနှင့်မြန်မာနိုင်ငံအပါအဝင် ပိုင်နက်နယ်မြေတခုခုတွင် ဖွံ့ဖြိုးရေးစီမံကိန်းဖော်ဆောင်ရေးနှင့်ပတ်သက်၍ဆုံးဖြတ်ချက်တစုံတရာမချမှတ်မီမှာ လိုက်နာရမည့်လမ်းညွှန်ချက်များကို ပေးရန်ရည်ရွယ်ပါသည်။[၃၇]

၃၇၊ Information sourced from draft UN-REDD Guidelines of Free, Prior, and Informed Consent dated 1 December 2011

လုပ်ငန်းအဆင့် (၁)။ (FPIC)နှင့် ဆိုင်သော စုံစမ်းလေ့လာသုံးသပ်မှု
အစိုးရ၊ စီးပွားရေးလုပ်ဖော်ကိုင်ဖက်တိုင်းပြည်များ၊ ကော်ပိုရေးရှင်းများ ကဲ့သို့သော စီမံကိန်းအတွက် တာဝန်ရှိသူများက သက်ဆိုင်ရာ အခွင့်အရေးရှိသူများ (Rights-Rolders)နှင့် ပူးပေါင်း၍ (FPIC)နှင့် ဆိုင်သော စုံစမ်းလေ့လာ သုံးသပ်မှုတရပ်ကို လုပ်ဆောင်ခြင်း။ (FPIC) နှင့်ဆိုင်သော စုံစမ်းလေ့လာ သုံးသပ်မှုတွင် အောက်ပါလုပ်ဆောင်ချက်များ ပါဝင်ရမည်ဖြစ်ပါသည်။

(က) ဖော်ဆောင်ရန် ကြံရွယ်ထားသော စီမံကိန်းအကြောင်း အသေးစိတ် ရှင်းပြခြင်း။

(ခ)စီမံကိန်းကြောင့် ထိခိုက်နစ်နာဖွယ်ရှိသည့် အခွင့်အရေးရှိသူများအကြောင်းနှင့်တကွ (FPIC)ဆိုင်ရာလုပ်ငန်းတွင် သူတို့မည်သို့မည်ပုံ ပါဝင်လိုပုံအကြောင်းတို့ကို ရှင်းပြခြင်း။

(ဂ) သက်ဆိုင်ရာပြည်တွင်းဒေသတွင်းနှင့် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများအပါအဝင် သက်ဆိုင်ရာ တရားဥပဒေ လုပ်ငန်းစည်းမျဉ်းဘောင်အကြောင်းကိုရှင်းပြခြင်း။ မြေယာများ၏ ဥပဒေဘောင်ဝင်မှု အဆင့်အတန်းနှင့် ၎င်းမြေယာများကိုအခွင့်အရေးရှိသူများက တရားဥပဒေနည်းလမ်းအရဖြစ်စေတရား ဥပဒေနှင့်မဆိုင်သော နည်းလမ်းအရဖြစ်စေသုံးစွဲလာခဲ့ပုံတို့ကို စီစစ်သုံးသပ်ခြင်း။

(ဃ)(FPIC)ဆိုင်ရာလုပ်ငန်းကိုပေါ်ပေါက်စေသည့် အကောင်အထည်ဖော်မည့် စီမံကိန်းကအခွင့်အရေး ရှိသူများအပေါ် လူမှုရေးအရ၊ ယဉ်ကျေးမှုအရ၊ သဘာဝပတ်ဝန်းကျင်အရ သက်ရောက်မှုများနှင့် ၎င်း သက်ရောက်မှုများကို မည်သို့နည်းနိုင်သမျှနည်းအောင်ဆောင်ရွက်မည်ဆိုသည်တို့ကို အကဲဖြတ်ခြင်း။ ရလဒ်များကို ပါဝင်ပတ်သက်သူအားလုံးက သဘောတူလက်ခံသည့်အချိန်အထိ စုံစမ်းလေ့လာသုံးသပ် မှုကို ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်ပါသည်။ အခွင့်အရေးရှိသူများက မိမိတို့၏ပြဿနာများကို ပြောပြခွင့်ရသော စီမံကိန်းနှင့် ပတ်သက်၍ မိမိတို့ဖြစ်စေလိုသည်တို့ (သဘာဝသယံဇာတများကိုထုံး တမ်းစဉ်လာအရ မည်သို့ခွဲဝေသတ်မှတ်ပေးပုံအပါအဝင်ဖြစ်သည်)ကို ပြောဆိုခွင့်ရသော ရပ်ရွာပုံစံ လူ ထုစည်းဝေးပွဲကိုလည်း စီစစ်သုံသပ်မှုတွင်ထည့်သွင်းရမည်။

အဆင့် (၂)။ (FPIC) တောင်းခံလွှာ
(FPIC)နှင့်ဆိုင်သော စုံစမ်းလေ့လာသုံးသပ်ချက်ကို တညီတညွတ်တည်း သဘောတူလက်ခံလိုက်ကြ သောအခါ၌ သက်ဆိုင်ရာဆုံးဖြတ်ချက်ချသူများက အခွင့်အရေးရှိသူများနှင့် တိုင်ပင်ဆွေးနွေးကာ အောက်ပါအချက်များပါဝင်သော (FPIC) တောင်းခံလွှာကို ရေးသားရမည်ဖြစ်သည်။

(က) တိုင်ပင်ဆွေးနွေးမှုများကို မည်သည့်နေရာမှာ မည်သို့လုပ်မည်။
(ခ) သက်ဆိုင်ရာ အခွင့်အရေးရှိသူများက မည်သို့ ဆုံးဖြတ်ချက်ချမည်၊ မည်သို့ မှတ်တမ်းတင်မည်။
(ဂ) ဆွေးနွေးတိုင်ပင်မှုများမှာ အကြုံးဝင်မည့် ပထဝီဝင်နယ်မြေများ။

(ဃ) (FPIC)ဆိုင်ရာလုပ်ငန်းနှင့်ပတ်သက်၍ ပြင်ပမှစောင့်ကြည့်မည့် သီးခြားလွတ်လပ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများကဲ့သို့သော အဖွဲ့အစည်းများ သို့မဟုတ် အခြားစောင့်ကြည့် ရေးအဖွဲ့အစည်းများ ရှိ၊ မရှိ။
(င) သဘောတူထားသော အခြေအနေများကို ထိန်းသိမ်းထားစေရေးအတွက် ဆုံးဖြတ်ချက်ချသူများနှင့် အခွင့်အရေးရှိသူများက (FPIC) ဆိုင်ရာလုပ်ငန်းကို မည်သည့်သတ်မှတ်ကာလမှာ စီစစ်သုံးသပ်မည်။
(စ)အခွင့်အရေးရှိသူများအနေနှင့် (FPIC)ဆိုင်ရာလုပ်ငန်းအဆင့်တိုင်းမှာ ပြဿနာများကို တင်ပြခွင့်ရှိသည့်အပြင် လိုအပ်ပါက နည်းလမ်းများကို လုံလုံလောက်လောက်ရှာခွင့်ရှိသော လုပ်ထုံးလုပ်နည်းတခု အတွက်လုပ်ငန်း စည်းမျဉ်းဘောင်။

အဆင့် (၃)။ (FPIC) ဆိုင်ရာလုပ်ငန်း

သက်ဆိုင်သူအားလုံးက ဆုံးဖြတ်ချက်များကို သဘောတူလက်ခံပြီးမှသာလျှင် (FPIC)ဆိုင်ရာလုပ်ငန်းကို ယဉ်ကျေးမှုအရ သင့်လျော်သောနည်းဖြင့် စတင်နိုင်ပါသည်။ (FPIC)နှင့်ဆိုင်သော စုံစမ်းလေ့လာသုံးသပ်မှု မပြီးမြောက်မီမှာ ထို့အပြင်သက်ဆိုင်သူအားလုံးက ဆွေးနွေးတိုင်ပင်မှုဖြင့် (FPIC) ဆိုင်ရာလုပ်ငန်းကို အတည်မပြုရသေးမီမှာ စီမံကိန်းကို စတင်အကောင်အထည်ဖေါ်ခွင့်မရှိကြောင်း စွဲမှတ်ထားသင့်ပါသည်။

(FPIC)ဆိုင်ရာလုပ်ငန်း၏ ခိုင်လုံမှုနှင့် ပတ်သက်၍ ပြဿနာတစုံတရာရှိပါက လုပ်ငန်းကိုသတ်မှတ်ချက်များနှင့်အညီ ဖေါ်ဆောင်စေရေးအတွက် ပြင်ပအဖွဲ့အစည်းတရပ်က သီးခြားလွတ်လပ်သောအကဲဖြတ်ချက်လုပ်ဆောင်ပေးရမည်ဖြစ်ပါသည်။

## အခန်း(၄)

### (FPIC) ဆိုင်ရာအခွင့်ရေးတောင်းဆိုမှုအတွက် တရားဥပဒေအခြေခံ

မြန်မာနိုင်ငံအစိုးရက ထောက်ခံအတည်ပြုထားခဲ့သော (UNDRIP)က မြန်မာနိုင်ငံရှိ ဌာနေတိုင်းရင်းသားပြည်သူအားလုံးအတွက် (အထူးသဖြင့် တိုက်ရိုက်အားဖြင့်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်းသူတို့အပေါ်ထိခိုက်စေသော ဆုံးဖြတ်ချက်ချရာတွင်သူတို့၏ကောင်းစွာကြိုတင်အသိပေးထားသော ဒေသခံတိုင်းရင်းသားပြည်သူများ၏ လွတ်လပ်သောဆန္ဒဖြင့် ထုတ်ဖော်ပြောကြားသည့် သဘောတူညီချက် (FPIC) ဆိုင်ရာအခွင့်အရေးနှင့်ပတ်သက်၍) တရားဥပဒေကာကွယ်စောင့်ရှောက်မှုပေးထားပါသည်။ ဤအခန်းကမြန်မာနိုင်ငံရှိလူမျိုးစုတိုင်းရင်းသားများသည် ဌာနေတိုင်းရင်းသားအရာမြောက်ကြောင်းနှင့် (UNDRIP)မှာပြဋ္ဌာန်းထားသော (FPIC)ဆိုင်ရာအခွင့်အရေးများကို တရားဥပဒေအရ တောင်းဆိုခွင့်ရှိကြောင်း ဖေါ်ပြရန်ရည်ရွယ်ပါသည်။

## ဌာနေတိုင်းရင်းသားပြည်သူတို့၏ အခွင့်အရေးများ

နိုင်ငံတကာဥပဒေအရကြည့်လျှင် ဌာနေတိုင်းရင်းသားပြည်သူတို့အား လူမျိုးစုတိုင်းရင်းသားများအား ပေးသော ကာကွယ်စောင့်ရှောက်မှုထက် ပို၍ကျယ်ပြန့်၊ ပို၍တောင်တင်းခိုင်မာသော ကာကွယ်စောင့် ရှောက်မှုများပေးထားပါသည်။ သာဓကအားဖြင့်ဖေါ်ပြရပါလျှင် UNDRIP (ကောင်းစွာကြိုတင်အ သိပေးထားသော ဒေသခံတိုင်းရင်းသားပြည်သူများ၏ လွတ်လပ်သောဆန္ဒဖြင့် ထုတ်ဖော်ပြောကြား သည့် သဘောတူညီချက် အခွင့်အရေးပါသည့် တခုတည်းသော နိုင်ငံတကာစာချုပ်စာတမ်းဖြစ်သည်) က ဌာနေတိုင်းရင်းသားပြည်သူတို့အား ကာကွယ်စောင့်ရှောက်မှု ပေးထားခြင်းဖြစ်သည်။ ယေဘုယျ အားဖြင့်ဆိုရလျှင် ဌာနေတိုင်းရင်းသားအုပ်စုများသည် များပြားကျယ်ပြန့်သောအခွင့်အရေးများ အထူးသဖြင့် မြေယာ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ မိမိတို့အပေါ်သက်ရောက်မှုရှိသော မူဝါဒများနှင့် စီမံကိန်း များကိုချ မှတ်ရာတွင် ပါဝင်ခွင့်တို့နှင့်ပတ်သက်သော အခွင့်အရေးများကို တောင်းဆိုနိုင်ပါသည်။

အချင်းချင်း စုစည်းလိုက်သောအခါ၌ ဌာနေတိုင်းရင်းသားပြည်သူတို့မှာ နိုင်ငံရေးအရ ဖိအားပေးရန်နှင့် ပြုပြင်ပြောင်းလဲရန် (သာဓကအားဖြင့် မိမိတို့၏ရှေးအစဉ်အဆက်က ပိုင်ဆိုင်ခဲ့၊ အသုံးပြုခဲ့သော မြေ ပေါ်မှာ နိုင်ငံပိုင်ကော်ပိုရေးရှင်းများလုပ်ငန်း လုပ်ဆောင်ပုံနှင့်ပတ်သက်၍)အင်အားရှိပါသည်။ ဌာနေ တိုင်းရင်းသားဖြစ်သည်ဟူသောအချက်အရ ၎င်းတို့မှာနိုင်ငံတကာနှင့်တရားဥပဒေအဆင့်၌ မိမိတို့၏ ရတက်မအေးဖွယ် စိုးရိမ်ပူပန်စရာကိစ္စများကို ပြောဆိုတင်ပြခွင့်ရှိပါသည်။ ဌာနေတိုင်းရင်းသားတို့၏ မိမိမျိုးနွယ်ကို မိမိတို့ကိုယ်တိုင်သတ်မှတ်ခြင်း **(Self-Ascribement)**သည် ဤအခွင့်အရေးများ တောင်းဆိုရေး မဟာဗျူဟာ၏ အစိတ်အပိုင်းတခုဖြစ်ကြောင်း အများကယူဆကြသည်။

ဌာနေတိုင်းရင်းသားအဆင့်အတန်းကို တောင်းဆိုမည်ဆိုလျှင် ပထမဦးစွာ နိုင်ငံတကာလုပ်ငန်းလုပ်ကိုင် မှုဆိုင်ရာ သတ်မှတ်ချက်များမှာပါသော စံထားချက်များ (သာဓကအားဖြင့် ဌာနေတိုင်းရင်းသားပြည် သူတို့အပေါ် ခွဲခြားဆက်ဆံမှုပြဿနာဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန်ဟောင်း ဟိုဆေးမာတီနက်ကို ဘို-**Jose Martinez Cobo** ဖေါ်ပြခဲ့သည့်စံထားချက်များ)ကို ပြည့်မှီအောင်ဖြည့်ဆည်းလျှက် မိမိတို့ သည် ဌာနေတိုင်းရင်းသားများဖြစ်ကြောင်း ထုတ်ဖေါ်ပြရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ လူမျိုးစု အ တော်များများသည် အမှန်တကယ်ပင် ဌာနေတိုင်းရင်းသားအရာမြောက်သည်ဖြစ်ရာ တရားဝင်ဌာနေ တိုင်းရင်းသားအဆင့်အတန်းကို ရယူပါက ဌာနေတိုင်းရင်းသားဖြစ်မှုနှင့် တပါတည်းဖြစ်သောသက်ဆိုင် ရာ အခွင့်အရေးများ (သိရှိနားလည်မှုဖြင့်ကြိုတင်၍ လွတ်လပ်စွာပေးသောသဘောတူခွင့်ပြုချက်ဆိုင် ရာအခွင့်အရေး အပါအဝင်ဖြစ်သည်)ကို တောင်းဆိုနိုင်ပါသည်။

## အခန်း(၅)

မြန်မာနိုင်ငံ၏ တရားဥပဒေရေးရာနှင့် မူဝါဒရေးရာကိစ္စများတွင် ပါဝင်ခွင့်

မြန်မာနိုင်ငံ၌ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့်ဆိုင်သော ဆုံးဖြတ်ချက်များကို လူအများမမြင်ကွယ်ရာ ဥပဒေပြင်ပမှာ ချမှတ်ခဲ့ခြင်းဖြစ်သည်။ စီမံကိန်းမူကြမ်းရေးဆွဲခြင်းမှ အပြီးသတ်ရေးဆွဲပြီးသည်အထိ အဆင့်တိုင်းနှင့် သက်ဆိုင်သောဆွေးနွေးမှုများကို အစိုးရအာဏာပိုင်များနှင့် ကုမ္ပဏီအလုပ်အမှုဆောင်လူကြီးများအကြားမှာသာ လုပ်ခဲ့ကြသည်။ ကောင်းစွာကြိုတင်အသိပေးထားသော ဒေသခံတိုင်းရင်းသားပြည်သူများ၏ လွတ်လပ်သောဆန္ဒဖြင့် ထုတ်ဖော်ပြောကြားသည့် သဘောတူညီချက် (FPIC)မပါရှိပါကနယ် မြေလူထုကိုတိုက်ရိုက်ထိခိုက်စေသော မည်သည့်ဆုံးဖြတ်ချက်ကိုမျှ မချရဟူသော နိုင်ငံတကာစံချိန်ကို သဘောတူလက်ခံထားပြီးဖြစ်ပါလျှက် လက်ရှိဦးသိန်းစိန်အစိုးရအပါအဝင် မြန်မာနိုင်ငံ၏ အစိုးရအဆက်ဆက်သည် ဤစံချိန်နှင့်ဖီလာဆန့်ကျင်ပြု၍ လုပ်ဆောင်လာခဲ့ကြသည်။

မြန်မာနိုင်ငံသည်ကောင်းစွာကြိုတင်အသိပေးထားသောဒေသခံတိုင်းရင်းသားပြည်သူများ၏လွတ်လပ်သောဆန္ဒဖြင့် ထုတ်ဖော်ပြောကြားသည့် သဘောတူညီချက်အခွင့်အရေးပါရှိသော အဓိကနိုင်ငံတကာလုပ်ထုံးလုပ်နည်းများထဲမှ လုပ်ထုံးလုပ်နည်းအနည်းအကျဉ်းမျှလောက်ကို အတည်ပြုလက်မှတ်ရေးထိုးခဲ့သော်လည်း ၎င်းတို့အနက်အများစုသည် ဥပဒေအရ အာဏာတည်သည်မဟုတ်ချေ။ ထို့အပြင် ဤလုပ်ထုံးလုပ်နည်းများကို အမျိုးသားဥပဒေထဲမှာ မည်သို့ထည့်သွင်းပြဋ္ဌာန်းထားသည်ကိုလည်း လုံးဝမသိရချေ။ လူ့အခွင့်အရေးစံချိန်များကို ထိရောက်စေဖို့ဆိုလျှင် ၎င်းတို့ကိုအမျိုးသားဥပဒေထဲမှာအခိုင်အမာထည့်သွင်းပြဋ္ဌာန်းရမည် ဖြစ်ပါသည်။ နိုင်ငံတကာသဘောတူစာချုပ်အတော်များများက ပြည်တွင်းဥပဒေကို ဤစာချုပ်များအကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်းမျဉ်းဘောင်၏ အစိတ်အပိုင်းအဖြစ်ကျင့်သုံးရန် တိကျစွာအခွင့်အာဏာပေးထားကြောင်း မှတ်သားထားရန်လိုပါသည်။[၂၈] ထို့အပြင် ကမ္ဘာပေါ်မှာလူ့အခွင့်အရေးလုပ်ငန်း တိုးမြှင့်ဆောင်ရွက်ရေးနည်းလမ်းများကို ပြဆိုထားသည့် အဓိကကြေညာချက်တစောင်ဖြစ်သော ဗီယင်နာကြေညာချက်နှင့် လုပ်ဆောင်ချက်အစီအစဉ် (Vienna Declaration and Program of Action)ကလည်း အစိုးရများအား ထိရောက်သော လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှုနည်းလမ်းအဖြစ် နိုင်ငံတကာစံချိန်များကို အမျိုးသားဥပဒေထဲမှာထည့်သွင်းပြဋ္ဌာန်းရန် တိုက်တွန်းထားသည်။[၂၉]

ဒေသခံပြည်သူများ၏ခွင့်ပြုချက်ပေးခြင်း သို့မဟုတ် ခွင့်ပြုချက်မပေးဘဲနေခြင်းဆိုင်ရာ အခွင့်အရေးကို အခြေခံကျကျ တရားဝင်ကာကွယ်စောင့်ရှောက်ပေးမှုနှင့် တရားဥပဒေစိုးမိုးမှုတို့မရှိမချင်း အကြီးအကျယ် ဥပဒေလစ်ဟာနေမှုကြောင့် မြန်မာနိုင်ငံတဝှမ်း၌ အစိုးရအာဏာပိုင်များနှင့် ကော်ပိုရေးရှင်းများသည် ကျေးရွာလူထုများအား မည်သည့်ကာကွယ်စောင့်ရှောက်မျိုးကို မျှမပေးဘဲ မရေရာမသေချာသော

၂၈။ ဤသို့သော ဥပမာတခုမှာ မြန်မာနိုင်ငံက အသိအမှတ်ပြု လက်မှတ်ရေးထိုးထားသည့် ကလေးများအခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက် (CRC) ဖြစ်ပါသည်။

၂၉။ “Vienna Declaration and Program of Action,” UN General Assembly, 12 July 1993, A/CONF.157/23

အခြေအနေထဲသို့ ယခင့်ယခင်အတိုင်းမောင်းပို့ နေဦးမည်သာ ဖြစ်ပါသည်။

## မြန်မာနိုင်ငံ၏ အမျိုးသားဥပဒေ

မြန်မာနိုင်ငံ၏ကြမ်းကြုတ်သော တရားဥပဒေစနစ်သည် ဒီမိုကရေစီအသွင်ကူးပြောင်းမှုနှင့်အတူပြောင်းလဲသွားသေးသည်မဟုတ်ချေ။ ၂၀၀၂ ခုနှစ်ကစ၍ ကမ္ဘာ့ဘဏ်က နှစ်စဉ်လုပ်ဆောင်ခဲ့သော ကမ္ဘာ့အစိုးရ အုပ်ချုပ်မှုစနစ်များညွှန်းကိန်းတွင် မြန်မာနိုင်ငံသည်အောက်ဆုံး (၅)ရာခိုင်နှုန်းသော နိုင်ငံများတွင်ပါဝင်နေခြင်းအားဖြင့် ဤအချက်ကပေါ်လွင် ထင်ရှားနေပါသည်။[၆၀] ထို့ပြင် (Maplecroft)[၆၁] အဖွဲ့၏ အန္တရာယ်ရှိနိုင်ဖွယ် အခြေအနေစီစစ်သုံးသပ်ချက်ပုံစံဖြင့်ဖော်ပြသော ၂၀၁၂ ခုနှစ် အစီရင်ခံစာအရ စစ်ပွဲ၊ အာဏာရှင်စနစ်၊ မတည်ငြိမ်မှုတို့က အဓိကနိုင်ငံရေးအင်အားစုများဖြစ်နေသော မြန်မာနိုင်ငံ၏ တရားဥပဒေစနစ်သည် စီးပွားရေးလုပ်ငန်းလုပ်ဆောင်ရေးတွင် ကမ္ဘာ့အဆိုးရွားဆုံးဥပဒေစနစ်ဖြစ်သည်ဟုသတ်မှတ်ခံခဲ့ရသည်။ တရားဥပဒေအရကာကွယ်စောင့်ရှောက်ပေးမှုလုံးဝမရှိခြင်းကြောင့်နိုင်ငံခြား ကော်ပိုရေးရှင်းများအဖို့ မြန်မာနိုင်ငံသည် "အလွန်အန္တရာယ်များသည့်" တိုင်းပြည်ဖြစ်သည်ဟုလည်း ထိုအဖွဲ့ကရည်ညွှန်းခဲ့သည်။[၆၂] မြန်မာနိုင်ငံ ဤနာမည်ဆိုးရခဲ့သည်မှာ (၅)နှစ်လုံးလုံးကြာခဲ့ပြီဖြစ်ပါသည်။

မြန်မာနိုင်ငံမှာဆုံးဖြတ်ချက်ချရာ၌ ပါဝင်ခွင့်ကိုအသိအမှတ်ပြုသော ဥပဒေမရှိသော်လည်း နယ်မြေသူနယ်မြေသားများအဖို့ အချိန်ကာလတခုကြာမျှ ရေးရိုးစဉ်ဆက်ပိုင်ဆိုင်ခြင်း သို့မဟုတ် စိုက်ပျိုးခြင်း သို့မဟုတ် နေထိုင်ခြင်း သို့မဟုတ် အသုံးပြုခြင်းရှိခဲ့သော မြေယာများပိုင်ဆိုင်ခွင့်ကို ဥပဒေအနည်းအကျဉ်းလောက်ကသာ ကာကွယ်စောင့်ရှောက်ပေးကြောင်း တွေ့ရပါသည်။ ဤဥပဒေများကား ၁၉၆၃ ခုနှစ် တောင်သူလယ်သမားများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဥပဒေ၊ ၁၉၆၃ ခုနှစ်သီးစားချထားရေးဥပဒေ၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေတို့ဖြစ်ပါသည်။ သို့ဆိုသည့်တိုင် ဤဥပဒေများကို မြန်မာနိုင်ငံမှာ တကယ်တမ်းအာဏာတည်စေခဲ့ဖူးခြင်း မရှိချေ။ အာဏာတည်စေခဲ့သော အခါ၌လည်း တိုင်းပြည်အနှံ့မြေသိမ်းယူမှုများကို တရားမျှတကြောင်းဖော်ပြရန် အလို့ငှာသာ ဥပဒေကို လက်တလုံးခြားလှည့်ပတ်ပြီး အာဏာတည်စေခဲ့ခြင်းဖြစ်သည်။ ဆိုရှယ်လစ်အစိုးရက မြေယာအများစုကို နိုင်ငံပိုင်အဖြစ်သိမ်းယူခဲ့သော ၁၉၆၀ ခုလွန်နှစ်များကစ၍ မြေယာပိုင်ဆိုင်ခွင့်သည် အများအားဖြင့် ရှင်းလင်း တိကျမှုမရှိချေ။ တရားဥပဒေစိုးမိုးမှုယိုယွင်းပျက်စီးနေခြင်းကြောင့် မြေယာပိုင်ဆိုင်ခွင့်သည် အဓိကအားဖြင့် နိုင်ငံရေးအဆက်အသွယ်နှင့် ငွေကြေးပေါ်မှာသာ တည်ပါသည်။

၁၉၆၃ ခုနှစ် တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်စောင့်ရှောက်ရေး ဥပဒေသည် မြေသိမ်းယူမှု

---

၆၀။ Rule of Law, The Worldwide Governance Indicators (WGI) project, The World Bank Group

၆၁။ "Five key business risks in Myanmar," 7 February 2012, Maplecroft, referring to Q1 Country Risk Report

၆၂။ "Weak 'rule of law' in Myanmar, S Sudan, Turkmenistan, Libya, Angola and Iraq poses significant risk to oil and gas firms – new report," Maplecroft, 8 March 2012

များနှင့် အတင်းအဓမ္မနှင်ထုတ်ခြင်းများကို ပိတ်ပင်တားဆီးရန် ရည်ရွယ်သောဥပဒေအနည်းအကျဉ်းထဲမှ တခုဖြစ်သည်။[၄၃] ဤဥပဒေက တောင်သူလယ်သမားဆိုသည်မှာမိမိ၏ အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းအဖြစ် လယ်ယာစိုက်ပျိုးရေးကို လုပ်ကိုင်သူအဖြစ် သတ်မှတ်ထားပြီး တရား၊မတရား ရုံးက အမိန့် ဒီဂရီချမှတ်သည့်တိုင် တရားမဝင်ဟု ဆိုနိုင်ဖွယ်ရှိသော လုပ်ရပ်များကို သတ်မှတ်ဖော်ပြထား သည်။ ဤလုပ်ရပ်များတွင် လယ်ယာစိုက်ပျိုးမြေကို သိမ်းယူခြင်း၊ တောင်သူလယ်သမားများအား လယ်ယာမြေထဲသို့ မဆင်းရဟု ပိတ်ပင်တားမြစ်သော တရားရုံးအမိန့်၊ ဤအခြင်းအရာများနှင့် စပ်လျဉ်း၍ တောင်သူလယ်သမားအားဖမ်းဆီးခြင်း သို့မဟုတ် ချုပ်နှောင်ခြင်းတို့ပါဝင်သည်။ မြန်မာနိုင်ငံ အစိုးရက လယ်ယာမြေများကို တိုက်ရိုက်အားဖြင့် သိမ်းယူခြင်းဖြစ်စေ၊ သိမ်းယူခွင့်ပေးခြင်းဖြစ်စေ ၁၉၆၃ ခုနှစ် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဥပဒေကို တိုက်ရိုက်အား ဖြင့် အတိအလင်း ချိုးဖောက်ရာရောက်ပါသည်။

လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေနှင့် ၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေနှစ်ခုစလုံးသည် လက်ရှိလုပ်နေသော လယ်ယာမြေကို ပိုင်ဆိုင်ခွင့်ပေးထားခြင်းအားဖြင့် ကျေးရွာသားများအားမူလက ကာကွယ်စောင့်ရှောက်ပေးရန် ရည်ရွယ်ခဲ့သော်လည်းနောက်ပိုင်းမှာ လာဘ်စားသောအစိုးရအရာရှိများ နှင့် ကော်ပိုရေးရှင်းများ၏အကျိုးအတွက် လက်တလုံးခြားလုပ်၍ အသုံးချခြင်းခံခဲ့ရသည်။ သာဓကအား ဖြင့် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေသည် တောင်သူလယ်သမားများအားမိမိတို့လုပ်ကိုင် နေသော လယ်ယာမြေအနည်းအကျဉ်းခန့်ကို ပိုင်ဆိုင်ခွင့်ရှိစေရန် ပြဋ္ဌာန်းပေးသည်။ သို့ရာတွင်နောက် ပိုင်းမှာ လုပ်ခဲ့သောဥပဒေပြင်ဆင်ချက်များက နဂိုမူလရည်ရွယ်ချက်ကို ရုပ်ပျက်ဆင်းပျက်ဖြစ်သွားစေခဲ့ ပြီး အစိုးရအာဏာပိုင်များအဖို့ ကျေးရွာသားများထံမှ အရင်းအမြစ်များကိုကဲ့ယူကာ ကိုယ်ကျိုးရှာစေ နိုင်ခဲ့သည်။

မြေယာအသုံးပြုမှုနှင့် ချထားရေးကိစ္စတွင် အစိုးရအားလိုလျှင် လိုသလိုဆွဲဆန့်နိုင်သော အာဏာကိုပေး ထားသောကြောင့် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ ကိစ္စတွင် ဥပဒေလက်တလုံးခြားလုပ်မှု များ အကြီးကျယ်ဖြစ်ဖြစ်ပွားနေပါသည်။ သို့ဖြစ်ရာအရမ်းကာရော မြေယာသိမ်းယူမှုများနှင့် လယ်ယာ မြေမှ နှင်ထုတ်မှုများ မဖြစ်ပွားရအောင် ကာကွယ်စောင့်ရှောက်ပေးသော အခြေခံဥပဒေများရှိနေသော် လည်း ၎င်းဥပဒေတို့သည် မြန်မာနိုင်ငံပြည်သူတို့၏ အခြေခံအခွင့်အရေးများထက် အစိုးရအရာရှိများ၏ အကျိုးကိုအဓိကအားဖြင့် ကာကွယ်စောင့်ရှောက်ပေးသော ဘက်လိုက်ကျင့်သုံးရေး (စာဖြင့်ရေးပြမ ထားသော) မူဝါဒနှင့်ပတ်သက်၍ အရာမရောက်ချေ။

၂၀၁၂ ခုနှစ်အတွင်းက လွှတ်တော်တွင် မြေယာဥပဒေ (၂)ရပ် (လယ်ယာမြေ ဥပဒေမူကြမ်းနှင့် မြေ လွတ်၊ ပလပ်မြေနှင့် မြေရိုင်းများချထားရေးဥပဒေမူကြမ်း) တင်သွင်းရာ၌ မြေယာပြုပြင်ရေးကိစ္စနှင့်ပတ် သက်၍ ငြင်းခုန်ဆွေးနွေးမှုအကြီးအကျယ်ဖြစ်ပွားခဲ့သည်။ ဤဥပဒေများသည် မြန်မာနိုင်ငံရှိပတ်သက်

၄၃၊ "Housing, Land, and Property Rights in Burma: the current legal framework," Scott Leckie and Ezekiel Simperingham, Displacement Solutions & HLP Institute, p. 565, 2009

နေသော လယ်သမားများ၊ မြေယာအခွင့်ရေးအတွက်လှုပ်ရှားသူများမှအစ ဂျိုးဆက်ဖ်စတစ်ဂလစ် (Joseph Stiglitz)၊ ဟားဘတ်တက္ကသိုလ် –ဂျေအက်ဖ်ကေအစိုးရကျောင်းမှပညာရှင်များနှင့် (UN-Habitat)တို့မှ ပညာရှင်အကျော်အမော်များ၏ ဝေဖန်ခြင်းခံခဲ့ရသည်။ အဓိကပြဿနာကား အဆိုတင်သွင်းသော လယ်ယာမြေဥပဒေများသည် တောင်သူလယ်သမားများအား အကြီးအကျယ်မြေယာသိမ်းခြင်းရန်မှ ကာကွယ်ပေးခြင်းမရှိဟူ၍ ဖြစ်ပါသည်။

အဆိုပြုသောဥပဒေများတွင် ရောမဟာကွက်ကြီးများရှိနေပါသည်။ အထူးသဖြင့် စိုက်ပျိုးသီးနှံကို လွတ်လပ်စွာ ရွေးချယ်ခွင့်မရှိခြင်း၊ အဓိပ္ပါယ်ဖွင့်ဆိုချက်များ (မည်သို့သောအခြေအနေမျိုးတွင် လယ်ယာမြေကို တရားဝင်ရယူခွင့်ရှိသည်ဟူသော အဓိပ္ပါယ်ဖွင့်ဆိုချက်မျိုးအပါအဝင်ဖြစ်သည်) ရှင်းလင်းမှု မရှိခြင်းတို့ ဖြစ်ပါသည်။ မြေလွတ်၊ ပလပ်မြေနှင့် မြေရိုင်းများချထားရေး ဥပဒေမူကြမ်းသည် ၎င်းလက်ရှိအနေအထားအတိုင်းဆိုလျှင် ပလပ်မြေဟုဆိုနိုင်သောမြေများကို အကြီးစား လယ်လုပ်ငန်းရှင်များအားရယူခွင့်ပေးထားပါသည်။ UN-Habitat က မူအဆိုပြုသောဥပဒေမူကြမ်းသည် "ဤမြေယာ သိမ်းယူမှုများကို တရားဝင်အသိအမှတ်ပြုပေးမည့်အပြင် နောက်ထပ်အများအပြားဖြစ်ပွားစေလိမ့်မည်…ထို့အပြင်ကျေးလက်နေမြေယာမဲ့များ အများအပြားပါဝင်သော လူတန်းစားတရပ်ကိုပေါ်ပေါက်စေပြီး၊" ထိုမှတဖန် "ဥစ္စာခနှင့်ဝင်ငွေကွာဟမှုများ"ကို ပို၍ဆိုးရွားစေလိမ့်မည်ဟူသော ပြဿနာကိုတင်ပြခဲ့သည်။[၄၄]

ထို့အပြင် ဥပဒေမူကြမ်းပြုစုစဉ်ကလည်း အရပ်သားအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းမှ ပါဝင်ပတ်သက်သူများနှင့်လည်း အစစ်အမှန်တိုင်ပင်ဆွေးနွေးခဲ့ခြင်းမရှိချေ။ UN-Habitat အဖွဲ့မှမြေယာ၊ သီးခြားချထားမှုနှင့် ပိုင်ဆိုင်ပစ္စည်း စီမံအုပ်ချုပ်ရေးအဖွဲ့ ( Land,Tenureand Property Management ) ၏ အကြီးအကဲဖြစ်သူ ဒေါက်တာဩဂက်စတင်းနပ် (Dr. Augustinus)က မြန်မာနိုင်ငံခရီးမှ ပြန်သွားပြီး နောက်တွင် "မြေယာဥပဒေမူကြမ်းတခုကို အောင်မြင်စွာ အရေးဆွဲရေးသည် ကြိုတင်လုပ်ဆောင်ချက်များ (ဆွေးနွေးတိုင်ပင်ခြင်းအပါအဝင်)အပေါ်တွင်မူတည်ပါသည်"ဟုရေးသားခဲ့သည်။[၄၅] မိမိတို့၏ပြဿနာများနှင့်ပတ်သက်၍ တိုင်ပင်ဆွေးနွေးခြင်းမခံရသော မြန်မာနိုင်ငံ၏တောင်သူလယ်သမားများက မိမိတို့၏အသံကိုကြားအောင် ဖေါ်ထုတ်ခဲ့ကြသည်။ ၂၀၁၂ ခုနှစ်တွင်တောင်သူလယ်သမား (၁၄၂၁)ဦး လက်မှတ်ရေးထိုးထားသောစာတစောင်ကို သမ္မတထံပေးပို့ ခဲ့ကြသည်။[၄၆] အဆိုပြုထားသော ဥပဒေမူကြမ်းများတွင် ဖြေရှင်းပေးရန်လိုအပ်သည်ဟု ယူဆသော အချက် (၇)ချက် (လယ်မြေပိုင်ဆိုင်ခွင့်နှင့် မြေယာမှုများကို တရားရုံးများမှာ ဖြေရှင်းပိုင်ခွင့်ကဲ့သို့သော အချက်များဖြစ်သည်)ကိုတင်ပြထားသည်။ လူဦးရေ၏ (၃)ပုံ (၂)ပုံသည် ဝမ်းစာအတွက်စိုက်ပျိုးသော တောင်သူလယ်သမားများဖြစ်ကြသဖြင့် မြေယာပြုပြင်ရေးသည် အများပါဝင်မှုရှိပြီး ရေရှည်လည်းတည်တံ့နိုင်သော ဖွံ့ဖြိုးမှုရရှိရေးအတွက် အထူးအရေးကြီးသည်ဟု အများကရှုမြင်ကြပါသည်။

---

၄၄၊ "More warnings over land bills," Thomas Kean, Myanmar Times, 20-26 February 2012, volume 31, no. 615

၄၅၊ "More warnings over land bills," Thomas Kean, Myanmar Times, 20-26 February 2012, volume 31, no. 615

၄၆၊ "Farmers seek landbill changes," by EiEi Toe Lwin, Myanmar Times, 27 February 2012

အမျိုးသားဥပဒေ ရေးဆွဲပြဋ္ဌာန်းထားသည့်တိုင် မြန်မာနိုင်ငံမှာ တရားဥပဒေစိုးမိုးမှုမရှိခြင်းကြောင့်သက်ဆိုင်ရာတရားဥပဒေ ကာကွယ်စောင့်ရှောက်ပေးမှုများနှင့် ပြဋ္ဌာန်းချက်များကို အာဏာတည်စေရန် အလွန်ခက်ခဲပါသည်။ သီးခြားလွတ်လပ်သော တရားစီရင်ရေးစနစ်တရပ်ရှိရေး၊ (အစိုးရအာဏာပိုင်များ အပါအဝင်) မည်သူမျှ တရားဥပဒေမှလွတ်ငြိမ်းခွင့်မရှိရေးတို့ အပါအဝင် တရားဥပဒေစိုးမိုးမှုအတွက်မရှိမဖြစ်သောအချက်များသည် မြန်မာနိုင်ငံမှာစိတ်ပျက်စရာကောင်းလောက်အောင်ခေါင်းပါးသည်။ လျှို့ဝှက်တရားရုံးများနှင့် ထိန်းသိမ်းရေးစခန်းများသည် တိုင်းပြည်မှာ ပြည့်နှက်နေပြီး နယ်မြေအာဏာပိုင်များက ထင်သလိုအနိုင်ကျင့်သော နည်းပရိယာယ်ကိုကျင့်သုံးမြဲကျင့်သုံးနေလျှက်ရှိသည်။ ၂၀၁၂ ခုနှစ် ကမ္ဘာ့စီးပွားရေးနှီးနှောဖလှယ်ပွဲ၌ ဒေါ်အောင်ဆန်းစုကြည်က “အကောင်းဆုံးဆိုတဲ့ ရင်းနှီးမြှုပ်နှံမှု ဥပဒေတွေဖြစ်ပါစေ၊ ဒီဥပဒေတွေကိုတရားမျှတစွာ ကျင့်သုံးနိုင်လောက်တဲ့သန့်ရှင်း လွတ်လပ်တဲ့တရားရုံးများမရှိဘူးဆိုရင် အသုံးဝင်မည်လိမ့်မယ်မဟုတ်ပါဘူး။ ဒါကကျမတို့ရဲ့ပြဿနာပါ။ ဘယ်လောက်အထိဖြစ်နေသလဲဆိုရင်၊ တရားစီရင်ရေးဘက်မှာ ဘာပြုပြင်ပြောင်းလဲရေးမှမတွေ့ရသေးပါဘူး” ဟုပြောကြားကာ ရင်းနှီးမြှုပ်နှံမည့်သူများကို ခပ်ပြတ်ပြတ်သတိပေးခဲ့သည်။[၄၇]

## အခန်း(၆)

### မြန်မာနိုင်ငံ၏ နိုင်ငံတကာ တာဝန်ဝတ္တရားများ

မြန်မာနိုင်ငံသည် (UNDRIP)ကို သဘောတူအတည်ပြုခဲ့သည့်အပြင် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (ILO)၏ တင်းပြည့်အဖွဲ့ဝင် နိုင်ငံတနိုင်ငံလည်းဖြစ်သည်။[၄၈] သို့ရာတွင် ဤအစီရင်ခံစာမှာ ဖေါ်ပြထားသော ဖြစ်ရပ်များက မြန်မာနိုင်ငံအားနိုင်ငံတကာ ကတိကဝတ်များ ပျက်ကွက်သည့်အဖြစ်သို့ရောက်စေသော ကျူးလွန်နေကျ မတော်မတရားမှုများကို အထင်းသားပေါ်လွင်စေပါသည်။ မျက်နှာပန်းလှရုံလုပ်ပြရုံနှင့်မပြီးသော တရားဥပဒေဆိုင်ရာကာကွယ်စောင့်ရှောက်ပေးမှု ကင်းမဲ့ခြင်းကြောင့် မြန်မာနိုင်ငံသည် လူမျိုးစုတိုင်းရင်းသားများနှင့် ဌာနေတိုင်းရင်းသားအုပ်စုများ၏ အသက်မွေးဝမ်းကျောင်းမှုကို ထိခိုက်စေသည့်ကိစ္စများတွင်ပါဝင်မှုအခွင့်အရေးနှင့်ပတ်သက်၍ အထင်သေးစရာ နိုင်ငံတကာ အဆင့်အတန်းသို့ရောက်စေခဲ့ပါသည်။

### (ILO)သဘောတူညီချက် (၁၆၉)

(ILO)သဘောတူညီချက် (၁၆၉)သည် ဌာနေတိုင်းရင်းသားပြည်သူများနှင့် မျိုးနွယ်စုများမိမိတို့နေထိုင်ရာမြေများကို ပိုင်ဆိုင်အောင်နှင့် မိမိတို့အပေါ်ထိခိုက်စေသော လုပ်ငန်းများနှင့် ပတ်သက်၍ဆုံးဖြတ်ချက်များချနိုင်အောင် ၎င်းတို့၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးသည့်တခုတည်းသော

၄၇ “Democracy leader cautions investors against ‘reckless optimism’ in Myanmar,” Thomas Fuller, NY Times, 1 June 2012

၄၈ (ILO) က မြန်မာနိုင်ငံနှင့် ပတ်သက်၍ ကန့်သတ်ထားချက်များကို ၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့တွင် ရုပ်သိမ်းပေးခဲ့ပါသည်။ ယခုအခါ မြန်မာ နိုင်ငံသည် (ILO) ၏ တင်းပြည့်အဖွဲ့ဝင်နိုင်ငံ ဖြစ်ပါသည်။

နိုင်ငံတကာဥပဒေဖြစ်သည်။ သဘောတူညီချက်၏ ပုဒ်မ ၁၃–၁၉တို့သည် မြေယာအခွင့်အရေးများကို သီးသန့်ရှင်းလင်းဖွင့်ဆိုထားပြီး ဌာနေပြည်သူတို့ကို နေရာရွှေ့ပြောင်းစေခြင်းသည် ထိုပြည်သူတို့၏ လွတ် လပ်ပြီး သိရှိမှုဖြင့်ပေးသော ခွင့်ပြုချက်ဖြင့်သာလျှင် လုပ်ဆောင်ရမည့် ချွင်းချက်သဘောဆောင် သော အစီအမံဖြစ်ကြောင်း အထူးအလေးတင်း ဖော်ပြထားသည်။[၄၉] အဖွဲ့ဝင်နိုင်ငံများအနက် သဘော တူညီချက်ကို လက်မှတ်ရေးထိုးသူဦးရေသည် စိတ်ပျက်စရာကောင်းလောက်အောင် နည်းသော်လည်း (ILO)ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်းအရ နိုင်ငံတနိုင်ငံသည်သဘောတူညီချက်အသစ်တခုကို တနှစ်အ တွင်းမှာ လက်မှတ်ရေးထိုးခြင်းမပြုပါက အဘယ့်ကြောင့် လက်မှတ်ရေးထိုးရန် နှောင့်နှေးနေရကြောင်းကို ရှင်းပြရမည်ဖြစ်ပါသည်။ (ILO)သည် ကုလသမဂ္ဂကဲ့သို့ မဟုတ်ဘဲ သဘောတူညီချက်တခုကို လက် မှတ်ရေးထိုးရန် ငြင်းဆန်ခြင်းကို လူ့အခွင့်အရေးချိုးဖောက်ရန် အလားအလာရှိခြင်းအဖြစ် သဘော ထားသည့်အပြင် လက်မှတ်ရေးထိုးသည်ဖြစ်စေ၊ မထိုးသည်ဖြစ်စေ အဖွဲ့ဝင်နိုင်ငံအားလုံး၏ လက်တွေ့ အခြေအနေကို စောင့်ကြည့်လေ့လာသည်။ သို့ဖြစ်ရာမြန်မာနိုင်ငံသည် သဘောတူညီချက် (၁၆၉)ကို တရားဝင်လက်မှတ်ရေးထိုးခြင်း မရှိသော်လည်း အဆိုပါသဘောတူညီချက်ပါ အခွင့်အရေးများကို အ ကောင်အထည်ဖော်ပေးရန် တာဝန်ရှိနေသေးသည့်အပြင် (ILO)၏စောင့်ကြည့်မှုကိုလည်း ခံရဦးမည်ဖြစ် သည်။

## ဌာနေတိုင်းရင်းသားပြည်သူများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း (UN Declaration on the Rights of Indigenous People's-UNDRIP)

ကောင်းစွာကြိုတင်အသိပေးထားသော ဒေသခံတိုင်းရင်းသားပြည်သူများ၏ လွတ်လပ်သောဆန္ဒဖြင့် ထုတ်ဖော်ပြောကြားသည့် သဘောတူညီချက် (FPIC) ဆိုင်ရာပြဋ္ဌာန်းချက်အပြည့်အစုံကို မြန်မာနိုင်ငံ က(၂၀၀၇)ခုနှစ် စက်တင်ဘာလတွင် ထောက်ခံမဲပေးခဲ့သော (UNDRIP)ထဲမှာသာ တွေ့နိုင်ပါသည်။ "၎င်းတို့၏မြေယာများ၊ ပိုင်နက်နယ်မြေများနှင့် အခြားသောသယံဇာတအရင်းအမြစ်များကို ထိခိုက် စေသော စီမံကိန်များ အထူးသဖြင့် ဖွံ့ဖြိုးရေး၊ ဓာတ်သတ္တု၊ ရေ၊ အခြားသော သယံဇာတအရင်းအမြစ်တို့ ကိုအသုံးပြုရေး၊ ထုတ်ယူရေးတို့နှင့်သက်ဆိုင်သော စီမံကိန်းတခုခုကိုအတည်မပြုမီမှာ"[၅၀]သိရှိနားလည် မှုဖြင့် လွတ်လပ်စွာပေးသောခွင့်ပြုချက်လိုအပ်သည်ဟု ပုဒ်မ(၃၂)ကဆိုထားသည်။ ဥပဒေအာဏာမ တည်သော်လည်း ဤကြေညာချက်ကိုအခြားသော ကုလသမဂ္ဂလူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် တရားရုံးချုပ်တရုံးတို့က နိုင်ငံတကာစံချိန်တရပ်အဖြစ် ရည်ညွှန်းကိုးကားကြသည်။[၅၁]

---

၄၉။ Article 16-2 of the Indigenous and Tribal Peoples Convention, 1989 (No. 169), adopted 27 June 1989 and entered into force 5 September 1991, International Labor Organization

၅၀။ Article of the UNDRIP, adopted by UN General Assembly 13 September 2007, A/61/L.67 and Add.1

၅၁။ Maia S. Campbell & S. James Anaya, The Case of the Maya Villages of Belize: Reversing the Trend of Government Neglect to Secure Indigenous Land Rights, 8 Hum. Rts. L. Rev. 377, 379 (2008).

## ကာကွယ်စောင့်ရှောက်ပေးရေးတာဝန်

မြန်မာနိုင်ငံသည်အချို့သော နိုင်ငံတကာသဘောတူစာချုပ်များကို လက်မှတ်မရေးထိုးခဲ့သည့်တိုင် ဤသို့လက်မှတ်မရေးထိုးခဲ့ခြင်းကြောင့် ဤသဘောတူစာချုပ်များနှင့်မလျော်ညီသောလုပ်ဆောင်ချက်များကိုလုပ်ခွင့်ရှိသည်ဟု သဘောမသက်ရောက်ချေ။ ကမ္ဘာတဝှမ်းလုံးမှ နိုင်ငံအစိုးရအများစုက သဘောတူလက်ခံထားသောကြောင့် ထုံးတမ်းစဉ်လာ နိုင်ငံတကာဥပဒေတွင် ထည့်သွင်းထားသော လူ့အခွင့်အရေးစံချိန်အများအပြားရှိသည်။ သို့ဖြစ်ရာ နိုင်ငံအစိုးရတရပ်က ဤဥပဒေကို လက်မှတ်ရေးထိုးခြင်းသော်လည်းကောင်း၊ သဘောတူခြင်းသော်လည်းကောင်း၊ ခွင့်ပြုခြင်းသော်လည်းကောင်း မရှိခဲ့စေကာမူ ဤဥပဒေသည် အာဏာတည်လာပါသည်။ ဤအချက်နှင့် ပတ်သက်၍ ရှင်းလင်းသော သာဓကတခုကား ညှဉ်းပန်းနှိပ်စက်မှုဆန့်ကျင်ရေးသဘောတူညီချက် သို့မဟုတ် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းဖြစ်သည်။ အများအားဖြင့်တရားရုံးများသည် မိမိတို့၏ဆုံးဖြတ်ချက်ချခြင်းလုပ်ငန်း အတွက် လမ်းညွှန်တရပ်အဖြစ် ထုံတမ်းစဉ်လာ၊ နိုင်ငံတကာဥပဒေနှင့် စံချိန်များကို မှီငြမ်းကိုးကားလေ့ရှိကြသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေနှင့်အများသဘောတူလက်ခံထားကြသော အချို့အခွင့်အရေးများကို သဘောတူလက်မှတ်ရေးထိုး မထားသည့်တိုင်လိုက်နာရန် နိုင်ငံတကာတာဝန်ရှိနေပါသေးသည်။ (FPIC) ၏ အခြေခံဖြစ်သော ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် ဌာနေတိုင်းရင်းသားပြည်သူများ၊ လူမျိုးစုအမျိုးသားများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း၏ အခြေခံမှုများသည် ထုံးတမ်းစဉ်လာနိုင်ငံတကာဥပဒေလောက်နီးနီးတာသွားသော အများလက်ခံထားသည့် လူ့အခွင့်အရေးများဖြစ်သည်ဟုဆိုနိုင်ပါသည်။ "နိုင်ငံအုပ်ချုပ်ရေးတွင်ပါဝင်ခွင့်အပါအဝင် အခြားအခွင့်အရေးအမျိုးမျိုး"[၅၂] တို့ပါဝင်သော ကိုယ်ပိုင်ပြဌာန်းခွင့်ကို နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက် (International Covenant on Civil and Political Right-ICCPR)၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘောတူညီချက် (International Convenebt on Economic, Social and Cultural Rights-ICESCR)၊ အသားအရောင် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကော်မတီ (Committee on the Elimination of Racial Discrimination-CERD) အပါအဝင် အဓိက နိုင်ငံတကာမှီငြမ်းကိုးကားစရာများတွင်ရှင်းလင်းပြတ်သားစွာဖေါ်ပြထားပါသည်။ (UNDRIP)ကိုသဘောတူလက်မှတ်ရေးထိုးသောနိုင်ငံများပို၍များလာသောအခါ၌[၅၃] မြန်မာနိုင်ငံသည် လူမှုအုပ်စုများကမိမိတို့၏အပေါ်ထိခိုက်စေသော ဆုံးဖြတ်ချက်များချရာ၌ အဓိပ္ပါယ်ရှိရှိပါဝင်နိုင်ရေးအတွက် တာဝန်ယူနိုင်ကြောင်းနှင့်တာဝန်ယူရမည်လည်းဖြစ်ကြောင်း ထင်ရှားနေပါသည်။

---

၅၂။ Erica-Irene A. Daes, Special Rapporteur on the Rights of Indigenous Peoples, Prevention of Discrimination and Protection of Indigenous Peoples: Indigenous Peoples' Permanent Sovereignty over Natural Resources: Final Report of the Special Rapporteur, United Nations, U.N. Doc. E/CN.4/2004/30, at 17 (2004).

၅၃။ (UNDRIP) သဘောတူညီချက်ကို နိုင်ငံ ၁၄၄ ခုက ထောက်ခံမဲပေးခဲ့ကြပါသည်။

## အပိုင်း ၂။

### ခွဲခြားဆက်ဆံမှုနောက်ကွယ်က အချက်အလက်များ

*အောက်ပါဖော်ပြထားသော လေ့လာတွေ့ရှိချက်သည် စီမံကိန်း အာဏာပိုင်များ၏မောက်မာသော အနိုင်ကျင့်ခြိမ်းခြောက်ခြင်းနှင့် သတင်းအချက်အလက်များကိုသိုသိုသိပ်သိပ်ဖုံးဖိခြင်း သဘာဝကိုပေါ်လွင်စေပါသည်။*

*အာဏာပိုင်တဦးကဖွံ့ဖြိုးရေးစီမံကိန်းကိုစတင်အကောင်အထည်မဖော်မီအထိစစ်တမ်းကောက်ယူခြင်းခံသူများ၏ ၉၀%နီးပါးသည် စီမံကိန်းအကြောင်းနှင့်ပတ်သက်၍ မည်သည့်သတင်းအချက်အလက်မျှမရရှိခဲ့ကြချေ။*

*ဤလေ့လာတွေ့ရှိချက်ကဖော်ပြနေသည်ကား မြန်မာနိုင်ငံရှိလူအုပ်စုအမျိုးမျိုးတို့သည် ကောင်းစွာကြိုတင်အသိပေးထားသော ဒေသခံတိုင်းရင်းသားပြည်သူများ၏လွတ်လပ်သောဆန္ဒဖြင့် ထုတ်ဖော်ပြောကြားသည့် သဘောတူညီချက် (FPIC)မရှိဘဲ ဖွံ့ဖြိုးရေး၏အကျိုးကျေးဇူးများကို ခံစားရရှိရန်မဖြစ်နိုင်ဟူ၍ဖြစ်ပါသည်။*

## အခန်း(၇)

### အဓိက တွေ့ရှိချက်များ

(CORE)အဖွဲ့က သင်တန်းပေးထားသောအချက်အလက်ကောက်ယူသူများသည် (၂၀၁၂)ခုနှစ်၊ ဧပြီလနှင့်မေလအတွင်းမှာ ဤအစီရင်ခံစာအတွက် သတင်းအချက်အလက်များစုဆောင်းခဲ့ပါသည်။ အဖွဲ့အသီးသီးအား ရွေးထားသော နမူနာစံကွက်များမှာ တွေ့ဆုံမေးမြန်းမှု (၃၀)စီလုပ်ဆောင်စေခဲ့ပါသည်။ လူမျိုးစုပေါင်း(၁၀)စု၊ ဖွံ့ဖြိုးရေးစီမံကိန်းပေါင်း (၉)ခုပါရှိသောပြည်နယ် (၇)ခုနှင့် တိုင်း(၁)တိုင်းတွင်တွေ့ဆုံမေးမြန်းမှုပေါင်း (၂၆၁)ခု ပြုလုပ်ခဲ့ပါသည်။ နမူနာစံကွက်အဖြစ်ရွေးချယ်ထားသော နယ်မြေများသည် ထိုဖွံ့ဖြိုးရေးစီမံကိန်းများ၏ ဒဏ်သင့်သောနယ်မြေများဖြစ်ပြီး ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်နီပြည်နယ်တို့ပါဝင်ပါသည်။ ဖွံ့ဖြိုးရေးစီမံကိန်းများရှိနေသော အခြေအနေတွင် ကောင်းစွာကြိုတင်အသိပေးထားသောဒေသခံတိုင်းရင်းသားပြည်သူများ၏လွတ်လပ်သောဆန္ဒဖြင့် ထုတ်ဖော်ပြောကြားသည့်သဘောတူညီချက်(FPIC)နှင့်သက်ဆိုင်သောအချက်အလက်အမျိုးမျိုးကို စုဆောင်းရန်အလို့ငှာ မြို့ရွာများ၌ မေးခွန်းပုံသေသတ်မှတ်ထားသော တွေ့ဆုံမေးမြန်းမှုများလုပ်ဆောင်ခဲ့ပါသည်။

အစီရင်ခံစာက အောက်ပါအချက်များကို တွေ့ရှိခဲ့ပါသည်။

- အာဏာပိုင်တဦးက ဖွံ့ဖြိုးရေးစီမံကိန်းကိုစတင်အကောင်အထည်မဖော်မီအထိ စစ်တမ်းကောက်ယူခြင်းခံသူများ၏ ၉၀%နီးပါးသည် စီမံကိန်းအကြောင်းနှင့်ပတ်သက်၍မည်သည့်သတင်းအချက်အလက်မျှ မရရှိခဲ့ကြချေ။
- စစ်တမ်းကောက်နယ်မြေ(၂)ခုမှလွဲ၍ တဦးတလေမျှကိုပင် သတင်းအချက်အလက်များပေးခြင်းမရှိချေ။ နယ်မြေလူထုတက်ရောက်နိုင်သောနေရာမှာ စီမံကိန်းဆုံးဖြတ်သူက လူထုစည်းဝေးပွဲကျင်းပပေးသည်ဟု ပြောသူသည် ၁ %မပြည့်တတ်ချေ။
- စစ်တမ်းကောက်ယူခြင်းခံရသော လူဦးရေအားလုံး၏ ၈၀%ခန့်သည် စီမံကိန်းအကြောင်းနောက်တပ်သတင်းအချက်အလက်များရရှိရေးအတွက် မည်သူနှင့် ဆက်သွယ်ရမည်၊ မည်သည့်နေရာသို့သွားရောက်ရမည် ဆိုသည်တို့ကိုမသိရှိကြချေ။ စစ်တမ်းကောက်နယ်မြေ(၃)ခု၌ ဤသို့မသိသူများသည် ၁၀၀ % အထိပင်ရှိသည်။
- စီမံကိန်းအကြောင်း သတင်းအချက်အလက်များကို ဆက်လက်စုံစမ်းလျှင်ဘေးမကင်းဟုထင်သူဦး ရေသည် လူဦးရေ၏ ထက်ဝက်နီးပါးခန့် (၄၄.၁%)ရှိပြီး၊ ဘေးကင်းသလား ဘေးမကင်းသလားဟူ၍ မသိသူဦးရေကမူ ၄၅.၂ % ရှိသည်။
- ၀. ၈ % ကသာလျှင် ထိခိုက်ခံရသည့် နယ်မြေသူ၊ နယ်မြေသားများတက်ရောက်နိုင်သောနေရာမှာ ဆုံးဖြတ်သူများက လူထုစည်းဝေးပွဲ ကျင်းပပေးသည်ဟုပြောသည်။
- မိမိတို့က စီမံကိန်းနှင့်ပတ်သက်၍ စီမံကိန်းဆုံးဖြတ်သူအား အကြံပြုချက် ပေးသော်လည်း မိမိ–တို့ကို အရေးမလုပ်ဟု လူ ၆၀. ၈ % ကပြောပြသည်။ လူ ၃၅.၄% ကမူမိမိတို့သည် မည်သူ့ကိုမျှ အကြံပြုချက်မပေးခဲ့ပါဟု ပြောပြသည်။
- လူထုအခြေပြုအဖွဲ့အစည်းများက စီမံကိန်းစတင်အကောင်မဖော်မီမှာ သတင်းအချက်အလက်များပေးခဲ့သည်ဟု လူ ၉. ၆ % ကပြောပြသည်။ လူ၂၅.၂ % ကမူ စီမံကိန်းအကောင်အထည်ဖော်နေပြီးခါမှ သို့မဟုတ် ပြီးဆုံးပြီးနောက်မှ သတင်းအချက်အလက်များပေးသည်ဟု ပြောပြသည်။

## အချက်အလက်များကို ပေါင်းချုပ်သုံးသပ်ခြင်း

အလယ်အလတ်အဆင့် ယုံကြည်မှု ၆.၀၇%၊ ယုံကြည်မှုအဆင့် ၉၅%ဖြင့်၊ ကျွန်ုပ်တို့အနေနှင့်သရုပ်ပေါ်လွင်စေသော ကိန်းဂဏန်းများမှနေ၍ ပေါင်းချုပ်သုံးသပ်နိုင်သည်ကား မြန်မာနိုင်ငံပြည်သူတို့သည် မိမိတို့နှင့် မိမိတို့လူမှုအုပ်စုများအပေါ် တိုက်ရိုက်ထိခိုက်စေသော စက်မှုလုပ်ငန်းဆိုင်ရာနှင့် အခြေခံအဆောက်အဦး ဆိုင်ရာဖွံ့ဖြိုးရေးစီမံကိန်းများကိစ္စတွင် ကောင်းစွာကြိုတင်အသိပေးထားသော ဒေသခံတိုင်းရင်းသားပြည်သူများ၏ လွတ်လပ်သောဆန္ဒဖြင့် ထုတ်ဖော်ပြောကြားသည့် သဘောတူညီချက်ဆိုင်ရာအခွင့်အရေးမရရှိကြဟူ၍ဖြစ်ပါသည်။ နမူနာစံကွက်လူဦးရေမှာ တွေ့ရသောပြဿနာများသည်

ထင်ရှားနေပြီး ဤပြဿနာများသည်နေရာအနှံ့ ဒုနှင့်ဒေး ရှိနေကာ လူကုဋေနှင့် ချီ၍ ဖြစ်ပွားနေကြောင်းကို ညွှန်ပြနေပါသည်။

စစ်တွေပင်လယ်ဆိပ်ကမ်း တည်ဆောက်ရေးလုပ်ငန်းသည် ကောင်းစွာကြိုတင်အသိပေးထားသော ဒေသခံတိုင်းရင်းသားပြည်သူများ၏ လွတ်လပ်သောဆန္ဒဖြင့် ထုတ်ဖော်ပြောကြားသည့်သဘောတူညီချက်ဆိုင်ရာ အခွင့်အရေးနှင့်ပတ်သက်၍ လက်ခံဖွယ်အရှိဆုံးစီမံကိန်းဖြစ်သည်။ ဤစီမံကိန်းသည် အထက်ပါသဘာတူညီချက် ရရှိအောင် စတင်ဆောင်ရွက်နေဆဲဖြစ်ရာ ရည်မှန်းချက်ပေါက်မြောက်ရန် ဆောင်ရွက်စရာများစွာကျန်နေသေးသည်။

ဆုံးဖြတ်ချက်ချရာ၌ ဥပဒေနှင့်အညီဖြစ်ရေးအတွက် ကျေးရွာသားများအား ဖွံ့ဖြိုးရေးစီမံကိန်းမစမီမှာ ဆွေးနွေးတိုင်ပင်ရန်လိုသည့်အပြင် စီမံကိန်းကိုအကောင်အထည်ဖော်သော အဆင့်တိုင်း၌လည်းကျေးရွာသားများမှာ ပြဿနာတစုံတရာရှိပါက ဆွေးနွေးတိုင်ပင်ရမည်ဖြစ်ပါသည်။ နယ်မြေသူ၊ နယ်မြေသားများမှာရှိနေနိုင်သော စိုးရိမ်ကြောက်လန့်မှုများ သို့မဟုတ်နစ်နာမှုများကို သင့်လျော်စွာနှင့်ပြည့်စုံစွာ ဖြေရှင်းပေးရမည်ဖြစ်ပါသည်။ (FPIC)ကို တကယ်တမ်းအဓိပ္ပါယ်ရှိအောင်ဆောင်ရွက်မည်ဆိုလျှင် နယ်မြေသူနယ်မြေသားတို့၏ ပြဿနာများကြောင့် ဖွံ့ဖြိုးရေးစီမံကိန်းအဖို့တစုံတရာထိခိုက်ခံရမည် ဖြစ်ပါသည်။ ဤအစီရင်ခံစာပါတွေ့ရှိချက်များက စီမံကိန်းအာဏာပိုင်များ၏ မောက်မာသောအနိုင်ကျင့်ခြိမ်းခြောက်ခြင်းနှင့် သတင်းအချက်အလက်များကို သိုသိုသိပ်သိပ်ဖုံးဖိခြင်း သဘာဝကိုပေါ်လွင်စေပါသည်။

ဤလေ့လာတွေ့ရှိချက်က ဖော်ပြနေသည်ကား မြန်မာနိုင်ငံရှိ လူအုပ်စုအမျိုးမျိုးတို့သည် FPIC သဘောတူညီမှုမရှိဘဲ ဖွံ့ဖြိုးရေးအကျိုးကျေးဇူးများကို ခံစားရရှိရန် မဖြစ်နိုင်ဟူ၍ဖြစ်ပါသည်။

## အပိုင်း ၃။

### လူမျိုးစုတိုင်းရင်းသားများကို ပစ်ပယ်ထားခြင်းအကြောင်း မှတ်တမ်းပြုချက်

*"ကျမတို့မြန်မာနိုင်ငံက ပြည်သူတွေဟာ စာချုပ်စာတမ်းတွေမှာဘာတွေပါသလဲဆိုတာ၊ဘာတွေ ဆက်ဖြစ်နေသလဲဆိုတာကို အမှောင်ချထားခံခဲ့ရတယ်။*

*ဒါဟာ တိုင်းပြည်တပြည်အတွက် အလွန်အန္တရာယ်များပါတယ်။ အမျိုးသားရင်ကြားစေ့ရေးအတွက် အန္တရာယ်များပါတယ်။ သံသယတွေ၊ မယုံကြည်မှုတွေကို ပိုဖြစ်စေပါတယ်။"*

*ဒေါ်အောင်ဆန်းစုကြည်*
*ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် ပတ်သက်၍ ပြောကြားချက်*
*ဘန်ကောက် ကမ္ဘာ့စီးပွားရေး နှီးနှောဖလှယ်ပွဲ*[၃၄]

## အခန်း (၈)။ တနင်္သာရီတိုင်း၊ ထားဝယ်ရေနက်ဆိပ်ကမ်း

*"ကျနော်တို့ဘာတခုမှမသိဘူး။ ထိုင်းဆောက်လုပ်ရေးအလုပ်သမားတွေ ကျနော်တို့ရွာနားရောက်လာမှသာ သူတို့က ဟင်းသီးဟင်းရွက်ရောင်းပေးဖို့ ကျနော်တို့ကိုပြောတယ်။ နောက်တော့မှ သူတို့လမ်းဖောက်ဖို့လာတာ၊ လမ်းလာရှာတာဆိုတာကိုကျနော်တို့သိလိုက်ရတယ်။*
*ကျနော်တို့က သူတို့စကားကိုနားမလည်ဘူး။ နောက်တော့သူတို့က စကားပြန်တယောက်ကိုခေါ်လာတယ်။*
*ဒီနောက်ပိုင်းမှာတော့ စက်ကြီးတွေနဲ့ရောက်လာကြတယ်။"*

*စီမံကိန်းကြောင့်ထိခိုက်ခံရသော မူဒူးရွာမှကျေးရွာသားတဦး*[၃၅]

### နောက်ခံသမိုင်းအကျဉ်း

၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလတွင်မြန်မာနိုင်ငံဆိပ်ကမ်းအာဏာပိုင်အဖွဲ့ကအီတာလျံ–ထိုင်းဖွံ့ဖြိုးရေးကုမ္ပဏီ (Italian-Thai Development-ITD)နှင့် စာချုပ်တခုကို သဘောတူလက်မှတ်ရေးထိုးခဲ့သည်။ ရေနက်ဆိပ်ကမ်းတခု၊ ထိုင်းနိုင်ငံသို့ဓာတ်ငွေ့ပိုက်လိုင်းတခု၊ ကုသန်းရောင်းဝယ်ရေးနှင့် အိမ်ယာဆောက်လုပ်ရေးလုပ်ငန်းများ၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ထိုင်းနိုင်ငံများသို့ ဆက်သွယ်ထားသည့်မီးရထားလမ်း၊ကားလမ်းပါသော စက်မှုဇုံတခုတို့ပါဝင်မည့်တနင်္သာရီတိုင်း၊ ထားဝယ်မြို့တွင်အထူးစီးပွားရေးဇုံ(SEZ) တခုကိုတည်ဆောက်ရန်ဖြစ်သည်။ ဤစီမံကိန်းကို ကရင်အမျိုးသားအစည်းအရုံး (KNU)ထိန်းချုပ်ရာ ကရင်နယ်မြေများတွင် အဓိကအားဖြင့်အကောင်အထည်ဖေါ်မည်ဖြစ်သည်။

အထူးစီးပွားရေးဇုန်များကို အာဆီယံနိုင်ငံများအတွင်း စီးပွားရေးကြီးထွားမှုနှင့် ဒေသဖွံ့ဖြိုးမှုအတွက် ထို့အပြင် တရုတ်နိုင်ငံနှင့် အခြား အရှေ့အာရှနိုင်ငံများ၏ တဟုန်ထိုးတိုးတက်နေသော စီးပွားရေးများကို အထောက်အကူပြုမှုအတွက် အဓိကတွန်းအားအဖြစ် ဆိုနေလေ့ရှိကြသည်။ မြန်မာနိုင်ငံသည် ထားဝယ်မြို့နယ်အတွင်းမှာ ၎င်း၏ ပထမဦးဆုံးအထူးစီးပွားရေးဇုန် တည်ဆောက်ရေးစီမံကိန်းများဖြင့် အာဆီယံ၏ခြေရာကိုလိုက်နင်းလျှက်ရှိသည်။ ဤစီမံကိန်းများကို(၁၀)နှစ်အတွင်းမှာအပြီး အကောင်အထည်ဖေါ်ရန် မျှော်လင့်ထားသည်။

၃၄။ "Myanmar Dissident Cautions Perspective Investors," NY Times, 2 June 2012

၃၅။ "No Rights to Know," Dawei Project Watch, p.14

မြန်မာနိုင်ငံအစိုးရနှင့် အီတာလျံ–ထိုင်းဖွံ့ဖြိုးရေးကုမ္ပဏီတို့က ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းတွင် လူအများပါဝင်စေရေး၊ နယ်မြေဒေသ၏ဂေဟာစနစ်ကာကွယ်စောင့်ရှောက်ရေး၊ အနီးအနားပတ်ဝန်းကျင်ရှိလူမျိုးစုများ၏ လူနေမှုအဆင့်အတန်း တိုးတက်ကောင်းမွန်ရေးတို့ကို အလေးထားဆောင်ရွက်သွားပါမည်ဟု ဆိုထားပါသည်။ ဤသို့ဆောင်ရွက်ရာ၌ ကော်ပိုရေးရှင်းများ၏ လူမှုရေးတာဝန်များအသက်မွေးဝမ်းကျောင်းလုပ်ငန်းတိုးတက်ရေးစီမံကိန်း၊ သဘာဝပတ်ဝန်းကျင်ပြန်လည်ရှင်သန်ရေးစီမံကိန်းတို့အရ သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာစီမံကိန်းတရပ်ကို ဖေါ်ဆောင်ခြင်းအားဖြင့်ဆောင်ရွက်သွားမည်ဟု ထားဝယ်စီမံကိန်း၏ တရားဝင်ကွန်ရက် စာမျက်နှာကဖေါ်ပြထားသည်။[၅၆] ဤကတိကဝတ်ကို လက်တွေ့အခြေအနေမှာ ထင်ဟပ်ကြည့်ရပါလိမ့်မည်။

| ကုမ္ပဏီ | တိုင်းပြည် | ပါဝင်မှု ရာခိုင်နှုန်း |
|---|---|---|
| အီတာလျံ–ထိုင်း ဖွံ့ဖြိုးရေး | အီတလီနိုင်ငံနှင့် ထိုင်းနိုင်ငံ | ၇၅% |
| မြန်မာနိုင်ငံ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့ | မြန်မာနိုင်ငံ | ၂၅ % |

## ကုန်ကျစားရိတ်

ဒေါ်လာ (၅၈)ဘီလျံ သဘောတူခွင့်ပြုချက်အတွက် အနည်းဆုံးပေးထားရသော တန်ဖိုးသည် (၁၃.၄) ဘီလျံဖြစ်သည်။

## အမြတ်အစွန်း

ဤစီမံကိန်းမှ ရရှိလာမည့် ဝင်ငွေပမာဏကို အတိအကျ မသိရသော်လည်း ဤစီမံကိန်းကြောင့် ထိုင်းနိုင်ငံ၏ အမျိုးသားထုတ်လုပ်မှု ပမာဏစုစုပေါင်း (GDP)မှာ၁.၉%တိုးလာမည်ဟု မျှော်လင့်ရသည်။

## အဓိက တွေ့ရှိချက်များ

- စီမံကိန်းဆုံးဖြတ်သူများက စီမံကိန်းကိုမစတင်မီမှာ မည်သူတဦးတယောက်ကိုမျှ စီမံကိန်းအကြောင်းသတင်းအချက်အလက်များ ပေးခြင်းမရှိ
- သည့်နောက်ပိုင်းတွင် နယ်မြေဒေသဆိုင်ရာအဖွဲ့အစည်းများက စီမံကိန်းအကြောင်းသတင်းအချက်အလက်များပေးခဲ့သော်လည်းစစ်တမ်းကောက်ယူခြင်းခံရသူလူ၂၄%ကနောက်ထပ်သတင်းအချက်များ စုံစမ်းလျှင် ဒဏ်ခတ်ခံရမည်ကိုကြောက်နေကြသေးသည်။
- စစ်တမ်းကောက်ယူခြင်းခံသော လူဦးရေ၏ထက်ဝက်နီးပါး (၄၃.၃%)သည် စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများကို ခံစားနေကြရပြီဖြစ်သည်။

၅၆၊ “Environmental and Social Impact Concerns for Dawei Project,” Dawei Development Company Limited official website, accessed 17 July 2012

### ဆိုးကျိုးသက်ရောက်မှုများ

မိမိတို့ကိုမည်သည့်နေရာသို့ ရွှေ့ပြောင်းခိုင်းမည်မသိ၊ အလုပ်အကိုင်ရရှိမည်၊ မရရှိမည်ကိုမသိ၊ အကယ်၍လျော်ကြေးမည်ဆိုပါက မည်မျှရမည်မှန်းမသိ၊ မိမိတို့၏ သီးနှံစိုက်ခင်းများကို သိမ်းမည်၊ မသိမ်းမည် မသိစသည့်ရောမထားဝယ်စီမံကိန်းကြီးကဆောင်ကျဉ်းလာသည့်လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်မှုများကြောင့် နယ်မြေဒေသနေကျေးရွာသားများမှာ အနိုင်ကျင့်ခြင်းကိုတမြေ့မြေ့ခံစား နေရကြောင်း လောလောဆယ်ရရှိထားသောသတင်းပေးချက်များကဖော်ပြနေပါသည်။[၅၇]

- ဆုံးဖြတ်ချက်ချရာ၌ တကယ်တမ်းထည့်သွင်းမှု မရှိသလောက်ဖြစ်နေခြင်း

ထားဝယ်စီမံကိန်းက ပတ်ဝန်းကျင်နယ်မြေဒေသများ၏ စီးပွားရေးနှင့် လူမှုရေးအပေါ် မည်သို့ဆိုးကျိုးသက်ရောက်မည်ဆိုသည်နှင့် ပတ်သက်၍ ကြိုတင်တိုင်ပင်ဆွေးနွေးခြင်း သို့မဟုတ် စုံစမ်းလေ့လာခြင်းမရှိဘဲ စီမံကိန်းဝင် ဆောက်လုပ်ရေးလုပ်ငန်းကိုစတင်ခဲ့သည်။

ကျေးရွာသားများ၏ ပြဿနာများကို ဖြေရှင်းပေးရေးအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာသက်ရောက်မှု အကဲဖြတ်ချက်တရပ်လုပ်ဆောင်အောင် ဖိအားပေးသည့်အနေနှင့် ကေအင်ယူက (၂၀၁၁)ခုနှစ်၊ ဒီဇင်ဘာလတွင် **(ITD)**၏ လမ်းဖောက်လုပ်မှုလုပ်ငန်းကို တားဆီးခဲ့သည်။ ပထမဦးစွာ ထိုင်းချူလာလောင်ကွန်းတက္ကသိုလ် သဘာဝပတ်ဝန်းကျင်သုတေသနဌာနမှအဖွဲ့တဖွဲ့ပြုစုခဲ့ပြီး၊ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီနှင့် မတ်လမှာပေါ်ထွက်လာခဲ့သော အကဲဖြတ်ချက်သည် ရွာသူ၊ ရွာသားများအတွက် အကြီးအကျယ်စိတ်ပျက်စရာဖြစ်ခဲ့သည်။ အကြောင်းမှာဆိုးကျိုးသက်ရောက်မှု တခုတလေမျှကိုပင်ဖော်ပြထားခြင်းမရှိသောကြောင့် ဖြစ်သည်။ ထားဝယ်စီမံကိန်းကြီးနှင့် ဆက်စပ် နေသည့် စီမံကိန်းများ ကဲ့သို့သော အခြေခံကျသော ပြဿနာကြီးများအကြောင်းကိုပင်လျှင် ထည့်သွင်းဆွေးနွေးထားခြင်း မရှိချေ။ ဤသို့ ပွင့်လင်းမြင်သာမှု မရှိခြင်းသည်လည်း ရွာသူ၊ ရွာသားများအဖို့ ပြဿနာဖြေရှင်းတိုက်ပွဲမှာ အခက်အခဲ အဟန့်အတား တခုအဖြစ်ရှိနေပါသည်။ လမ်းများကို အကြီးအကျယ်ဖောက်ခြင်း ရောမမြေကွက်ကြီးများကို ခုတ်ထွင်ရှင်းလင်းခြင်းတို့ကြောင့် မိမိတို့၏ မြစ်များကို မည်သို့ထိခိုက်စေမည်နည်း ကဲ့သို့သော မေးခွန်းများကို အကဲဖြတ်အဖွဲ့၏ အကြီးအကဲများကို မေးမြန်းသောအခါ၌ ထိုအကြီးအကဲများက ဤကဲ့သို့သောမေးခွန်းများ၏အဖြေကို မသိပါဟုဆိုပါသည်။ စိတ်ကုန်နေသော ရွာသူ၊ ရွာသားများက အစည်းအဝေးမပြီးခင်ထွက်သွားကြပြီး၊ စစ်တမ်းကောက်သူများပေးသော ပုံစံစာရွက်များကိုလည်း ဒုက္ခခံပြီးရေးမဖြည့်ကြတော့ချေ။[၅၈]

ပထမစစ်တမ်းနှင့်ပတ်သက်၍ ရွာသူရွာသားများအကြီးအကျယ်စိတ်ပျက်သွားခြင်းထို့ပြင်(ကေအင်ယူ) ကလည်း အကြီးအကျယ်ဖိအားပေးခြင်းကြောင့် ပို၍ပြည့်စုံသော အကဲဖြတ်ချက်ကို လုပ်စေပါမည်ဟု

၅၇၊ "Locals under stress when SIA unveils on Dawei Deep Seaport Project,"byNilar, Eleven Media Group, accessed 17 July 2012

၅၈၊ Dawei Development: Environmental Impact Assessment team a major concern for villagers, Karen News, 23 February 2012

(ITD)က သဘောတူခဲ့သည်။ သို့ရာတွင် စစ်တမ်းကောက်သောအခါ၌ စစ်တမ်းကောက်သူများနှင့် အတူလိုက်ပါရန် ရွာသူရွာသားများအား လိုက်ပါခွင့်မပေးချေ။ ဤတွင်လည်း အကဲဖြတ်ချက်၏ တရားမျှတမှုကို ထိခိုက်စေခဲ့ပြန်သည်။

- လမ်းဖောက်လုပ်ရေးအတွက် ရွာသူ၊ ရွာသားများက ငွေပေးရခြင်း

လမ်းဖောက်ပေးမှုအတွက်ဒီဇယ်ဖိုးငွေပေးရမည်ဟု ထားဝယ်–ကန်ချနဘူရီလမ်းမကြီးတလျှောက်ရှိ ကျေးရွာများအား (ITD)၏ ကိုယ်စားလှယ်များက တောင်းခဲ့သည်။ ရွာ(၉)ရွာနေ ရွာသားများသည် ဒီဇယ်ဆီ စည် (၆၀)အတွက် (အမေရိကန်ဒေါ်လာ ၈,၀၀၀ နှင့် ညီမျှသော)ကျပ် (၈,၀၀၀,၀၀၀)ပေးရမည်ဖြစ်သည်။ ဤမျှများပြားလှသော ငွေပမာဏကို အတင်းအဓမ္မကောက်ခံနေသဖြင့် ရွာသူ၊ ရွာသားများသည် မိမိတို့၏အဓိကဝင်ငွေရရှိရာ ပစ္စည်းဖြစ်သော ကွမ်းသီးများကို ရောင်းနေကြလျှက်ရှိသည်။[၅၉]

- အတင်းအဓမ္မ နှင်ထုတ်ခြင်းနှင့် သိမ်းမြေအတွက် တရားမျှတသော လျော်ကြေးမပေးခြင်း

(၂၀၁၁)ခုနှစ်၊ ဇန်နဝါရီလကစ၍ ယခင်(နအဖ) စစ်အစိုးရအာဏာပိုင်များက ထားဝယ်စီမံကိန်း နယ်နိမိတ်အတွင်းမှာကျရောက်သော လူနေအိမ်များ၊ ဥယျာဉ်များ၊ လယ်ကွက်များတည်ရှိရာ ကျေးရွာများ အမည်များကို စာရင်းပြုစုခဲ့သည်။ ထားဝယ်စီမံကိန်း အကောင်အထည်ဖေါ်ပုံကို စောင့်ကြည့်လေ့လာသော နယ်ခံအဖွဲ့တဖွဲ့ဖြစ်သည့် ထားဝယ်စီမံကိန်းစောင့်ကြည့်ရေးအဖွဲ့ (Dawei Project Watch-DPW)၏ဖေါ်ပြချက်အရဆိုလျှင်၊ စပါးစိုက်လယ်မြေဧက(၈,၀၀၀)၊ ရာဘာခြံဧက (၁၀,၀၀၀)၊ ကွမ်းသီးခြံဧက (၁၂,၀၀၀ မှ ၁၄,၀၀၀)၊ သစ်သီးခြံဧက (၁၅၀,၀၀၀)ခန့်ကို (ITD)နှင့် ထားဝယ်အထူးစီးပွားရေးဇုံမှ အာဏာပိုင်များက သိမ်းယူလိမ့်မည်ဖြစ်သည်။ ကျေးရွာပေါင်း (၂၁)ရွာအဖို့ မိမိတို့၏အိုးအိမ်၊ မြေယာများကိုဆုံးရှုံးကြလိမ့်မည်ဖြစ်သည်။ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လကစ၍ကျေးရွာ (၉)ရွာရှိနေအိမ်များသည် လမ်းဖောက်လုပ်မည့်နယ်မြေနှင့် နီးနေမှုကြောင့်ဖယ်ရှားခံကြရမည်ဟုထားဝယ်စီမံကိန်းစောင့်ကြည့်ရေးအဖွဲ့ (Dawei Project Watch-DPW)က ဖေါ်ပြခဲ့သည်။[၆၀] ထို့အပြင်၊ ထားဝယ်အထူးစီးပွားရေးဇုံ နယ်မြေထဲမှာ မြေ အကျယ်အဝန်း (၂၀၄.၅)စတုရန်းကီလိုမီတာ[၆၁] ပါဝင်နေပြီး၊ လူဦးရေ(၃၀, ၀၀၀)ကို ထိခိုက်စေမည်ဟု ဆိုကြသည်။ ဤမြေတွင်မူလတန်းကျောင်း (၂၁)ကျောင်း၊ ဘုန်းကြီးကျောင်း(၂၃)ကျောင်းနှင့် နဘူးလယ် ကျေးရွာ၏ ဗုဒ္ဓခြေတော်ရာရှိသည့်တတိုင်းပြည်လုံးကြည်ညိုသော ဘုရားတဆူလည်း အပါအဝင်ဖြစ်သည်။

ရွာသားများအားမြေယာများကိုမတန် တဆနိမ့်သော ဈေးနှုန်း(မြေယာတန်ဖိုးထက်ကျပ်ငွေကုဋေပေါင်းများနိမ့်သည်များလည်း ရှိတတ်သည်)ဖြင့် ရောင်းချရမည့်တဘက်သတ်ချုပ်ဆိုသော စာချုပ်များကို ခြိမ်းခြောက်၊ လက်မှတ်ထိုးခိုင်းလျှက်ရှိသည်။ ကွမ်းသီးခြံများနှင့် အုန်းခြံများပါသော ဤမြေများသည်

၅၉၊ “Villagers accuse Burma Army and government officials of extortion,” Karen News, 10 June 2012

၆၀၊ ဤကျေးရွာများတွင် ကမြိုင်ဆွေ၊ မူးဒူး၊ ထိန်ကြီး၊ မူးဒူးငယ် (အနောက် မူးဒူး)၊ ပန်းတင်အင်း၊ ပကောဆွန်း၊ ယာလိုင်၊ ပရာဒတ် နှင့် ကြာခတ် တပင်အင်း တို့ အပါအဝင်ဖြစ်ကြောင်း ထားဝယ် စီမံကိန်း စောင့်ကြည့်လေ့လာရေးအဖွဲ့က ဆိုသည်။

၆၁၊ Dawei Development Association မှ သတင်းအချက်အလက် ဖြစ်သည်။

ရေဖြူမြို့နယ် မင်းတပ်ကျေးရွာသားများအဖို့ အသက်ရှင်ရပ်တည်ရေးနှင့် စီးပွားရေးအရ အားထားရာ ဖြစ်သည်။ "အာဏာပိုင်တွေက လျော်ကြေးပေးမယ်ဆိုရင်တောင် အဲဒီလျော်ကြေးကို တသက်လုံးအား ထားသွား လို့ရမှာမဟုတ်ပါဘူး။ အဲဒီလျော်ကြေးကို နောက်မျိုးဆက်တွေအတွက် အမွေအဖြစ်နဲ့ပေး နိုင်တာလည်း မဟုတ်ပါဘူး။ ကျနော်တို့ ပြောင်းမသွားချင်ပါဘူး။" ဟုကျေးရွာသားတဦးက ပြောပြခဲ့ ပါသည်။[၆၂]

မကြာသေးမီကပင် အီတာလျံ–ထိုင်းဖွံ့ဖြိုးရေးကုမ္ပဏီ (ITD)က ထိခိုက်နစ်နာသော ကျေးရွာသားအား လုံးကိုမြေအတွက် လျော်ကြေးပေးမည်ဟူသော သဘောတူညီချက်တရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ သို့ရာတွင်လျော်ကြေးပေးပုံသည် အလွန့်အလွန်မမျှမတဖြစ်နေပါသည်။ နယ်မြေတွင်းတက်ကြွလှုပ်ရှား သူများ၏ ဖေါ်ပြချက်အရထားဝယ်မြစ်အရှေ့ဘက်ကမ်းတွင် နေသူများကရာဘာပင်တပင်လျှင် (၃၀၀,၀၀၀)ကျပ်နှုန်းဖြင့်ရရှိပြီး၊ အနောက်ဘက်ကမ်းမှာနေသူများကမူ (၁၅၀,၀၀၀)ကျပ် နှုန်းဖြင့်သာရရှိ ကြသည်။[၆၃]

- ထားဝယ်သည်နောက်ထပ်မက်တာဖွတ် (MapThaPhut)ကဲ့သို့ နေရာတခုဖြစ်လာလိမ့်မည် ဟူသောစိုးရိမ်မှု

ထိုင်းနိုင်ငံ၊ ရေးယောင်းခရိုင်ရှိ မက်တာဖွတ်စက်မှုဇုန်နှင့် အလားတူသော ရောမရေနံဓါတုစက်ရုံကြီး တ ရုံပါမည့် ထားဝယ်စက်မှုဇုံက အလားတူအလွန်ဆိုးရွားသော ရေရှည်ဆိုးကျိုးသက်ရောက်မှုများဖြစ် ပွားစေလိမ့်မည်ဟု အကြီးအကျယ်ရတက်မအေးမှုများ ဖြစ်နေကြပါသည်။ မက်တာဖွတ်စက်ရုံသည် ထိုင်းနိုင်ငံ၏ အကြီးဆုံးသော စက်မှုဆိပ်ကမ်းဖြစ်ပြီး ကမ္ဘာပေါ်မှာ အဋ္ဌမမြောက် အကြီးဆုံးရေနံဓါတုစက် ရုံလည်းဖြစ်သည်။ သားအိမ်ခေါင်း၊ ရင်သား၊ အသည်း၊ နှာခေါင်း၊ အစာအိမ်၊လည်ချောင်း၊သွေးတို့နှင့် ပတ်သက်သော ကင်ဆာရောဂါတို့သည် မက်တာဖွတ်စက်ရုံနှင့် အခြားစက်မှုဇုံများတည်ရှိရာ ရေး ယောင်းခရိုင်တွင် ဖြစ်ပွားမှုနှုန်းအမြင့်ဆုံးဖြစ်သည်"ဟု ထိုင်းနိုင်ငံအမျိုးသား ကင်ဆာရောဂါဌာနက ၂၀၀၃ ခုနှစ်တွင် လေ့လာတွေ့ ရှိခဲ့သည်။ ထို့အပြင် ၂၀၀၇ ခုနှစ်တွင် နောက်ထပ်လေ့လာချက်တစောင် ကလည်း "မက်တာဖွတ်အနီးမှာနေထိုင်ကြသော ကျေးရွာ၊ ရပ်ကွက်များမှလူများသည် ထိုပြည် နယ်ထဲရှိ ကျေးလက်ဒေသများမှာ နေထိုင်ကြသူများထက် သွေးကလပ်စည်းများပျက်စီးမှု ၆၅% ပို၍ဖြစ် ပွား"ကြောင်းဖေါ်ပြခဲ့သည်။ ဤသွေးကလပ်စည်းပျက်စီးမှုသည် ကင်ဆာရောဂါ၏အကြိုဖြစ် ဖွယ်ရာရှိ ပြီး ထိုရေနံချက်စက်ရုံ အလုပ်သမားများသည် ရေးယောင်းခရိုင်ရှိ ကျေးရွာနေလူများထက် ၁၂၀ % ပို ၍အဖြစ်များသည်။[၆၄] [၆၅]

၆၂၊ Dawei Development Association မှ သတင်းအချက်အလက် ဖြစ်သည်။

၆၃၊ "Conference and photography exhibit highlight dangers of Dawei Seaport," Kaowao Newsgroup, 27 July 2012

၆၄၊ ယခုအပိုဒ်တွင် ဖော်ပြထားသည့် စာရင်းအင်းကိုးကားချက်များကို "Map ThaPhut: Thailand's Minamata?," HURIGHTS Osaka, Focus, June 2012, Vol. 68 အစီရင်ခံသာမှ ရယူပါသည်။

၆၅၊ ၂၀၁၂ ခုနှစ်၊ မေလတွင် မက်တာဖွတ် စက်ရုံတခု၏ အစိတ်အပိုင်းတခု ပေါက်ကွဲခဲ့ပါသည်။ လူ ၁၂–ဦးသေဆုံး၍ ၁၂၉ ဦး

မြန်မာနိုင်ငံ၏ ထားဝယ်စီမံကိန်းသည် မက်တာဖွတ် စက်မှုဇုံထက် (၁၀) ဆပိုကြီးသည်ဟုဆိုကြသည်။ ထို့အပြင် ထားဝယ်သည်“အင်ဒိုချိုင်းနားသို့ ကမ္ဘာ့ဝင်ပေါက်ကြီး”ဟုခေါ်တွင်နေကြပြီး အရှေ့တောင်အာရှ၏အကြီးဆုံးသော စက်မှုရပ်ကွက်ဖြစ်မည်ဟု မျှော်လင့်ထားကြရာ မက်တာဖွတ်မှာထင်တိုင်း ကြဲလည်ပတ်ခဲ့သော စက်ရုံကိုပင် ထားဝယ်သို့ ပြောင်းရွှေ့ဖွယ်ရှိသည်[၆၆]ဟု စိုးရိမ်ပူပန်မှုများအကြီးအကျယ်ရှိနေပါသည်။ ထားဝယ်အနီးအနားမှာ နေထိုင်ကြသူများ၏ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင် တို့ကိုကာကွယ်စောင့်ရှောက်ပေးရေးနှင့် စီမံကိန်း၏ အကျိုးကျေးဇူးကို ငွေကြေးရင်း နှီးမြှုပ်နှံသူများနှင့် ကော်ပိုရေးရှင်းများသာမကဘဲ အနီးအနားကျေးရွာများပါ ခံစားရရေး အတွက်လူထုအခြေပြုအဖွဲ့အစည်းမှ ပါဝင်ပတ်သက်သူများအား အမှန်တကယ်ဆက်သွယ်မှုရှိရန်နှင့် ပြည့်စုံသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှုရေးဆိုင်ရာ အကဲဖြတ်ချက်တရပ်ရှိရန် လိုအပ်ပါသည်။ ဤအချက်သည် ထားဝယ်ကို မက်တာဖွတ်ကဲ့သို့ ကြောက်မက်ဖွယ် ဘေးဆိုးကြီးဖြစ်မလာအောင် ကြိုတင်ကာကွယ်ရေးအတွက် အထူးအရေးကြီးပါသည်။

## ထွက်ဆိုချက်များ။ “ကျွန်မတို့မှာ ဘဝရပ်တည်ဖို့ ခက်ပါတယ်။”

အတင်းအဓမ္မနှင်ထုတ်ခံရမည့်သူများထဲတွင်တဦးအပါအဝင်ဖြစ်သော လှလှသိန်းကပြောင်းရွှေ့သွားခြင်းက ဘဝရပ်တည်ရေးအပေါ်မည်သို့ဆိုးဆိုးရွားရွား သက်ရောက်မည်ကို အသေးစိတ်ပြောပြခဲ့သည်။

*“အာဏာပိုင်တွေပေးထားတဲ့ တောင်ပေါ်ကနေရာသစ်ကို ကျမတို့ ပြောင်းပြီးနေရတော့မယ်။ ကျမတို့က ဥယျာဉ်နဲ့လယ်ကိုဘဲ အားထားပြီးလုပ်စားလာခဲ့တော့ အဲဒီနေရာမှာဘဝရပ်တည်ဖို့တကယ်ခက်ပါတယ်။”*

လူအများပါဝင်ခွင့်ရှိသော ဆုံးဖြတ်ချက်ချခြင်း လုပ်ငန်းစဉ် ကင်းမဲ့ခဲ့ပုံနှင့်တကွ အလိမ်အညာကတိများကြောင့် ထိခိုက်နစ်နာခံရသော လူထုထဲမှာ အယုံအကြည်ကင်းမဲ့စိတ်နှင့် သံသယစိတ်များဖြစ်ပွားနေပုံတို့ကို အသေးစိတ်ပြောပြခဲ့သည်။ စီမံကိန်းကိုယ်စားလှယ်တဦးက ရွာသားတဦးနှင့်တိတ်တိတ်ကလေးသာတွေ့ဆုံခဲ့ပြီး(FPIC)စံချိန်ကိုက ပြောင်းကပြန်လုပ်ခဲ့ကြောင်း ဤသို့ပြောပြခဲ့ပါသည်။

“စီမံကိန်းမစခင်မှာကျွန်မတို့ ဘာသတင်းမှမရခဲ့ပါဘူး။ စီမံကိန်းနဲ့ပတ်သက်လို့ တာဝန်ရှိတဲ့အာဏာပိုင်တယောက်ရောက်လာပြီး၊ ရွာသားတယောက်နဲ့တွေ့ခဲ့ပါတယ်။ မြေဆုံးတဲ့လူတွေကို တယောက်လျော်

ဒဏ်ရာရရှိခဲ့ သည်။ (၆၇) ဤသို့ ပေါက်ကွဲမှုပြဿနာကြောင့် ဓာတုပစ္စည်းများ ယိုစိမ့်ထွက်ခဲ့ရာ၊ အနီးအနားရှိ ကျေးရွာများလည်း ဘေးလွတ်ရာသို့ ပြောင်းရွှေ့ထွက်ပြေးကြရ သည်။ အဆိပ်ဓာတ် ယိုစိမ့်ထွက်မှုကြောင့် ကျေးရွာလူထု အနည်းဆုံး ၁၂၅ ဦး ရင်ကျပ်ပန်းနာ ခံစားခဲ့ရသည်။ ဤအဖြစ်အပျက်မှာ မက်တာဖွတ် စက်မှုဇုန်၌ နောက်ဆုံးဖြစ်ပွားသည့် လူသေကြေစေခဲ့သော ဓာတုဗေဒ ပြဿနာ ဖြစ်သည်။ ပတ်ဝန်းကျင်ညစ်ညမ်းမှု ထိန်းသိမ်းရေးဌာန၏ စာရင်း အင်း အချက်အလက်များအရ၊ ၂၀၀၉ ခုနှစ်မှစတင်၍၊ တရားမဝင် ဓာတုပစ္စည်းများ စုပုံစွန့်ပစ်ခြင်း အပါအဝင် အနည်းဆုံး ၂၅ ကြိမ် ဓာတုပစ္စည်းနှင့် ပတ်သက်သည့် မတော်တဆမှုများ ရှိခဲ့သည်။ သို့အတွက်ကြောင့် ၃ ဦးသေဆုံးကာ၊ ၁၈၇ ဦး ဒဏ်ရာ ရရှိခဲ့သည်။ နောက်ထပ် ကိုးကားနိုင်ရန်

၆၆၊ “Map ThaPhut: Thailand's Minamata?,” HURIGHTS Osaka, Focus, June 2012, Vol. 68

ကြေး ဘယ်လောက်ပေးမယ်ဆိုတာကို သူတို့ဟာ သူတို့ဘဲကတိပေးပြီး၊ သူတို့ဟာသူတို့ဘဲ ဆုံးဖြတ်ခဲ့ကြတယ်။ ဘယ်သူ့ကိုမှလည်းတိုင်ပင်ဆွေးနွေးတာတွေ မလုပ်ဘဲနဲ့မြေပိုင်တဲ့လူတွေအားလုံးကဆောက်လုပ်ရေးလုပ်ငန်းနဲ့ပေးတဲ့ငွေ အရေအတွက်ကို သဘောတူကြောင်း စာရွက်စာတမ်းတခုမှာ လက်မှတ်ထိုးခိုင်းပါတယ်။ ဒါပေမယ့်သူတို့ (စီမံကိန်းအာဏာပိုင်များ) ဘယ်တော့ပြန်လာမလဲ ပျက်စီးမှုအတွက် ဘယ်လောက်ပေးမလဲဆိုတာကို ဘာတခွန်းမှ ပြောမသွားခဲ့ပါဘူး”

မဖြစ်စလောက်လျော်ကြေးငွေသည် ထိခိုက်နစ်နာခံရသော အခွင့်အရေးရှိသူအဖို့ ထိခိုက်နစ်နာမှုကို မကာမိပေ။ **(FPIC)**အတွက်သင့်တော်သော အစားထိုးစရာလည်းမဟုတ်ချေ။ ဘိုဖြူက ဤသို့ပြောပြပါသည်။

“တချို့လူတွေကတော့သူတို့ အလုပ်ရမယ်ဆိုပြီး ဝမ်းသာနေကြတယ်။ ကျနော်တို့လိုလူမျိုးတွေအလုပ်ရဖို့မသေချာပါဘူး။ ဒါကြောင့် ရှေ့ရေးအတွက် ကျနော်စိတ်ပူမိပါတယ်။ ကျနော်တို့က ကိုယ့်ဇာတိမြေမှာ နှစ်ပေါင်းများစွာ နေလာခဲ့တော့ ပြောင်းမသွားချင်ဘူး။ ဘာဘဲဖြစ်ဖြစ် သူတိုအနေနဲ့စီမံကိန်း မစခင် ကတည်းက ကျနော်တို့ကို အသိပေးသင့်တယ်။ ဒါမှသာ ကျနော်တို့ လူထုတွေမှာ ဘယ်လိုဖွံ့ဖြိုးရေးမျိုး လိုအပ်သလဲဆိုတာ သူတို့သိနိုင်မှာပေ့ါ။”

## အခန်း (၉)။ ကရင်ပြည်နယ်၊ ဖားအံမြို့ရှိ စီးပွားရေး လုပ်ငန်းစုဇုံ

*“ကျနော်တို့က  သူတို့ရဲ့ဒီနယ်မြေထဲမှာဘဲ နယ်မြေသားတွေအတွက် အလုပ်အကိုင်အခွင့်အရေးတွေ ဖန်တီးပေးဖို့ ရည်ရွယ်ထားပါတယ်။ ဒါကြောင့် သူတို့အနေနဲ့ မိသားစုနဲ့အတူ နေနိုင်ကြမှာ ဖြစ်ပါတယ်။ တဘက်မှာလည်း စီးပွားရေးအခွင့်အလမ်းတွေကိုပါ ဆောင်ကျဉ်းပေးဖို့ ရည်ရွယ်ထားပါတယ်။”*

*ဦးဇော်မင်း၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ကရင်ပြည်နယ် စီးပွားရေးလုပ်ငန်းစုဇုံဖွင့်ပွဲ အခမ်းအနား။*[၆၇]

နောက်ခံသမိုင်း အကျဉ်း

ကရင်ပြည်နယ်၊ ဖားအံမြို့တွင် စီးပွားရေးနှင့် ကုန်သွယ်ရေးဇုန် တည်ထောင်မည့်အကြောင်း (၂၀၀၅) ခုနှစ်၊ အောက်တိုဘာလက ကြေညာခဲ့သည်။ ဤစီးပွားရေးဇုန်သည်  ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့ ပူးတွဲအကောင်အထည်ဖော်မည့် စက်မှုဇုန် (၃)ခုအနက် တခုဖြစ်သည်။ ဤစီမံကိန်း၏ ကုန်ကျစားရိတ်နှင့်ပတ်သက်၍သော်လည်းကောင်း၊ အကျိုးအမြတ်နှင့်ပတ်သက်၍သော်လည်းကောင်း လူသိရှင်ကြား ထုတ်ပြန်သော ကိန်းဂဏန်းအချက်အလက်များမရှိသော်လည်း ဤစီမံကိန်းမှနေ၍ ရေရှည်စီးပွားရေး နှင့် လူမှုရေးအကျိုးကျေးဇူးများရလိမ့်မည်ဟု နှစ်နိုင်ငံစလုံးက မျှော်လင့်ထားကြသည်။

ဖားအံစီးပွားရေးနှင့်ကုန်သွယ်ရေးဇုန်တည်ထောင်ခြင်းသည်လာအို၊ကမ္ဘောဒီးယား၊မြန်မာနှင့်ထိုင်းနိုင်ငံ

၆၇၊ Kayin Chief Minister opens Hpa-an IZ,” by Juliet ShweGaung, Myanmar Times, Vol. 31, No. 605, December 12-18, 2011

တို့၏ထိပ်သီးဆွေးနွေးပွဲမှာချမှတ်ခဲ့သော စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာ (Economic Cooperation Strategy-ECS) တရပ်ဖြစ်ပါသည်။ ဤဆွေးနွေးပွဲကို (၂၀၀၃)ခုနှစ်၊ နိုဝင်ဘာလက မြန်မာနိုင်ငံ ပုဂံမြို့မှာ ကျင်းပခဲ့ခြင်း ဖြစ်သည်။ ပုဂံဆွေးနွေးပွဲအကြောင်း သတင်းစာပါသတင်း၌"ဤတိုင်းပြည်များ၏နယ်စပ်ဒေများကို ရေရှည်ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးဇုန်များ အဖြစ်လည်းကောင်း၊ စီးပွားရေးကြီးထွားမှုဇုန်များအဖြစ်လည်းကောင်း ပြောင်းလဲပစ်ခြင်းအားဖြင့် သဘာဝကျပြီး ရေရှည်တည်တံ့နိုင်သော စီးပွားရေးဖွံ့ဖြိုးရေးကို အားပေးရေးအတွက် ရောမစီးပွားရေး အလားအလာ ကောင်းများကို အပြည့်အဝအသုံးချရန် ရည်ရွယ်သည်"[၆၈]ဟုဖေါ်ပြထားသည်။ သို့ဖြစ်ရာ ဖားအံ စီးပွားရေးလုပ်ငန်းစုသည် အာဆီယံအဖွဲ့ဝင်နိုင်ငံအတော်များများနှင့် ကုန်သွယ်ရာ၌ ကုန်သွယ်ရေးအချက်အချာနေရာများ တည်ထောင်ရေးတည်းဟူသော ရည်မှန်းချက်ကြီး၏ အဓိကပစ်မှတ်ဖြစ်သည်။ ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မင်းက"ဒီစက်မှုဇုန်ဟာအရှေ့အာရှ၊အရှေ့တောင်အာရှတို့နဲ့ဆက်သွယ်မှာသာမကတောင်အာရှနဲ့လည်း ဆက်သွယ်မှာဖြစ်ပါတယ်"[၆၉] ဟုဆိုပါသည်။ ဖားအံရှိမြေ(၉, ၇၆၆)ကေကို ဤစီမံကိန်းအတွက် သတ်မှတ်ထားကြောင်းသိရသည်။[၇၀]

ဖားအံစီးပွားရေးနှင့်ကုန်သွယ်ရေးဇုန်အတွက် ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်နေတုန်းပင်ရှိသည်။ ထိုင်းစီးပွားရေးလုပ်ငန်းရှင်များက အချိုရည်စားသုံးကုန်ပစ္စည်းကဲ့သို့သော လုပ်ငန်းများနှင့် ဘိလပ်မြေကဲ့သို့သော ကုန်ကြမ်းထုတ်လုပ်ရေးလုပ်ငန်းများလုပ်ရန် စိုင်းပြင်းလျှက်ရှိသည်။

မြန်မာနိုင်ငံအဖို့ ရရှိမည့် အလုပ်အကိုင်များ ဖန်တီးနိုင်ခြင်း၊ နည်းပညာသစ်များရရှိခြင်း၊ စီးပွားရေးဇုန်ထဲရှိ စက်ရုံအလုပ်ရုံများနှင့် လုပ်ငန်းများဆီမှ အခွန်ရရှိခြင်းစသော အကျိုးကျေးဇူးများကို ရရှိလိမ့်မည်ဟုယူဆရပါသည်။ ထိုင်းနိုင်ငံအဖို့မူ ထိုင်းစက်ရုံ အလုပ်ရုံများကို ဖားအံသို့ ပြောင်းရွှေ့လည်ပတ်လျှင်လုပ်ခဈေးနှုန်းသက်သာသော အလုပ်သမားများကိုရရှိနိုင်ခြင်း ၊ မြန်မာ၊တရုတ်၊ အိန္ဒိယနိုင်ငံတို့၌ ဈေးကွက်သစ်များရှိနိုင်ခြင်းစသော အခြေအနေကောင်းများမှနေ၍အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါသည်။ [၇၁]ဖားအံစီးပွားရေးဇုန်မှနေ၍ဘဏ္ဍာရေးအရ အကျိုးအမြတ်များစွာ ရရှိနိုင်သော်လည်း ဤစီမံကိန်းနယ်မြေအနီးအနားမှာ နေထိုင်ကြသူများအတွက် အလားတူအကျိုးအမြတ်ရရှိလိမ့်မည်ဟုမဆိုနိုင်ချေ။ လောလောဆယ်အားဖြင့် ပါဝင်ပတ်သက်နေသူများ ဤစီမံကိန်းကို ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့က ပူးတွဲအကောင်အထည်ဖေါ်နေလျှက်ရှိသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို အကြီးအကျယ် ဖိတ်ခေါ်နေလျှက်ရှိသည်။ ထိုင်းနိုင်ငံအခြေစိုက်၊ ဘိလပ်မြေကုမ္ပဏီ (Siam Cement Group)ကဖားအံဇုန်မှာ စက်ရုံများတည်ဆောက်ရန် စီစဉ်လျှက်ရှိသည်ဟုသိရသည်။

---

၆၈၊ "Industrial zones in Burma and Burmese labour in Thailand," by Guy Lubeigt, chapter 8 of "The State, community, and the environment," published October 2007 by Asia Pacific Press

၆၉၊ "Kayin Chief Minister opens Hpa-an IZ," by Juliet ShweGaung, Myanmar Times, Vol. 31, No. 605, December 12-18, 2011

၇၀၊ "Myanmar stresses establishment of industrial zone," Xinhua, 21 December 2011

၇၀၊ Industrial zones in Burma and Burmese labour in Thailand," by Guy Lubeigt, chapter 8 of "The State, community, and the environment," published October 2007 by Asia Pacific Press



ဖားအံ အထူးစီပွားရေးဇုန်

## ကုန်ကျစားရိတ်

ကုန်ကျစားရိတ်ကိုမသိရသေးချေ။ သို့ရာတွင်ထိုင်း–မြန်မာနှစ်နိုင်ငံကုန်သွယ်ရေးသည် (၂၀၀၉–၂၀၁၀) ခုနှစ်မှ (၂၀၁၀–၂၀၁၁)ခုနှစ်တွင် ၉၈% တိုးသွားခဲ့ပြီး၊ အမေရိကန်ဒေါ်လာ (၃.၆၁၄)ဘီလျံအထိရှိခဲ့သည်။ ဤသို့ဖြင့် ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံ၏ အကြီးဆုံးနိုင်ငံခြားရင်းနှီးမြှုပ်နှံသူ ဖြစ်လာခဲ့သည်။

## အမြတ်အစွန်း

အမြတ်အစွန်းကို မသိရသေးချေ။ အကျိုးကျေးဇူးများကို အထက်မှာ ဖော်ပြခဲ့ပြီးဖြစ်သည်။

## အဓိက တွေ့ရှိချက်များ

- စီမံကိန်းနှင့်ပတ်သက်သော မိမိတို့၏ ပြဿနာများကို မည်သည့်နေရာမှာတင်ပြရမည်မှန်း သိသူသည် ထိခိုက်နစ်နာခံရသော နယ်သူနယ်သားများထဲမှာ ၂၀ %သာရှိသည်။
- စီးမံကိန်းနှင့်ပတ်သက်သော နောက်ထပ်သတင်းအချက်အလက်များကို စုံစမ်းရာ၌ဘေးကင်း သည်ဟုထင်သူဟူ၍တယောက်တလေမျှမရှိ။ဒဏ်ခတ်ခံရမည်ကိုခပ်ကြောက်ကြောက်ဖြစ်နေ ကြသည်။
- မည်သည့်လူမှုအဖွဲ့အစည်းအခြေပြုအဖွဲ့အစည်းကမျှစီးပွားရေးဇုန်နှင့်ပတ်သက်သော သတင်းအချက်အလက်များကို ပေးခဲ့ခြင်းမရှိ။
- စစ်တမ်းကောက်ခံရသူများ၏ ၈၀%ကစီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို ခံစားနေရ ပြီဖြစ်သည်။ ကျန်၂၀%ကမူဤသက်ရောက်မှုများသည် အကောင်းအလားအဆိုးလားဆိုသည်ကို မသိ ကြသေးချေ။

## ဆိုးကျိုးသက်ရောက်မှုများ

ဖားအံ စက်မှုဇုန်နှင့်ပတ်သက်သော သတင်းဖေါ်ပြမှုများ အလွန်နည်းသည်။ မီဒီယာမှာ ဖေါ်ပြသော သတင်းများကလည်း ထုံးစံအတိုင်း အကောင်းချည်းသာဖြစ်သည်။ ဤသို့ဖြစ်နေရခြင်းသည် ထိခိုက်ခံရသော လူထုဘက်မှရပ်တည်ကာ စီမံကိန်း၏ဆိုးကျိုးများကို ခံစားနေရပုံအကြောင်း တင်ပြပေးရေးအတွက် ဖားအံနယ်မြေမှာလှုပ်ရှားနေသော လူထုအခြေပြုအဖွဲ့အစည်းများ မရှိခြင်းနှင့် သက်ဆိုင်ပါသည်။ ယခင်စက်မှုဇုန်များတည်ဆောက်ခဲ့စဉ်က တည်ဆောက်မှုနှင့်အတူ တပါတည်းလိုက်ပါလာသော လူ့အခွင့်အရေးချိုးဖောက်မှုများသည်။ ညွှန်ပြကိန်းဖြစ် သည်ဟုဆိုပါလျှင် ဖားအံမြို့ အနီးအနားဝန်းကျင်ရှိကျေးရွာသားတို့သည် အတင်းအဓမ္မနေရာရွှေ့ပြောင်းခိုင်းခြင်းလုံလောက်သော လျော်ကြေးမပေးဘဲမြေသိမ်းခြင်း၊ အတင်းအဓမ္မလုပ်အားစေခိုင်းခြင်းကဲ့သို့သော မတော်မတရားမှုများကို ခံစားနေရပြီဟု ကျွန်ုပ်တို့ ဆိုနိုင်ပါသည်။ ထိခိုက်နစ်နာခံရသော နယ်မြေသားတဦး၏ အောက်ဖေါ်ပြပါထွက်ဆိုချက်က ကျေးရွာလူထုများသည် မြေသိမ်းခံကြရပြီး၊ အာဏာပိုင်များ၏ခြိမ်းခြောက်နှောင့်ယှက်မှုကိုလည်းခံရကြောင်းပေါ်လွင်စေပါသည်။

ဖားအံနယ်သူ၊ နယ်သားများသည် စီမံကိန်းကိုတခဲနက်ထောက်ခံကြသည်ဟု ပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မင်းက ဆိုခဲ့ပါသည်။ ဤအစီရင်ခံစာ၏ အဓိကတွေ့ရှိချက်များကို တချက်ကလေးကြည့်လိုက်ရုံနှင့် ဤစကားသည် ပြောင်ပြောင်တင်းတင်းကြီး လိမ်ပြောသော စကားဖြစ်ကြောင်းတွေ့ရမည် ဖြစ်ပါသည်။ အကြောင်းမှာ တွေ့ဆုံမေးမြန်းခံရသူ တဦးတလေကမျှ ဖားအံဇုန်၏ ကောင်းကျိုးသက်ရောက်မှုများကို မခံစားခဲ့ရသောကြောင့်ဖြစ်သည်။ ထို့ပြင်စီမံကိန်းအကြောင်းဆွေးနွေးသော လူထုစည်းဝေးပွဲလည်းမရှိခဲ့သဖြင့် ပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မင်းကမည်သူတို့ကို ရည်ညွှန်းပြောဆိုခဲ့ကြောင်းမသိရချေ။ "စီမံကိန်းကလူငယ်များအား နယ်စပ်ဖြတ်ပြီး ထိုင်းနိုင်ငံသို့အလုပ်သွား လုပ်စရာမလိုဘဲ ဖားအံနယ်ထဲမှာပင် အလုပ်လုပ်နိုင်စေမည်"[၃၂]ဟု စီမံကိန်းအာဏာပိုင်များက ဆိုထားသော်လည်း ဤအကောင်းမြင်စိတ်ကို ကျွန်ုပ်တို့၏တွေ့ရှိချက်ထဲမှာမတွေ့ရချေ။

ထွက်ဆိုချက်။ "အာဏာပိုင်တွေက ကျေးရွာသားတွေကို အနိုင်ကျင့်နှောင့်ယှက်တယ်။"ဖားအံစက်မှုဇုန်တည်ဆောက်ခြင်းကြောင့် ထိခိုက်နစ်နာခဲ့ရသူရွာသားတဦးဖြစ်သော ကိုစိုးကြွယ်ထွက်ဆိုချက်ကဖားအံစက်မှုဇုန်သည်ဖြစ်ပွားနေကျမတော်မတရားမှုများကိုဖြစ်ပေါ်စေခဲ့ကြောင်းအထင်ရှားပေါ်လွင်စေခဲ့သည်။

"*ကျနော်တို့ရဲ့မြေတွေကို ဟိုတုန်းကလည်းသိမ်းခဲ့တယ်။ ခုလဲသိမ်းနေတုန်းဘဲ။ ဒါ့ကြောင့်မြေသိမ်းတာတွေကိုရပ်တန့်းကရပ်ပြီး ကျနော်တို့နယ်မြေထဲမှာ လုပ်တဲ့ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ဆုံးဖြတ်ချက်ချရာမှာကျနော်တို့နယ်သားတွေကို ပါဝင်ခွင့်ပေးပါလို့အာဏာပိုင်တွေကျနော်ပြောချင်တယ်။ ကျနော်တို့နယ်သူ၊ နယ်သားတွေ တောင်းဆိုနေကြတဲ့အရာကို သူတို့ထည့်သွင်း စဉ်းစားသင့်တယ်။*"

---

၃၂။ "Hpa-An Project Aims to Halt Worker Exodus," JulietShweGaung, Myanmar Times, 19-25 December 2011

ထိုရွာသားက မြေသိမ်းခြင်းနှင့်ပါဝင်ခွင့် မပေးဘဲ ထားခြင်းအကြောင်းတို့အပြင် စက်မှုဇုန်ကို ကန့်ကွက်သောဆန္ဒပြပွဲများကို လုပ်ခွင့်မပေးဘဲ ထားခြင်းကြောင့်နိုင်ငံသား အခွင့်အရေးနှင့်နိုင်ငံရေးအခွင့်အရေးတို့ကိုပါမပေးဘဲထားကြောင်းကိုလည်း အောက်ပါအတိုင်းရှင်းပြခဲ့သည်။

"အာဏာပိုင်တွေက ရွာသားတွေကို အနိုင်ကျင့် နှောင့်ယှက်ထားလို့ လူထုဆန္ဒပြပွဲတွေ ပေါ်မလာခဲ့ဘူး။ ကျနော်ကရွာသားတွေကိုစက်မှုဇုန် ရပ်ဆိုင်းရေး ဆန္ဒပြပွဲမှာ ပါဖို့စည်းရုံးခဲ့လို့ကျနော့်ကို တခါစစ်ကြောရေးလုပ်ပြီး၊ စီမံကိန်းအကြောင်းမပြောရ ဘူးလို့ နှုတ်ပိတ်ခဲ့တယ်။"

## အခန်း (၁၀)။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်လောင်းမြို့နယ်ရှိ အထက်ပေါင်းလောင်းဆည်

*"အတင်းအဓမ္မနေရာရွှေ့ပြောင်းခိုင်းမှုကြောင့်(ပေါင်းလောင်းနယ်မြေသား)ရွာသားများခြေမဲ့လက်မဲ့ဖြစ်သွားကြမည် အိမ်ထောင်စုတိုင်းမိမိအိမ်ကိုဖျက်ပြီး လယ်ယာများကိုစွန့်ပစ်ထားကြရမည်။ ဤအတွက်လျော်ကြေးအဖြစ် တအိမ်ထောင်လျှင်အမေရိကန်ဒေါ်လာ(၅၀)မျှသာရသည်။ ဆည်စီမံကိန်းလုံခြုံရေးအတွက်စစ်တပ်များကို တိုး၍ချထားခဲ့ရာ နယ်မြေလူထုအပေါ် မတော်မတရားပြုမှုများတိုး၍ဖြစ်ပွားခဲ့သည်။ ဆည်ဆောက်လုပ်ရေးအလုပ်သမားများအဖို့မှုတလလျှင်ဒေါ်လာ (၃၀မျှရရှိ ရေးအတွက်နေ့ရော ညပါ ပင်ပန်းတကြီးလုပ်ကြရသည်။"*

ကယန်းမျိုးဆက်သစ်လူငယ်အဖွဲ့ (Kayan New Generation Youth) ၏ အစီရင်ခံစာ Ordered Out: The costs of building Burma's Upper Paunglaung Dam မှ[၇၃]

နောက်ခံသမိုင်းအကျဉ်း

အထက်ပေါင်းလောင်းဆည်ကို မြန်မာနိုင်ငံ၏မြို့တော်ဖြစ်သော နေပြည်တော်အတွက် လျှပ်စစ်ဓာတ်အားပေးရန် ရည်ရွယ်သည်။ ဆည်ကိုနေပြည်တော်မှ ကီလိုမီတာ(၅၀)မျှသာဝေးသော တောင်ပိုင်းရှမ်းပြည်နယ်ရှိ ပေါင်းလောင်းမြစ်ကမ်းမှာတည်မည်ဖြစ်သည်။ ဆည်၏ရေလှောင်ကန်ကြီးသည် စတုရန်းကီလိုမီတာ(၆၀)ခန့်ကျယ်မည်ဖြစ်ရာ၊ ပတ်ဝန်းကျင်နယ်မြေမှာနေထိုင်နေကြသောလူဦးရေ (၈၀,၀၀၀)နီးပါးတို့၏နေအိမ်များ ရေလွှမ်းခံရမည့်နေရာမှ ပြောင်းရွှေ့ပေးရမည်ဟုစိုးရိမ်စရာဖြစ်နေပါသည်။

စီမံကိန်းသည် ၂၀၀၄ ခုနှစ်က စတင်ခဲ့ခြင်းဖြစ်သည်။ အထက်ပေါင်းလောင်းဆည်နှင့် အောက်ပေါင်းလောင်းဆည်ဟူ၍ ဆည်(၂)စင်းပါဝင်သည်။ အောက်ပေါင်းလောင်းဆည်သည် ပြီးစီးနေပြီ ဖြစ်ပြီး ယခုလည်ပတ်လျက်ရှိသည်။ အထက်ပေါင်းလောင်းဆည်သည် ဆောက်လုပ်နေဆဲဖြစ်ပြီး၊ (၂၀၁၅)ခုနှစ်တွင် ပြီးစီးမည်ဟုမျှော်လင့်ရသည်။ မူလမျှော်လင့်ထားသည်ထက် (၇)နှစ်နောက်ကျခြင်းဖြစ်သည်။ နေပြည်တော်မှာ အထက်ပေါင်းလောင်းဆည်မှ လျှပ်စစ်ဓာတ်အားကို (၂၀၁၅)ခုနှစ်တွင် စတင်ရရှိမည်ဟုဆိုကြသည်။

---

၇၃၊ "Ordered Out: The costs of building Burma's Upper Paunglaung Dam," by Kayan New Generation Youth, p.1, May 2011

ဆည်စီမံကိန်းမှနေ၍ နယ်မြေဒေသတွင်း ကျေးရွာများကို ဦးစားပေးအကျိုးခံစားစေရမည်။ ထို့အပြင်၊ ကျေးရွာများ၏ လူနေမှုအဆင့်အတန်းကို ထိန်းပေးရမည်သာမက တိုးတက်ကောင်းမွန်စေရမည်လည်း ဖြစ်သည်ဟူသော ကမ္ဘာ့ဆည်ကော်မရှင်၏ ဆည်များနှင့်ပတ်သက်၍အကြံပြုချက်များ (World Commission on Dam's recommendation)နှင့် ဆန့်ကျင်စွာပင် ပေါင်းလောင်းဆည်စီမံကိန်းကြောင့် နယ်မြေဒေသနေကျေးရွာသားများသည် ဆင်းရဲတွင်းသို့သက်ဆင်းသွားကြရပြီး၊ တပါတည်းမှာပင်လူ့အခွင့်အရေးချိုးဖောက်မှုများကိုလည်း ခံကြရသည်။ ထို့ပြင်ထိခိုက်ခံရသော ကျေးရွာသားများအဖို့ ဆည်မှလွှတ်ပေးသော လျှပ်စစ်ဓာတ်အားမှလည်းအကျိုးခံစားရစရာမရှိချေ။ အကြောင်းမှာ ဆည်(၂)စင်းစလုံးမှလျှပ်စစ်ဓာတ်အားကို နေပြည်တော်သို့ပို့လွှတ်မည်ကြောင့်ဖြစ်သည်။ အထက်ဆည်ပြီးစီးသွားလျှင် မည်သည့်လျှပ်စစ်ဓာတ်အားရလိမ့်မည်ဟုလည်း ကျေးရွာသားများက မျှော်လင့်မထားကြချေ။

၂၀၀၂ ခုနှစ်၊ ဩဂုတ်လတွင်နယ်မြေဒေသတွင်းမှတက်ကြွလှုပ်ရှားသူလူငယ်များက ပေါင်းလောင်းဆည်ကြောင့်မိမိတို့၏ အသက်မွေးဝမ်းကျောင်းမှုများ အပေါ်သက်ရောက်မှုများနှင့်ပတ်သက်သော မိမိတို့၏ ပြဿနာများကို လွှတ်တော်အစည်းအဝေးသို့ တင်ပြပေးပါရန်နယ်မြေဒေသမှ လွှတ်တော်ကိုယ်စားလှယ်များကို တောင်းဆိုခဲ့ကြသည်။ မြန်မာနိုင်ငံ၏လျှပ်စစ်စွမ်းအားဝန်ကြီးက ဤပြဿနာများ နှင့်ပတ်သက်၍ပြန်လည်ဖြေကြားရာ၌ ဆုံးရှုံးသောနေအိမ်များအတွက် ကာလပေါက်ဈေးဖြင့်လျော်ကြေးပေးမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားပေးမည်၊ လမ်းများဖောက်ပေးမည်၊ ပြောင်းရွှေ့ရာ၌လည်း အကူအညီပေးမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။ သို့ရာတွင် ၎င်းသို့ဆောင်ရွက်ပေးမည်ဆိုသည်နှင့် ပတ်သက်၍အသေးစိတ် တိတိကျကျဖော်ပြခြင်းလည်းမရှိ အချိန်ကာလသတ်မှတ်ချက်လည်းမပေးချေ။

လောလောဆယ် ပါဝင်ပတ်သက်နေသူများ

| ကုမ္ပဏီ | နိုင်ငံ | လုပ်ငန်းတာဝန် |
|---|---|---|
| AF-Colenco | ဆွစ်ဇာလန် | ဖြစ်နိုင်ခြေလေ့လာချက် (၂၀၀၄)<br>ဒီဇိုင်း (၂၀၀၆)<br>အဆောက်အဦးဆောက်လုပ်ရေးဒီဇိုင်း (၂၀၀၈)<br>ဆက်လက် စောင့်ကြပ်ကြည့်ရှုခြင်း |
| Malcolm Dutstan and Association | ဂရိတ်ဗြိတိန် | ဆည်ဆောက်လုပ်နေပုံကို စီစစ် သုံးသပ် ခြင်း |
| Yunnan Machinery and Export Company (YMEC) | တရုတ် | ဒေါ်လာသန်း (၈၀) တန် စာချုပ်အရ စက်ယန္တယားနှင့် ပစ္စည်းကရိယာများ ထောက်ပံ့ ခြင်း |
| China Exim Bank | တရုတ် | အောက်ပေါင်းလောင်းဆည် ဆောက်လုပ်ရေးအတွက် ဒေါ်လာ သန်း (၁၂၀) ထုတ်ချေးခြင်း |

## ငွေကြေးရင်းနှီးမြှုပ်နှံမှု

အောက်ပေါင်းလောင်းဆည်မှာရင်းနှီးမြှုပ်နှံမှုသည်ဒေါ်လာသန်း(၃၀၀)ခန့်အထိရှိသည်။ အောက်ပေါင်းလောင်းဆည်အတွက် China Exim Bankက ဒေါ်လာသန်း (၁၆၀)တန် စာချုပ်အရ စက်ယန္တ ယားများနှင့် ပစ္စည်းကရိယာများ ထောက်ပံ့ခဲ့သည်။ (YMEC)ကုမ္ပဏီသည်အထက် ပေါင်းလောင်းဆည်အတွက်လည်း ဒေါ်လာသန်း (၈၀) တန်စာချုပ်အရစက်ယန္တ ယားနှင့် ပစ္စည်းကရိယာများထောက်ပံ့ရန်သဘောတူထားပြီးဖြစ်သည်။

သို့ဖြစ်ရာ ပေါင်းလောင်းဆည်အတွက် အနည်းဆုံးအားဖြင့် ဒေါ်လာသန်း (၅၆၀)ရင်းနှီးမြှုပ်နှံထားပြီးဖြစ်သည်။[၇၄]

## အဓိကတွေ့ရှိချက်များ

• ပြဿနာများကို မည်သူ့ဆီတင်ပြရမည်ကိုလည်းကောင်း၊ ဆည်နှင့်ပတ်သက်သောနောက်ထပ်သတင်းအချက်အလက်များကို မည်သူ့ထံမှာ စုံစမ်းရမည်ကိုလည်းကောင်း သိသူတဦးတလေမျှပင်မရှိချေ။

• ဆုံးဖြတ်ချက်ချသူများက စီမံကိန်းကို မစတင်မီမှာ သတင်းအချက်အလက်များပေးခြင်းလည်းမရှိ၊ ဆည်ကိစ္စနှင့်ပတ်သက်သော လူထုအစည်းအဝေးလည်းခေါ်ခြင်း မရှိချေ။

• ဆည်၏ ဆိုးကျိုးသက်ရောက်မှုများကို လူတိုင်းခံစားခဲ့ရပြီး၊ ကောင်းကျိုးသက်ရောက်မှုကို ခံစားရသူတဦးတယောက်မျှမရှိချေ။

## ဆိုးကျိုးသက်ရောက်မှုများ

• လုံလောက်သော လျော်ကြေးမပေးဘဲ အတင်းအဓမ္မနေရာရွှေ့ပြောင်းခိုင်းခြင်း

ဝ တည်ဆောက်မည့် ဆည်နှင့်ရေလှောင်ကန် အနီးအနားနေ ကျေးရွာလူထု (၈၀,၀၀၀) နီးပါးကို ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ နောက်ဆုံးထား၍ မူလနေထိုင်ရာနေရာများမှနေ၍ ရွှေ့ပြောင်းပေးရန် အမိန့်ပေးခဲ့သည်။ ရွာသားများအားဒေါ်လာ(၅၀)နှင့်ညီမျှသောငွေကို လျော်ကြေး အဖြစ်ပေးခဲ့သည်။ ဤသည်ကိုရွာသားတဦးက“စော်ကားခြင်း” ဖြစ်ကြောင်းရှင်းပြပါသည်။ ထိခိုက်နစ်နာခံရသူရွာသား တယောက်က“ဒေါ်လာ(၅၀)ကဘာလုပ်လို့ရမှာလဲ။ အိမ်ပြန်ဆောက်ဖို့နဲ့ လယ်သစ်တည်ဖို့မပြောနဲ့ အိမ်ပြောင်းဖို့တောင်မလောက်ဘူး။”ဟုဆိုပါသည်။

၇၄၊ ငွေကြေးအရ ရင်းနှီးမြှုပ်နှံမှုများဆိုင်ရာ သတင်းအချက်အလက်များကို အထက်ဖော်ပြပါ သတင်းရင်းမြစ်မှ ရရှိပါသည်။

o ကျေးရွာအများစုသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကစီးပွားရေးလုပ်ဆောင်ချက်အဖြစ်အား ထားနေကြရသည်ဖြစ်ရာ နေရပ်ရင်းမှနှင်ထုတ်ခံရမည်သူများအဖို့သင့်တော်သော နေစရာနေရာတခု ကို ပင်ပန်းတကြီးရှာရလိမ့်မည်ဖြစ်သည်။ ဆည်ကြောင့်နယ်မြေဒေသ၏ စိုက်ပျိုးစီးပွားရေးပျက်သွားပါ လိမ့်မည်။ နယ်မြေသူနယ်မြေသားများသည် ၂၀၁၃ ခုနှစ်၊ ဇွန်လတွင်ပြောင်းရွှေ့ရမည်ဖြစ်သည်။

• အတင်းအဓမ္မ လုပ်အားစေခိုင်းမှု

o ၂၀၀၆ ခုနှစ်၊ နှောင်ပိုင်းတွင်ခြေလျင်တပ်ရင်း (၆၀၆)က နေပြည်တော်လုံခြုံရေးအတွက် စစ်စခန်းများဆောက်ပေးရန် အနီးအနားကျေးရွာများအားအမိန့်ထုတ်ဆင့်ခဲ့သည်။ယခုအချိန်အထိပင် ကျေးရွာများကရိက္ခာပေးနေကြရပြီး အခကြေးငွေမရဘဲစစ်စခန်းများပတ်ဝန်းကျင်ကို မှန်မှန်ရှင်းလင်း ပေးနေကြရသည်။

• လုံခြုံရေးတိုးမြှင့်ခြင်းနှင့် အတင်းအဓမ္မ အခွန်ကောက်ခြင်း

o ဆည်ပြီးစီးသွားသည်နှင့် တပြိုင်နက်ဆည်နေရာနှင့် ရေလှောင်ကန်ကြီးနယ်မြေကို နေပြည် တော်ပိုင်နက်အဖြစ် သတ်မှတ်မည်ဖြစ်သည်။ အကျိုးဆက်ကားရွာသားများတင်းကြပ်စွာ ချုပ်ချယ်ကန့် သတ်ခံခြင်းပင်ဖြစ်သည်။ ရွာသားများသည်မြန်မာစစ်သားများအတွက် လုံခြုံရေးကင်းစခန်းများဆောက် ပေးကြရသည့်အပြင်၊ "ကင်းကြေး" အဖြစ်အိမ်ထောင်စုတစုလျှင် လစဉ် (၁)ဒေါ်လာနှင့် ညီမျှသောငွေကို ပေးနေကြရသည်။

o ပြင်ပမှအဖွဲ့အစည်းများကိုရွာထဲသို့ဝင်ခွင့်မပေးချေ။ ၂၀၀၇ ခုနှစ်ကကမ္ဘာ့စားနပ်ရိက္ခာအစီ အစဉ် **(World Food Program)** ဝင်ရောက်ခြင်းကို ပိတ်ပင်ခဲ့သည်။ ဤသို့ပိတ်ပင်ခြင်းသည်ဆည်စီမံ ကိန်းနှင့်ပတ်သက်သည်ဟု ရွာသားများက ယူဆကြသည်။

o နေအိမ်များသို့ပြင်ပမှဧည့်သည်များရောက်လာလျှင်လုံခြုံရေးတပ်သို့တိုင်ကြားရသည်။ မတိုင်ကြားပါက ဧည့်သည်ကဒေါ်လာ(၅၀)နှင့် ညီမျှသောဒဏ်ငွေကိုပေးဆောင်ရပြီး အိမ်ရှင်က ဒေါ်လာ (၁၀၀)နှင့် ညီမျှသော ဒဏ်ငွေကို ပေးဆောင်ရသည်။

• နယ်မြေဒေသ၏ သဘာဝပတ်ဝန်းကျင်မှာ ယိုယွင်းပျက်စီးမှုလက္ခဏာများ ပြနေခြင်း

o ဆည်စီမံကိန်းစကတည်းကပင် နယ်မြေဒေသတွင်းမှာရေကြီးမှုသည် တစတစပိုဆိုး လာခဲ့သည်။ (၂၀၀၈)ခုနှစ်ကစ၍ စီမံကိန်းနယ်မြေထဲမှာ သစ်တောပြုန်းတီးမှု သိသိသာသာဖြစ် ပွားလာခဲ့သည်။ အထူးသဖြင့် ဟသ်ာကုန်းကျေးရွာအနီးမှာဖြစ်သည်။



ကယန်းဒေသမှ ရွာသားများ

ထွက်ဆိုချက်။ "ဒီစီမံကိန်းအကြောင်းကို ကျနော်ဘာတခုမှ မသိပါဘူး"

ထိခိုက်ခံရသော နယ်မြေသားတဦးဖြစ်သူ ဖိုးကျော်ကတည်ဆောက်မည့်ဆည်ကိစ္စနှင့် ပတ်သက်၍သူတို့ရွာကိုမတိုင်ပင်ခဲ့ပါဟုမကျေမနပ်ဖြစ်ကြောင်းပြောပြခဲ့သည်။

*"အာဏာပိုင်တွေက ကျနော်တို့ပြောတာကိုအလေးမထားဘူး။ ရွာလူကြီးကလည်းသူတို့လုပ်သမျှကို သဘောတူနေရတာ။ ကျနော်တို့ကသူတို့ စီမံကိန်းမစခင်မှာနယ်ခံလူတွေကိုတိုင်ပင်စေချင်တယ်။"*

ကိုအောင်ခိုင်မင်းကလည်းအလားတူပင် မကျေနပ်ကြောင်းပြောပြီးနောက် ဆည်ကြောင့်အတင်းအဓမ္မနေရာရွှေ့ပြောင်းခိုင်းပြီး လျော်ကြေးအလုံအလောက်မပေးခြင်း လယ်မြေများဆုံးရှုံးခြင်းတို့ အပါအဝင်ဆင်းရဲဒုက္ခများကို ရွာသားများခံစားရပုံအကြောင်းဆက်လက်ရှင်းပြခဲ့သည်။

*"ဒီစီမံကိန်းအကြောင်းကို ကျနော်ဘာတခုမှမသိပါဘူး။ အစိုးရဆောက်လုပ်ရေးလုပ်ငန်းအတွက် ကျနော်တို့ရွာကို ရွှေ့ပေးရမယ်လို့ ရွာလူကြီးက ပြောတယ်။ နေရာပြောင်းရွှေ့ဖို့အတွက် ကျနော်တို့ကိုမဖြစ်စ လောက်ငွေလေးပေးတယ်။ ဆောက်လုပ်ရေးလုပ်မယ့်နေရာက သိပ်နီးနေတော့တချို့လူတွေဆိုရင်လုပ်လက်စလယ်အလုပ်တွေ တောင်ယာအလုပ်တွေ ဥယျာဉ်အလုပ်တွေကို ရပ်ပစ်လိုက်ရတယ်။ ကျနော် တို့မြေတွေကို သိမ်းလိုက်တာတောင် သူတို့ဆီက ဘာတခုမှ မျှော်လင့်လို့ မရပါဘူး။ ဆောက်လုပ်ရေး လုပ်ငန်းကပြီးလုပြီး။ ဖြစ်နိုင်မယ်ဆိုရင်တော့ ကျနော်တို့ရွာတွေအားလုံးအတွက် ကျနော်တို့လျှပ်စစ်မီးလို ချင်ပါတယ်။"*

## အခန်း(၁၁) ။ မွန်ပြည်နယ်၊ ကတိုက်ဆည် စီမံကိန်း၊

*မွန်ပြည်နယ်အတွက် နယ်မြေဖွံ့ဖြိုးရေးဆောင်ကျဉ်းပေးသော ကတိုက်ဆည်*

*ကတိုက်ဆည်ကြောင့်နယ်မြေတွင်းရှိလယ်သမားများသည် အစွမ်းကုန်ကြိုးစားလျှက် တနှစ်ပတ်လုံးစပါး စိုက်ပျိုးနိုင်ကြရာ လယ်ယာစိုက်ပျိုးထုတ်လုပ်မှုတိုးတက်နေလျှက်ရှိသည်။*

အစိုးရပိုင် မြန်မာ့အလင်းသတင်းစာမှာ ကတိုက်ဆည်ကိုချီးမြှောက်ရေးသားထားသော ဆောင်းပါးမှ ကောက်နှုတ်ချက်[၇၅]

နောက်ခံသမိုင်းအကျဉ်း[၇၆]

၂၀၀၁ ခုနှစ် ကုန်လုနီး၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ)က မွန်ပြည်နယ်၊ ပေါင်မြို့နယ်အတွင်းမှာ ဆည်ဆောက်လုပ်ရေးအတွက် မြေများကို စတင်သိမ်းယူခဲ့သည်။ ကတိုက်ကျေးရွာ နယ်နိမိတ်အတွင်းမှာ ဆည်ဆောက်လိုရခြင်းသည် နွေစပါးစိုက်ပျိုးရေးကို အထောက်အကူပြုပေးရန်ဖြစ်သည်။ စပါးကို မိုးရာသီမှာသာစိုက်ပျိုးလေ့ရှိကြရာ နွေစပါးစိုက်ပျိုးရေးအတွက် တခုတည်းသော နည်းလမ်းကားဆည်ဆောက်ပြီး ရေသွင်းရလွယ်အောင် လုပ်ပေးခြင်းပင်ဖြစ်သည်။ ဤသို့စပါးသီးထပ်စိုက်ပျိုးခြင်းသည့် အများပြည်သူတို့၏ ဆန္ဒနှင့်ဆန့်ကျင်စွာ စိုက်ခိုင်းခြင်းဖြစ်သည်။ ထိုစဉ်က အာဏာရ စစ်အစိုးရသည် မိမိတို့အား ဆည်စီမံကိန်းဝန်ထမ်းခိုင်းခဲ့သည်ဟု အများပြည်သူတို့က ဆိုပါသည်။ ကတိုက်ဆည်စီမံကိန်းသည် အစိုးရစီမံကိန်းတခုဖြစ်ပြီး အမျိုးသားဖွံ့ဖြိုးရေးစီမံကိန်းကြီး တခုလုံး၏ အစိတ်အပိုင်းဖြစ်သည်။

(၁၉၆၂)ခုနှစ်တွင် ဗိုလ်ချုပ်နေဝင်းက တတိုင်းပြည်လုံးမှာ ဆန်စပါးထုတ်လုပ်မှုတိုးတက်ရေးအတွက် "နှစ်သီးစား"မူဝါဒကိုချမှတ်ခဲ့သည်။ နောက်နှစ်ပေါင်း(၄၀)အကြာ၌ ဤမူဝါဒကိုမွန်ပြည်နယ်၏ နေရာအတော်များများ၌ကျင့်သုံးလာပြန်ကာ လယ်သမားအားလုံးအား နွေစပါးကိုမစိုက်မနေရစိုက်ပျိုးစေခဲ့သည်။ သို့ရာတွင် "နှစ်သီးစား"မူဝါဒသည် အကြီးအကျယ်ဒုက္ခပေးကြောင်းတွေ့ရသည်။ အမြတ်အစွန်းမဖြစ်စလောက်သာရပြီး ငွေရသည်ထက် ရေရှည်ဆုံးရှုံးမှုက များစွာပိုကြီးသည်။

ဆည်ကို (၂၀၀၁)ခုနှစ် နိုဝင်ဘာလမှာ စတင်ဆောက်လုပ်ခဲ့ပြီး (၂၀၀၇)ခုနှစ်၊ ဧပြီလတွင်ပြီးစီးသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဗိုလ်မှူးချုပ်ဌေးဦး၏ ပြောကြားချက်အရဆိုလျှင် ကတိုက်ဆည်သည် အရှည်ပေ(၅,၂၀၀)၊ အမြင့်(၁၃၄)ပေရှိပြီး၊ လယ်မြေဧက(၅၆,၀၀၀)ကို ရေပေးနိုင်သည်ဟု ဆိုသည်။[၇၇] သူကဆည်ဆောက်လုပ်ခြင်း၏ ရည်ရွယ်ချက်သည် နွေစပါးစီမံကိန်း အတွက်ရေပေးရေးနှင့် "နယ်မြေဖွံ့ဖြိုးရေး"ဖြစ်သည်ဟု အတိအကျဖော်ပြခဲ့သည်။ သို့ရာတွင် စာရွက်စာတမ်းအထောက်အ

---

၇၅၊ "Kadaik dam bringing development to Mon State," New Light of Myanmar, p.1 and 7, Vol. XVII, Number 282, 23 January 2010

၇၆၊ Unless otherwise noted, information is taken from section "From Grassroots to Global: Voices from Burma on Earth Rights Abuses,"pp.110-124, Earth Rights International, 2009

၇၇၊ Above ERI report p. 112

ထားများအရ တွေ့ရှိခဲ့ရသည်ကား ဆည်စီမံကိန်းသည် ငွေအရင်းအနှီးထုတ်ပေးခြင်းမရှိဘဲ ကတိုက်ကျေးရွာအပေါ် ဝန်ပိစေခဲ့ကြောင်းနှင့် ဆည်ပတ်ဝန်းကျင်နယ်မြေအား သဘာဝပတ်ဝန်းကျင်အရ၊ လူမှုရေးအရ၊ စီးပွားရေးအရ ထိခိုက်စေခဲ့ကြောင်းပင် ဖြစ်သည်။

လောလောဆယ် ပါဝင်ပတ်သက်နေသူများ

| ကုမ္ပဏီ | နိုင်ငံ | လုပ်ငန်းတာဝန် |
|---|---|---|
| ဆောက်လုပ်ရေး လုပ်ငန်းစု (၆)၊ ဆည်မြောင်းဦးစီးဌာန၊<br>လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန (ပေါင်မြို့နယ်) | မြန်မာနိုင်ငံ | ဆည်ဆောက်လုပ်ရေးနှင့်<br>သက်ဆိုင်သော တာဝန်အားလုံး |

စီမံကိန်း ကုန်ကျစားရိတ်

ဆည်ဆောက်လုပ်ရေးအတွက် ငွေကျပ် (၇) သန်း ကုန်ကျခဲ့သည်။

အဓိကတွေ့ရှိချက်များ

- ဆည်အကြောင်းနှင့်ပတ်သက်၍ မည်သူ့ကိုဆက်သွယ်ရမည် နောက်ထပ်သတင်းအချက်လက်များကို မည်သူ့ထံမှာစုံစမ်းရမည်ဆိုသည်တို့ကို သိသူတဦးတလေမျှမရှိ။

- ဆည်စီမံကိန်းမစမီမှာ စီမံကိန်းအကြောင်းသတင်းအချက်အလက်များကို မည်သူ့ကိုမျှမပေးချေ။

- အခွင့်အရေးရှိသူများအနေနှင့် မိမိတို့၏ပြဿနာများကို တင်ပြနိုင်သော သို့မဟုတ် စီမံကိန်းမှာ ပါဝင်ပြောဆိုနိုင်သော လူထုအစည်းအဝေးတခုတလေမျှ မရှိခဲ့ချေ။

ဆိုးကျိုးသက်ရောက်မှုများ

ဆည်ကို (၂၀၀၇)ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့သော်လည်း မြေသိမ်းမှုများနှင့် နေရာရွှေ့ပြောင်းခိုင်းမှုများကို အစိုးရအာဏာပိုင်များက ဆက်လုပ်နေဆဲပင်ရှိသည်။ ဆည်ဆောက်လုပ်ခြင်း၏ ရည်ရွယ်ချက်နှင့်အညီ အတင်းအဓမ္မလုပ်အားစေခိုင်းမှုများဖြစ်ပွားခဲ့သည်တွင် ကတိုက်ကျေးရွာအုပ်စုသည် မိမိတို့ဆန္ဒမပါဘဲ သီးထပ်စပါးစိုက်ပျိုးကြရသည်။

ဤဆည်သည် ဤအစီရင်ခံစာပါအခြားဆည်များထက် သေးငယ်သော်လည်း၊ ပတ်ဝန်းကျင်လူထုအပေါ် ဆည်၏ ဆိုးကျိုးသက်ရောက်မှုများသည် အလားတူပင်ဖြစ်သည်။ ဤဆိုးကျိုးသက်ရောက်မှုများမှာ–

• မြေသိမ်းခြင်း

o ဆည်ဆောက်လုပ်ရေးအတွက်အစိုးရက နယ်မြေလူထုဆီမှ မြေအများအပြားကိုသိမ်းယူခဲ့သည်။ ဆည်မှနေ၍လယ်ကွက်များထဲသို့ ရေသွင်းပေးမည့်ရေသွင်းမြောင်းများအတွက် အနည်းဆုံးအားဖြင့် မြေကေ(၁၉၀)ခန့် (ဘောလုံးကွင်းပေါင်း၂၀၀အကျယ်နှင့်ညီမျှသည်ကိုသိမ်းယူခဲ့သည်။ မြေသိမ်းယူမှုအတွက် မည်သူ့ကိုမျှကြိုတင်အသိပေးခြင်း၊ လျော်ကြေးပေးခြင်းမရှိခဲ့ချေ။ ကတိုက်ကျေးရွာသူ၊ ကျေးရွာသားတို့သည် မြေယာကိုအားထားလုပ်ကိုင်စားကြရသော လယ်သမားများနှင့်ဥယျာဉ်သမားများဖြစ်ကြသဖြင့် ဤလုပ်ရပ်သည် နယ်မြေလူထုအပေါ် အလွန်ဆိုးရွားသော သက်ရောက်မှုဖြစ်သည်။

o မြေသိမ်းခြင်းကိုမကျေနပ်ကြောင်းပြောဆိုသူများကိုထောင်ချပစ်မည်ဟုခြိမ်းခြောက်ခဲ့သည်။

• အတင်းအဓမ္မလုပ်အားစေခိုင်းခြင်း

o ကတိုက်ကျေးရွာအုပ်စု၏ ဆန္ဒနှင့်ဆန့်ကျင်လျက် အစိုးရက နှမ်းစပါးစိုက်ပျိုးရမည်၊မစိုက်ပျိုးပါက ပြစ်ဒဏ်ပေးခံရမည်ဟု အမိန့်ထုတ်ဆင့်ခြင်းသည် အတင်းအဓမ္မလုပ်အားစေခိုင်းမှုမြောက်သည်။

• ကျေးရွာသားများ ဆင်းရဲတွင်းသို့ တွန်းပို့ခံရခြင်း

နွေစပါးစိုက်ခြင်းသည် ဆုံးရှုံးမှုအန္တရာယ်များသည့်အပြင် ကုန်ကျစားရိတ်လည်းကြီးသည်။ လယ်သမားများ သည် မိုးစပါးစိုက်ပျိုးရာမှရရှိခဲ့သော အမြတ်အားလုံးကို နွေစပါးစိုက်ပျိုးမှုတွင် ရင်းနှီးမြှုပ်နှံခဲ့သော်လည်း အကြီးအကျယ်ဆုံးရှုံးမှုများနှင့် ကြုံတွေ့ခဲ့ကြရပြီး ကြွေးသံသရာမှ လွတ်ကင်းနိုင်ပုံမပေါ်ချေ။ “စိုက် ထုတ်ထားတဲ့အရင်းအနှီးအားလုံးနီးပါးဆုံးမယ်ဆိုတာကို သိရက်နဲ့ လယ်သမားတွေဟာ နွေစပါးကို မစိုက်ချင်ဘဲ စိုက်နေကြရတယ်။”[၇၈]

ထွက်ဆိုချက်များ ။ “ဆုံးရှုံးတယ်လို့ ကျနော်တို့ ခံစားရတယ်”

ကတိုက်ကျေးရွာအုပ်စု၏ ချောင်းဖျားနယ်မြေမှ လယ်သမားတဦးဖြစ်သူ ကိုဇော်ဇော်အောင်က ဆည်သည် ကျေးရွာသားတို့၏ဘဝများအပေါ် ဂယက်ရိုက်ခဲ့ကြောင်း၊ စားဝတ်နေရေးကိုထိခိုက်စေခဲ့ကြောင်းနှင့် အချို့လူများသည် ကတိုက်ကျေးရွာမှထွက်သွားပြီး စီးပွားရေးအခွင့်အလမ်းများရှာရသည့်အဖြစ်သို့ ရောက်ကြရသဖြင့် မိသားစုအသိုက်အမြုံ ပြိုကွဲသွားခဲ့ကြကြောင်း ရှင်းပြခဲ့သည်။

“ကတိုက်ဆည်စီမံကိန်းစစချင်းမှာ အိမ်ထောင်စု (၃၀)ကျော်ကို နေရာပြောင်းခိုင်းခဲ့တယ်။ ဆည်ချည်းသက်သက်အတွက်အိမ်တွေ၊ ခြံတွေ၊ လယ်တွေကိုသိမ်းခဲ့တယ်။ ကျနော်တို့မိသားစုနဲ့တခြားရွာသားတွေမှာ အခက်အခဲတွေအများကြီးကြုံတွေ့ရပြီး စားဝတ်နေရေးအတွက် မနည်းကြီးလုံးပမ်းခဲ့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ အသိမ်းခံရတဲ့ပစ္စည်းတွေအတွက် ဘာလျော်ကြေးမှရတာမှ မဟုတ်ဘဲ။ ကျနော်တို့ရွာသားတွေထဲက တချို့လူတွေဆိုရင် တခြားနေရာတွေမှာ ဒါမှမဟုတ်တခြားတိုင်းပြည်တွေမှာအ

၇၈၊ Above ERI report p. 112

လုပ်အသစ်သွားရှာရလို့ မိသားစုတွေတကွဲတပြားစီ ဖြစ်ကုန်ကြတယ်။

ဒါ့အပြင် စီမံကိန်းနယ်မြေအနီးအနားမှာ လယ်မလုပ်ရဘူးလို့လည်း ရွာသားတွေကိုပိတ်ပင်ခဲ့တယ်။ တချို့ရွာသားတွေက ဒီလိုပိတ်ပင်တာကို မခံနိုင်လို့ ငွေတွေအများကြီးအကုန်ခံပြီး လယ်တွေပြန်ရအောင် ကြိုးစားခဲ့ပေမယ့်လည်း ပြန်မရဘူး။ ကတိုက်ဆည်ကနေရလိုက်တဲ့ ကောင်းကျိုးတခုကတော့ သူတို့ (အစိုးရ)ကလမ်းတွေပြင်ပေးတယ်လေ။ ဒီတော့ရွာသားတွေအဖို့ သယ်ယူပို့ဆောင်ရေးအတွက်ကောင်းသွားတာပေ့ါ။”

အစိုးရကိုယ်စားလှယ်များက ရွာသားများကို မလိုမုန်းထားရှိကြပြီး ရွာသားတို့၏ မြေများပေါ်မှာ မည်သို့ဖြစ်လာမည်ဆိုသည်နှင့်ပတ်သက်၍ လုံးဝမှောင်ချထားခဲ့ကြသည်။ ဤအကြောင်း ကိုဂွန်ဟောကျေးရွာမှ လယ်သမားကြီး ဦးကျော်ကျော်က အောက်ပါအတိုင်းပြောပြခဲ့သည်။

“အစိုးရတွေရောက်လာ၊ မြေတိုင်းပြီးတော့ အလံတွေစိုက်သွားကြတယ်။ ဒီမြေပေါ်မှာဘာတွေလုပ်မယ်ဆိုတာ ကျနော်တို့ကို ဘာတခွန်းမှပြောမသွားခဲ့ဘူး။ “ဒါအစိုးရမြေဆိုတော့ ဘယ်သူကမှမေးလား မြန်းလားလုပ်ရဲတာမဟုတ်ဘူး”လို့ အစိုးရအာဏာပိုင်တွေကပြောသွားခဲ့တယ်။ သူတို့ကစပါးတွေရိတ်သိမ်းထားကြဘို့ ကျနော်တို့တတွေကို ပြောသွားခဲ့တယ်။ သူတို့တိုင်းထားတဲ့မြေပေါ်မှာသူတို့ ဘာတွေလုပ်မလဲဆိုတာကို ရွာသားတွေမသိကြသေးဘူး။ ဆည်ဆောက်ဖို့ နောက်တခေါက်ပြန်လာတော့မှဘဲ ကျနော်တို့ သိကြတယ်။

ပထမတော့ လယ်တွေ ဆုံးသွားတာနဲ့ပတ်သက်လို့ ဒို့တတွေ တနှစ်လုံး လယ်အတွက် ရေရတော့မှာဘဲ၊ တနှစ်မှာ စပါးနှစ်သီး စိုက်နိုင်တော့မှာဘဲလို့ ကိုယ်ကိုယ်ကိုယ်နှစ်သိမ့်ခဲ့ပါတယ်။ ဒါပေမယ့် တနှစ်မှာ စပါးနှစ်သီးစိုက်တာတောင် ပိုက်ဆံတွေအများကြီးဆုံးရှုံးတယ်။ ကျနော်တို့ကို နွေစပါးမစိုက်မနေရ စိုက်ခိုင်းတယ်။ တချို့လူတွေက စိတ်ဓာတ်ကျပြီး မြေတွေရောင်းပစ်လိုက်ကြတယ်။ ဆုံးရှုံးတယ်လို့ ကျနော်တို့ ခံစားရတယ်။”

## အခန်း (၁၂)။ ကချင်ပြည်နယ်၊ မြစ်ဆုံဆည်

“ကျနော်တို့ကို ဒီနေရာမှာချထား(ပြန်လည်နေရာချထား)လိုက်တယ်။ ဘာမှလုပ်စားစရာလည်းမရှိဘူး။ ကျနော်က မြေယာမဲ့ လယ်သမားတယောက်ပါ။”

အတည်နေရာချထားရေးစခန်းတခုမှ ကချင်နယ်မြေသားတဦး[၇၉]

၇၉။ “The Kachin: Washed away by the Myitsone Dam,” by Jason Motlaugh, Pulitzer Center, 9 July 2012

## နောက်ခံသမိုင်းအကျဉ်း[၈၀]

အာရှ၏ အကြီးဆုံးမြစ်တမြစ်ဖြစ်သော ဧရာဝတီမြစ်ပေါ်မှာ တည်ဆောက်မည့်ဆည် (၇)စင်းအနက်အမြင့် (၁၅၂)မီတာရှိ မြစ်ဆုံဆည်သည် ပထမဦးဆုံး တည်ဆောက်မည့်ဆည်ဖြစ်သည်။ ဆည်မှနေ၍ လျှပ်စစ်ဓာတ်အားမီဂါဝပ် (၆,၀၀၀)ထုတ်လွှတ်ပေးနိုင်မည်ဟု ခန့်မှန်းရသည်။ ဤဓာတ်အားများ၏ ၉၀%ကို တရုတ်ပြည်၏ အနောက်မှအရှေ့သို့ လျှပ်စစ်ဓာတ်အားပို့ပေးရေးမူဝါဒ၏ လုပ်ငန်းတရပ်အဖြစ် တရုတ်ပြည်သို့ပို့မည်ဖြစ်သည်။ မြစ်ဆုံဆည်မှထုတ်လွှတ်ပေးမည့် လျှပ်စစ်ဓာတ်အား၏ တန်ဖိုးသည် တနှစ်လျှင် ဒေါ်လာသန်း (၅၀၀)ခန့် ရှိမည်ဟု ခန့်မှန်းရသည်။

မြစ်ဆုံဆည်နှင့် မေခ၊ မလိခ မြစ်ဝှမ်းတလျှောက်မှာ တည်ဆောက်မည့်အခြားဆည်များအတွက် နားလည်မှုစာချွန်လွှာကို ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလတွင် မြန်မာနိုင်ငံအမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် တရုတ်ပြည်လျှပ်စစ်ဓာတ်အားဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း (China Power Investment Corporation-CPIC)တို့ လက်မှတ်ရေးထိုးခဲ့ကြသည်။ ဝင်ငွေအကြီးအကျယ်ရအောင် တိုင်းပြည်တဝှမ်းလုံးမှာ ရေအားလျှပ်စစ်ဓာတ်ထုတ်ယူပြီး အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ရောင်းချရန်တည်းဟူသော မြန်မာအစိုးရ၏ မဟာရည်မှန်းချက်ကြီးတွင် မြစ်ဆုံဆည်က အစိတ်အပိုင်းတခုဖြစ်သည်။ အစိုးရအဖို့ ဤဖက်စပ်လုပ်ငန်းများမှနေ၍ ဝင်ငွေအမြောက်အမြားရရန်ရှိသော်လည်း ဆုံးဖြတ်ချက်ချရာမှာ ထည့်သွင်းခြင်းမခံခဲ့ရသော မြန်မာနိုင်ငံပြည်သူတို့ကမူ ထိခိုက်နစ်နာမှုတန်ဖိုးကို ကျခံရမည်ဖြစ်သည်။

ကမ္ဘာ၏ "ဇီဝမျိုးကွဲစုံလင်ထွေပြားမှုအတွက် အရေးတကာ့အရေးကြီးဆုံးနေရာ"[၈၁]တခုအဖြစ်လည်းကောင်း၊ ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် ဦးစားပေးနေရာတနေရာအဖြစ်လည်းကောင်း



ကချင်ပြည်နယ်မှ မပျက်စီးခင် မြစ်တစ်ခု

၈၀၊ Unless otherwise noted, information on Myitsone was taken from AKSYU report "Damming the Irrawaddy" and "Lessons from the Kachin Development Experience" by Kachin Development Networking Group, 2012

၈၁၊ "Irrawaddy/N'Mai/Mali Dams," Burma Rivers Network, 2012

သတ်မှတ်ထားခြင်းခံရသည့် မြစ်ဆုံဆည်ဆောက်မည့်နေရာမှာ စင်္ကာပူနိုင်ငံပမာဏခန့်ကျယ်ဝန်းသော နယ်မြေကို ရေလွှမ်းစေမည်ဖြစ်ပြီး ကျေးရွာပေါင်း(၆၀)ရွာမှ လူဦးရေ (၁၅၀၀၀)အဖို့ နေရာရွှေ့ပြောင်းရခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆုံးရှုံးခြင်း၊ နယ်မြေတွင်းပြဿနာများကို ပို၍ဆိုးရွားလာခြင်းတို့ဖြစ်ရန် ရှိနေသည်။

၂၀၁၁ ခုနှစ် စက်တင်ဘာလတွင် သမ္မတဦးသိန်းစိန်က“ပြည်သူတို့၏ ဆန္ဒကိုထင်ဟပ်ပြခြင်း”တရပ်အဖြစ်မြစ်ဆုံဆည်ကို ဆိုင်းငံ့လိုက်ကြောင်း ကြေညာလိုက်သောအခါ၌ မြစ်ဆုံးဆည်ဆောက်လုပ်မှု ရပ်သွားအောင် နှစ်နှင့်ချီ၍ တိုက်ပွဲဝင်လာခဲ့ကြသော တက်ကြွလှုပ်ရှားသူများ အံ့အားသင့်သွားခဲ့ကြသည်။ ဤသတင်းသည် ကမ္ဘာကျော်သွားပြီး မြန်မာနိုင်ငံမှာ ပြုပြင်ပြောင်းလဲမှုတိုးတက်လာခြင်း၏ သင်္ကေတအဖြစ်အများက ဩဘာပေးခြင်းခံခဲ့ရသော်လည်း ဆည်ဆောက်လုပ်ရာနေရာမှာ ဆောက်လုပ်ရေးပစ္စည်းကရိယာများနှင့် အလုပ်သမားများ ကျန်ရှိနေသေးရာ လုပ်ငန်းကို တမဟုတ်ချင်းပြန်စနိုင်ပါသည်။ နေရာရွှေ့ပြောင်းခိုင်းခြင်းခံရသော ကျေးရွာသားများကာ နေရင်းရပ်သို့ပြန်၍ မရသေးဘဲရှိနေပါသည်။ ကချင်လူမှုဖွံ့ဖြိုးရေးကွန်ရက်အဖွဲ့ (Kachin Development Networking Group)၏ ၂၀၁၂ ခုနှစ်၊ မတ်လ ထုတ်ပြန်ကြေညာချက်အရ ရွာသားများနေရင်းရပ်သို့ ပြန်လာလိုစိတ် မရှိအောင် တန်ဖဲကျေးရွာရှိစာ သင်ကျောင်းများနှင့် လိမ္မော်ခြံများကိုဖျက်ဆီးထားသည်ဟုသိရသည်။[၆၂]

လောလောဆယ် ပါဝင်ပတ်သက်နေသူများ

| ကုမ္ပဏီ | နိုင်ငံ | လုပ်ငန်းတာဝန် |
|---|---|---|
| အမှတ်(၁) လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာန | မြန်မာနိုင်ငံ | အာဏာပေးခြင်း |
| China Power Investment Corporation | တရုတ်နိုင်ငံ | “မြစ်ဆုံဒေသ ရေအားလျှပ်စစ် စီမံကိန်း”၏ စီမံကိန်းမန်နေဂျာ၊<br>မြစ်ဝှမ်းတခုလုံးနှင့်ဆိုင်သော ပင်မအစီအစဉ်အတွက် လုပ်ငန်းများ ရေးဆွဲ ပေးခြင်း၊ မြစ်ဆုံရေအားလျှပ်စစ်စက်ရုံ နှင့် ချီဘွေ ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ခြင်း။ |

ကုန်ကျစားရိတ်

မြစ်ဆုံဆည်ဆောက်လုပ်ရေးအတွက် ကုန်ကျစားရိတ်သည် ဒေါ်လာ (၃. ၆) ဘီလျံ အထိရှိလိမ့်မည်ဟု ခန့်မှန်းရပါသည်။

၆၂။ “Myitsone Dam Continues: Kachin NGO,” Irrawaddy, 5 March 2012

## စီမံကိန်းမှ ရရှိမည့်ဝင်ငွေ

မြစ်ဆုံဆည်မှ ရရှိနိုင်ဖွယ်ရှိသော ဝင်ငွေသည် တနှစ်လျှင် ဒေါ်လာ(၅၅၈)သန်းမှ (၅၉၇)သန်းအထိရှိလိမ့်မည်ဟု ခန့်မှန်းရပါသည်။

ပွင့်လင်းမြင်သာမှုမရှိခြင်းကြောင့် အမြတ်အစွန်းနှင့် ဤအမြတ်အစွန်းတွင် ပါဝင်ပတ်သက်သူများ၏ ဝေစုကို တွက်ချက်ရန်မလွယ်ချေ။ ဤသို့တွက်ချက်နိုင်ရေးသည် ခွင့်ပြုချက်သဘောတူစာချုပ်မှာ သတ်မှတ်ထားသော ပြုပြင်ထိန်းသိမ်းခ၊ လုပ်ငန်းလည်ပတ်ခတို့ အပါအဝင် အကြောင်းအချက်ပေါင်းများစွာ အပေါ်မှာမူတည်ပါသည်။

## အဓိကတွေ့ရှိချက်များ

- မြစ်ဆုံဆည်အကြောင်းနှင့်ပတ်သက်၍ မည်သူ့ကိုဆက်သွယ်ရမည်၊ နောက်ထပ်သတင်းအချက်အလက်များကို မည်သူ့ထံမှာ စုံစမ်းရမည်ဆိုသည်တို့ကို သိသူတဦးတလေမျှမရှိ။

- တည်ဆောက်မည့်ဆည်အကြောင်းနှင့်ပတ်သက်၍ စီမံကိန်းမစတင်မီမှာ ဆုံးဖြတ်ချက်ချသူများက မည်သူတဦးတယောက်ကိုမျှ သတင်းအချက်အလက်များ ပေးခြင်းမရှိပါ။

- စစ်တမ်းကောက်ခံရသူများ၏ ၄၀%က စီမံကိန်းအကြောင်း နောက်ထပ်သတင်းအချက်အလက်များ စုံစမ်းခြင်းသည် ဘေးမကင်းဟုထင်ကြသည်။ ၆၀%က ဘေးကင်း၊မကင်း သေသေချာချာ မသိကြ။ ၄.၃% ကမူ သတင်းအချက်အလက် စုံစမ်းလျှင် ဒဏ်ခတ်ခံရမည်ဟု ကြောက်ကြသည်။

- ၃၀%ကမူ စီမံကိန်းအကောင်အထည်ဖော်နှင့်ပြီးမှ လူမှုအဖွဲ့အစည်းအခြေပြုအဖွဲ့တဖွဲ့ဆီမှနေ၍ ဆည်စီမံကိန်းအကြောင်း သတင်းအချက်အလက်များကို ရရှိသည်။

- စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများကို လူတိုင်းခံစားခဲ့ရပြီး မည်သူကမျှ ကောင်းကျိုးသက်ရောက်မှုကို ခံစားရသည်ဟု မပြောချေ။

## ဆိုးကျိုးသက်ရောက်မှုများ

- အတင်းအဓမ္မနေရာရွှေ့ပြောင်းခိုင်းခြင်း

o ရေလှောင်ကန်ကြီးကို စတင်၍ ရေဖြည့်တော့မည်ဆိုသည်နှင့်တပြိုင်နက် ရေမျက်နှာပြင်ထက်နိမ့်သော နေရာမှာ နေသူတိုင်းကို နေရာရွှေ့ပြောင်းခိုင်းမည်ဖြစ်သည်။ ဤသို့ရွှေ့ပြောင်းခိုင်းလျှင် ရွာသား လူဦးရေ (၁၅,၀၀၀)နေထိုင်ရာ ကျေးရွာပေါင်း (၆၀)ရွှေ့ပြောင်းရမည်ဖြစ်သည်။ ယခုကတည်းက နေထိုင်ရန် အလွန်အခြေအနေဆိုးသော ပြန်လည်နေရာချထားရေးစခန်းများသို့ လူအတော်များများ ပြောင်းရွှေ့သွားကြပြီး ဖြစ်သည်။

- အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆုံးရှုံးခြင်း

o မြစ်ဆုံဆည်၏ရေလွှမ်းမှုကြောင့် ကျေးရွာများ ရေအောက်သို့ရောက်သွားခြင်း၊ စိုက်ပျိုးမြေများ လျော့နည်းသွားခြင်း၊ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ ရေမြုပ်ကုန်ခြင်းစသည့် ဆိုးကျိုးအများ အပြား ဖြစ်ပွားလိမ့်မည်ဖြစ်သည်။

o မြစ်ဆုံဆည် အနီးအနားမှာ နေထိုင်ကြသူ အများစုသည် အသက်မွေးဝမ်းကျောင်းမှုအတွက် သဘာဝအပေါ် အမှီသဟဲပြုနေကြရသည် (ဆည်ဆောက်လိုက်လျှင် သဘာဝပျက်စီးသွားစရာရှိသည် ဟု ဆိုကြသည်)။ ဤအသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် ဒေသဈေးကွက်ထဲမှာ ရောင်းချစရာ ပရဆေးအဖြစ် အသုံးပြုသော ဆေးဘက်ဝင်အပင်များနှင့် ပန်းများကို လိုက်လံရှာဖွေခြင်း၊ မြေဩဇာ ကောင်းသော မြစ်ကမ်းနဘေးတလျှောက်မြေယာများ (ဆည်ရေလွှမ်းခြင်း ခံရစရာရှိသည်)တွင် လယ် ယာစိုက်ပျိုးခြင်း၊ ငါးဖမ်းခြင်းတို့အပါအဝင်ဖြစ်သည်။ ဆည်ကြောင့် ငါးများသွားလမ်းလာလမ်းပိတ် သွားပြီး ငါးမျိုးစိတ်အချို့ ပျောက်ကွယ်သွားနိုင်သည်။

- ယဉ်ကျေးမှုအမွေအနှစ်များ ရေမြုပ်ပျက်စီးခြင်း

o ယဉ်ကျေးမှုအမွေအနှစ်များတွင် သမိုင်းဝင် ဘုရားရှိခိုးကျောင်းများ၊ ဘုရားစေတီများနှင့် အထွဋ်အမြတ်ထားသော ညောင်ပင်ကြီးတပင် အပါအဝင်ဖြစ်သည်။

o မြစ်ဆုံဒေသသည် ကချင်တို့၏သမိုင်းအတွက် အလွန်အရေးကြီးသော ဒေသဖြစ်သည်။ ဤ ဒေသပျက်စီးသွားပါက ကချင်တို့၏ ယဉ်ကျေးမှုတည်တံ့ရေးအပေါ် ဆိုးကျိုးသက်ရောက်မည်ဖြစ်သည်။ နောက်မျိုးဆက်များအဖို့ အထွဋ်အမြတ်ထားလေ့ရှိသော နေရာတနေရာ ဆုံးရှုံးသွားမည်ဖြစ်သည်။

- စစ်တပ်များကို တိုး၍ချထားခြင်း

o (၂၀၀၆) ခုနှစ်၊ စက်တင်ဘာလတွင် အင်အား (၅၀)ခန့်ရှိသောခြေလျင်တပ်ရင်းအမှတ် (၂၉) သည် မြစ်ဆုံဆည်နေရာမှ မိုင် (၂၀)ခန့် အကွာတွင်ရှိသော မြစ်ကြီးနားမြောက်ပိုင်းတွင် စခန်းချသည်။ ဆည်နေရာတွင် နေထိုင်နေကြသော အိမ်ထောင်စု (၅၀)ကျော်အား လျော်ကြေးမပေးဘဲ နေရာမှပြောင်း ရွှေ့ခိုင်းခဲ့သည်။

- လူကုန်ကူးမှုကို ပို၍ခံဖွယ်ရှိခြင်း

o ကချင်အမျိုးသမီးအဖွဲ့တခုဖြစ်သော (KWAT)က ၎င်း၏အစီရင်ခံစာ တခုဖြစ်သည့် မောင်းနှင် ထုတ်ခံရခြင်း (Driven Away)တွင် ဖွံ့ဖြိုးရေးစီမံကိန်းကြောင့် ခြေမဲ့လက်မဲ့ဖြစ်သွားကြသော အမျိုးသမီး များ လူကုန်ကူးခံရမည့်အန္တရာယ်ရှိကြောင်း ဖေါ်ပြထားသည်။[၈၃] ဤဖြစ်ရပ်ဆိုးများသည် ကချင်ပြည် နယ်မှာ အဖြစ်များနေပါသည်။ အလုပ်ရှာသွားကြသော အမျိုးသမီးများသည် သံသယဖြစ်ဖွယ် အလုပ် များလုပ်ရန် ဖျားယောင်းခံကြရပြီး ထိုမှတဖန် လိင်လုပ်ငန်း၊ မူးယစ်ဆေးဝါးရောင်းဝယ်ရေးလုပ်ငန်းများ သို့ရောက်သွားခဲ့ကြသည်။ သို့တည်းမဟုတ် တရုတ်နယ်စပ်တွင် ဇနီးမယားအဖြစ်သို့ ရောင်းစားခြင်းခံ ကြရသည်။

၈၃။ “Driven Away: Trafficking of Kachin Women Among the China-Burma Border,” KWAT, 2005



အောင်မြင်သာရွာမှ အဓိကကျသော စစ်ဆေးရေးဂိတ် စခန်း

ထွက်ဆိုချက်။ ကျေးရွာသားတွေကို ပြန်လည်နေရာချထားရေးစခန်းတွေမှာ ပြောင်းနေခိုင်းတယ်။

မြစ်ဆုံဆည် အနီးအနားနယ်မြေမှာ နေထိုင်ကြသော ကျေးရွာသားများသည် မိမိတို့၏နေထိုင်ရာနေရာများမှ ပြောင်းခိုင်းခံကြရသည့်အပြင် အခြေအနေအလွန်ဆိုးရွားနိမ့်ကျသော နေရာများရှိ တဲများမှာ နေထိုင်ကြရသည်။ ရွာသားအိမ်များထက် ဒုက္ခသည်စခန်းအိမ်များနှင့် ပိုတူသော ဤတဲများသည် မြန်မာအစိုးရနှင့် အေရှဝေါ (Asia World) ကုမ္ပဏီတို့က တာဝန်ယူဆောက်လုပ်ပေးခဲ့ခြင်းဖြစ်သည်။ အောက်ပါ ထွက်ဆိုချက်များကို ကြည့်လိုက်ပါလျှင် အောင်မြင်သာယာယီတဲမှာနေရသော ဘဝကို တစေ့တစောင်း မြင်တွေ့နိုင်ပါသည်။

နေရပ်ဖြစ်သောမြစ်ဆုံမှ အောင်မြင်သာဟုခေါ်သော အတည်နေရာချထားရေးစခန်းသို့ အတင်းအဓမ္မ ရွှေ့ပြောင်းခိုင်းခံရသော မိသားစုတစုက အောက်ပါအတိုင်း ပြောပြခဲ့သည်။

"အေရှဝေါကုမ္ပဏီက ကျေးဇူးရှင်တွေ၊ ကျေးရွာလူကြီးတွေနဲ့ မီးသတ်တပ်ဖွဲ့ခေါင်းဆောင်တွေက ရွာသားတွေကိုခေါ်စုပြီး အိမ်နံပါတ်တွေကို မဲနှိုက်ခိုင်းတယ်။ မဲပေါက်တဲ့အိမ်ကို ပြောင်းကြရတယ်။ သူတို့က ပျက်စီးဆုံးရှုံးတာတွေအတွက် လျော်ကြေးပေးပေမယ့်၊ လျော်ကြေးက ကျမတို့မိသားစုအတွက် မလောက်ပါဘူး။

အိမ်တွေကို ဝါးနဲ့ဆောက်ထားတာဆိုတော့ ရာသီဥတုဒဏ် ကာကွယ်ပေးနိုင်လောက်အောင် တောင့်တင်းတာ မဟုတ်ပါဘူး။ ကျမတို့ရောက်သွားတဲ့နေရာက သိပ်ကျဉ်းတော့ ဘာမှစိုက်လို့ရတာ မဟုတ်ပါဘူး။ နေ့စဉ်စားဘို့ ထောက်ပံ့တဲ့နေရာတနေရာမှာ ကျမတို့နေကြတယ်။ ဒါပေမယ့် ခုကျမတို့မှာ စားစရာမလောက်တဲ့ ပြဿနာနဲ့ကြုံနေရတယ်။

ရေကလည်း ကျန်းမာရေးအတွက် ကောင်းတဲ့ရေမဟုတ်ဘူး။ လူတွေမှာ ဝမ်းပျက်ဝမ်းလျှောရောဂါတွေနဲ့ ငှက်ဖျားရောဂါတွေ ဖြစ်နေကြတယ်။ ဒီစခန်းမှာ ဆေးခန်းတခန်းတော့ရှိပါတယ်။ ဆေးခန်းကပစ္စည်းကရိယာတွေ၊ ဆေးဝါးတွေ မလုံလောက်တဲ့အပြင် လူနာတွေအဖို့ ငွေအကုန်အကျလည်း များတယ်။ ကျမတို့ကလေးတွေကို ဒီစခန်းထဲက အစိုးရကျောင်းမှာထားဖို့ ပိုက်ဆံမတတ်နိုင်ဘူး။

ဒီလိုအခြေအနေတွေကြောင့် ကျမတို့က ကျမတို့အရင်နေရာကို ပြန်နေချင်ကြတယ်။ ဒါပေမယ့်ပြန်သွားတဲ့ လူတွေကို အာဏာပိုင်တွေက ဖမ်းဆီးတာတွေ၊ ခြိမ်းခြောက်တာတွေ လုပ်တယ်။ ဒီစခန်းမှာ ကျမတို့ ရှေ့ဆက်ပြီး ဘယ်လိုအသက်ရှင်နေထိုင်သွားရမလဲဆိုတာ မသိတော့ပါဘူး။”

မလုမိုင်သည် အောင်မြင်သာ ပြန်လည်နေရာချထားရေးစခန်းသို့ ပြောင်းရွှေ့ခိုင်းခြင်းခံရသူများထဲမှ ကလေး(၅)ယောက်မိခင် မုဆိုးမတဦးဖြစ်သည်။ သူမ၏မိသားစုသည် တံဖဲ (Tan Phra)ကျေးရွာမှာ ရွှေကျင်ခြင်း၊ တောင်ယာလုပ်ခြင်းအလုပ်ဖြင့် လုပ်ကိုင်စားသောက်ခဲ့သည်။ ဆောက်လုပ်ရေးလုပ်ငန်းမစမီကတည်းကပင် သူမ၏မြေကွက်များကို နယ်မြေအာဏာပိုင်များနှင့် အေရှဝေါကုမ္ပဏီတို့က သိမ်းယူခဲ့သည်။ သူမက မပြောင်းလိုသော်လည်း ရွာလူကြီးနှင့် အာဏာပိုင်တို့က သူ့ကိုခြိမ်းခြောက်ကာ စခန်းသို့ ရွှေ့ပြောင်းခိုင်းခဲ့သည်။

“ဒီရွာသစ်မှာ ကျမတို့က အေရှဝေါဆီကအထောက်အပံ့ကို တနှစ်စာဘဲရတယ်။ ဒီနေရာမှာ စိုက်ပျိုးစရာ မြေလည်းမရှိတော့၊ ကျမတို့မှာ ဘာလုပ်ရမှန်းမသိတော့ပါဘူး။ ဒါကြောင့်မို့လို့လည်း လူတိုင်းက တန်ဖဲရွာဆီကို ပြန်ချင်ကြတာပေ့ါ။”




အောင်မြင်သာမှ ရွာသစ်ပုံ

## အခန်း (၁၃)။ ချင်းပြည်နယ်၊ တီးတိန်–ရိဒ်လမ်း[၆၄]

*“အစိုးရအာဏာပိုင်တွေက လမ်းဖွင့်ပွဲအခန်းအနားအတွက်သာလာပြီး ပြန်သွားကြတယ်။ သူတို့က ကတိတွေ အများကြီးပေးသွားခဲ့တယ်။ ဒါပေမယ့် ကတိတည်တာမဟုတ်ပါဘူး။ ဒါကြောင့်မို့၊ ကျနော်တို့ နယ်သူနယ်သားတွေပဲ ကိုယ့်အားကိုယ်ကိုးပြီး ပူးပေါင်းလုပ်ကြရတယ်။”*

ချင်းပြည်နယ်ကို ဖြတ်သွားသော အိန္ဒိယ–မြန်မာလမ်းများကို ရည်ညွှန်းသော ကျေးရွာလူကြီးတဦး၏ စကား။[၆၅]

## နောက်ခံသမိုင်းအကျဉ်း



အိန္ဒိယမြောက်ပိုင်းဒေသကို အာဆီယံနိုင်ငံများသို့ လမ်းကြောင်းဖွင့်ပေးမည့်အပြင် မြန်မာနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးကို တိုးတက်စေမည့်လမ်းတလမ်း တည်ဆောက်ရေးနှင့် ပြုပြင်ရေးအတွက် အိန္ဒိယက ၂၀၀၀ ခုနှစ်တွင် မြေပြင်တိုင်းတာစစ်ဆေးမှုများ ပြုလုပ်ခဲ့ပါသည်။ ဤလမ်းသည် ချင်းပြည်နယ်မြောက်ပိုင်း တီးတိန်မြို့နှင့် အိန္ဒိယနှင့် မြန်မာနိုင်ငံတို့အကြားရှိ ကူးသန်းရောင်းဝယ်ရေး နယ်စပ်မြို့တမြို့ဖြစ်သော ချင်းပြည်နယ်အနောက်ပိုင်း၏ ရိဒ်မြို့တို့ကို ဆက်သွယ်ပေးသော ကီလိုမီတာ (၈၀)ခန့် အရှည်လမ်းဖြစ်သည်။ လမ်းပြုပြင်မှုသည် (၂၀၁၂–၂၀၁၃)ခုနှစ်တွင် ပြီးစီးမည်ဟုမျှော်လင့်ရသည်။[၆၆]

၆၄၊ တီးတိန်– ရိဒ်လမ်းဟုလည်း ခေါ်သည်။

၆၅၊ “Over 260 Households Forced to Contribute for Indo-Burma Rih Road Construction,” Chinland Guardian, 25 April 2012

၆၆၊ “RhiTiddimRhiFalam Road,” Aid Data, information sourced from Donor Annual Report, accessed 30 July 2012

တီးတိန်–ရိဒ်လမ်းစီမံကိန်းသည် ဘဏ္ဍာရေးအရ အကုန်အကျနည်းပြီး လုပ်ငန်းပမာဏသေးငယ်သော်လည်း အိန္ဒိယ၏ အာဆီယံနှင့်ဆက်ဆံမှု တိုးမြှင့်ရေးစီမံကိန်းကြီးတွင် အရေးကြီးသော အစိတ်အပိုင်းတခုဖြစ်သည်။ မြန်မာနိုင်ငံသည် အိန္ဒိယနှင့်ထိစပ်နေသည့် တခုတည်းသော အာဆီယံအသင်းဝင်နိုင်ငံဖြစ်ရာ အိန္ဒိယ၏အရှေ့မျှော်မူဝါဒကို အကောင်အထည်ဖော်ရေးတွင် အလွန်အရေးကြီးနေပါသည်။ ၁၉၉၀ ခုလွန် အစောပိုင်းနှစ်များကတည်းက ချမှတ်ခဲ့သော ဤမူဝါဒအရအာဆီယံနှင့် ပေါင်းစည်းမှုတိုးမြှင့်ရေး၊ အာရှစီးပွားရေးအသိုက်အဝန်း (Asian Economic Community) တည်ထောင်ရေးအတွက် ကြိုးပမ်းခဲ့သည်။ အတိုချုပ်ပြောရလျှင် မူဝါဒ၏လိုရင်းသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် စီးပွားရေးဆက်ဆံမှု တိုးမြှင့်ရေးပင်ဖြစ်သည်။ မြန်မာနိုင်ငံသည်ကား ပုစ္ဆာ၏ မြုပ်ကွက် ပဟေဠိတခုအဖြစ် အစဉ်ရှိနေခဲ့သည်။ တီးတိန်–ရိဒ်လမ်း ပြီးစီးသွားလျှင် ဤလမ်းက “အိန္ဒိယ–မြန်မာဆက်ဆံရေးကို သိသိသာသာပြောင်းလဲပစ်” လိမ့်မည်ဖြစ်ပြီး၊[၈၇] အိန္ဒိယအရှေ့မြောက်ပိုင်းဒေသ၏ တသီးတခြား အထီးကျန်နေမှုကို အဆုံးသတ်စေလိမ့်မည်ဟု ဆိုပါသည်။

မြန်မာနိုင်ငံမှာ စစ်တပ်အုပ်စိုးမှုတရားဝင်အဆုံးသတ်ပြီးကတည်းကပင် အိန္ဒိယက အာဆီယံကို မြန်မာနိုင်ငံမှတဆင့် အကြီးအကျယ် မျက်နှာချိုသွေးလာခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် အိန္ဒိယက မြန်မာနိုင်ငံကို ယခင်ထက် တိုး၍အသိအမှတ်ပြုလာကြောင်း ပြသခဲ့သည်။ အိန္ဒိယမှ မြန်မာနိုင်ငံကို ဖြတ်၍ ထိုင်းနိုင်ငံသို့ ဆက်သွယ်ပေးမည့် အိန္ဒိယနိုင်ငံတွင်း လမ်းများကို အဆင့်မြှင့်အောင် ပြုပြင်ခြင်း၊ တည်ဆောက်ခြင်းတို့အတွက် ဒေါ်လာသန်း (၁၀၀) လျာထားခဲ့သည်။ ထို့အပြင်အိန္ဒိယသည် အိန္ဒိယ–အာဆီယံဆက်ဆံရေး နှစ်(၂၀)မြောက်နေ့ကို ဂုဏ်ပြုသောအားဖြင့် အိန္ဒိယ–အာဆီယံထိပ်သီးဆွေးနွေးပွဲကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည်ဟု ဆိုပါသည်။ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး အနီးလ်ဝါဒဝါ (Anil Wadhwa)က “အိန္ဒိယနိုင်ငံ၏ အာဆီယံနိုင်ငံများနှင့် မော်တော်ကားလမ်းများ၊ မီးရထားလမ်းများနှင့် အခြားသော သယ်ယူပို့ဆောင်ရေး နည်းလမ်းများဖြင့် ဆက်သွယ်နိုင်ရေးကိစ္စသည် ထိပ်သီးဆွေးနွေးပွဲ၏ ထိပ်တန်းအစီအစဉ်တခုဖြစ်လိမ့်မည်”[၈၈]ဟုပြောကြားခဲ့သည်။

ရိဒ်မြို့၏တဘက် အိန္ဒိယပိုင်နက်ထဲရှိ ဇိုခါတာ (Zowkhatar)နယ်တွင် အခြေခံအဆောက်အဦများဆောက်လုပ်ပြီးစီးသည့်တိုင် တီးတိန်–ရိဒ်လမ်း အပြီးမသတ်သေးပါက ကုန်သွယ်ရေးလုပ်ရန် မဖြစ်နိုင်ကြောင်း ပြောကြားကာ အိန္ဒိယက နှောင့်နှေးမှုများရှိမည်က အထူးစိုးရိမ်ကြောင်းဖော်ပြခဲ့သည်။ အိန္ဒိယနိုင်ငံက ဤစီမံကိန်းကို ဦးစားပေးကာ အကူအညီများကို လိုသလောက်ပေးခဲ့သည်။[၈၉] မြန်မာနိုင်ငံသို့ ၂၀၁၂ ခုနှစ် မေလတွင် သွားရောက်ခဲ့သော အလည်အပတ်ခရီး၌ အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းဂ်က တီးတိန်–ရိဒ်လမ်းအပါအဝင် နယ်စပ်လမ်းများ ဖောက်လုပ်ခြင်း၏ အကျိုးကျေးဇူးများကို အမွှမ်းတင်ပြောကြားပြီး၊ “ဤကြိုးပမ်းမှုများသည် ဒေသစီးပွားရေးများကို တိုးတက်စေမည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ပေါ်ပေါက်စေမည်။ (ထို့အပြင်) ဤနယ်မြေများအတွင်းမှာ သူပုန်အဖွဲ့များ၏လှုပ်ရှားမှုများနှင့်အခြားသောရာဇဝတ်မှုများကိုနှိမ်နင်းရာမှာလည်းအထောက်အကူပြုလိမ့်မည်”ဟု

---

၈၇၊ “Bolster Ties with Myanmar,” Arvind Gupta, New Indian Express, 25 May 2012

၈၈၊ “India Funds Three Nation Road,” by NophakhunLimsamarnphun, The Nation, 11 August 2012

၈၉၊ “Myanmar Keen to Reopen Stillwell Road,” The Assam Tribune, 14 October 2011

ပြောကြားခဲ့သည်။[၉၀] [၉၁]

အိန္ဒိယသည် ချင်းပြည်နယ်အတွင်း လမ်းများတည်ဆောက်ရေးမှာ အကြီးအကျယ် ရင်းနှီးမြှုပ်နှံခဲ့ရာ၌ ဤကိစ္စအတွက် မြန်မာအစိုးရကို ဒေါ်လာ(၂)သန်း ထုတ်ပေးမည်ဟု သိရသည်။[၉၂] ထို့ပြင် ကီလိုမီတာ (၁၆၀)ရှည်သော တမူး–ကလေးဝ–ကလေးမြို့ မော်တော်ကားလမ်း အဆင့်မြှင့်ခြင်းနှင့် လမ်းပြန်ခင်းခြင်း လုပ်ငန်းနှင့် ကုလားတန်ခေတ္တနေရာချထားရေးနှင့် ပို့ဆောင်ရေးဆိပ်ကမ်းစီမံကိန်း **(Kaladan Multi-Modal Transit Transport Project)**တို့တွင်လည်း တက်တက်ကြွကြွပါဝင်ခဲ့သည်။ ၁၉၉၄ ခုနှစ်က အိန္ဒိယနှင့် မြန်မာနိုင်ငံတို့သည် နယ်စပ်ကုန်သွယ်ရေး စာချုပ်တခုကို သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး၊ ၂၀၁၅ ခုနှစ် အရောက်တွင် နှစ်နိုင်ငံကုန်သွယ်ရေးကို ဒေါ်လာ(၃)ဘီလျံ တန်ဖိုးအထိရောက်အောင် (၃) ဆတိုးရန်လည်း မကြာသေးမီက သဘောတူခဲ့ကြသည်။[၉၃] [၉၄] အိန္ဒိယက မြန်မာနိုင်ငံအစိုးရအားမီးရထား လမ်း သယ်ယူပို့ဆောင်ရေးလမ်းနှင့် လျှပ်စစ်ဓာတ်အား ပို့ဆောင်ရေးလိုင်းများအတွက် ဒေါ်လာ သန်း(၃၀၀)လည်း ထုတ်ချေးခဲ့သေးသည်။ မြန်မာနိုင်ငံမှာ လောင်းကြေးကြီးကြီးထပ်ထားကြောင်းပြသ လိုက်ခြင်းဖြစ်သည်။[၉၅]



တီးတိန်မြို့–ရိဒ်လမ်းတစ်လျှောက်တွင် ပြည်သူလူထု လုပ်အားပေးစေခိုင်းမှုများပြုလုပ်နေသောပုံ

၉၀၊ “Myanmar Critical Partner in India’s Look East Policy,” Truth Drive, 29 May 2012

၉၁၊ ၎င်းသတင်းရင်းမြစ်ကပင် ဖော်ပြခဲ့ရာ၌ ဝန်ကြီးချုပ်က ပြောဆိုရာတွင် “မိမိတို့က တီးတိန်–ရိဒ်လမ်း အပါအဝင်၊ နယ်စပ်ရှိ အခြေခံ အဆောက် အဦများကို ဖွံ့ဖြိုးလာစေရန် ကြိုးပမ်းနေကြောင်း၊ ဤသို့ဖြင့် မီဇိုရမ်နှင့် ချင်းပြည်နယ်အကြား နယ်စပ်ချင်း ဆက်သွယ်မှု ပိုမိုကောင်းမွန်လာမည်” ဟု ပြောဆိုခဲ့သည်။

၉၂၊ “USDP Will Spend India Funds,” Burma News International, 23 August 2011

၉၃၊ “Indian PM to Relax Terms on $500 million line of credit:reports”Mizzima News, 23 May 2012

၉၄၊ “Indian-Myanmar Relations,” India Ministry of External Affairs official website, accessed 18 July 2012

၉၅၊ “Bolster Ties with Myanmar,” Arvind Gupta, The New Indian Express, 25 May 2012

ဆင်းရဲမွဲတေမှုနှုန်းက ကြောက်ခမန်းလိလိ ၈၀% ရှိနေပြီး မြန်မာနိုင်ငံ၏ အဆင်းရဲဆုံးပြည်နယ်ဖြစ်သော ချင်းပြည်နယ်သည် အတင်းအဓမ္မလုပ်အားစေခိုင်းမှု သမိုင်းရှည်ကြီးရှိခဲ့သည်။ အထူးသဖြင့်လမ်းဖောက် လုပ်မှုနှင့် ပတ်သက်သော လုပ်အားစေခိုင်းမှု ဖြစ်သည်။ (၂၀၁၁) ခုနှစ်တွင် ချင်းပြည်နယ် အနောက် ပိုင်း၌ လူ့အခွင့်အရေး ဆရာဝန်များအဖွဲ့ (Phisicians for Human Rights)လုပ်ဆောင်ခဲ့သော လေ့ လာချက်တစောင်က လေ့လာတွေ့ရှိခဲ့သည်မှာ တွေ့ဆုံမေးမြန်းခံခဲ့ရသော အိမ်ထောင်စု၉၂%သည် စစ်တပ်ထောက်ပံ့ပစ္စည်းများကို သယ်ပေးရခြင်း သို့မဟုတ် လမ်းဖောက်ရခြင်း ကဲ့သို့သော အတင်း အဓမ္မလုပ်အားစေခိုင်းမှုကို အနည်းဆုံးတကြိမ်ခံစားခဲ့ရကြောင်း ပြောပြခဲ့သည် ဟူ၍ဖြစ်သည်။ မတော် မတရားမှု ၉၈%ကျော်ကို အစိုးရအာဏာပိုင်များ အထူးသဖြင့် စစ်သားများက ကျူးလွန်ခဲ့ကြခြင်း ဖြစ် သည်။[၉၆] အစီရင်ခံစာက တီးတိန်–ရိဒ်လမ်းဆောက်လုပ်ရေးလုပ်ငန်းမှာ ရွာသားများအား အတင်း အဓမ္မလုပ်အားစေခိုင်းခဲ့ကြောင်းကို ဖေါ်ပြနိုင်ပြီးဖြစ်နေသည်။ လမ်းဖောက်လုပ်ရေးမှာ အကူအညီမပေး ခြင်းနှင့် နယ်မြေဒေသတွင်းကျေးရွာများ၏ ပင်ပင်ပန်းပန်းလုပ်အားအတွက် ကိုယ်စားဝင်၍ ကျေးဇူးတင် ခံခြင်းတို့ကြောင့် ဖြစ်သည်။

အိန္ဒိယသည် ချင်းပြည်နယ်တွင်း အခြေခံအဆောက်အဦး တည်ဆောက်ရေးလုပ်ငန်းထဲသို့ ဒေါ်လာ သန်းပေါင်းများစွာချပေးမည်ဆိုပါက အိန္ဒိယအစိုးနှင့်ကုမ္ပဏီများက အဓိကအားဖြင့်ဘဏ္ဍာငွေထောက်ပံ့ သော ဖွံ့ဖြိုးရေးစီမံကိန်းများတွင် ဖြစ်ပွားနေကျမှတ်တမ်းဝင် မတော်မတရားမှုများ ထပ်မံမဖြစ်ပွားရ အောင် တာဝန်မျှဝေယူရန်လည်းလိုပါသည်။ "စီးပွားရေးကြီးထွားမှုနှင့် ကမ္ဘာလွှမ်းခြုံမှု (Globalization) တို့၏အကျိုးကျေးဇူးများကို ခံစားခွင့်မရကြသေးသော လူ့အဖွဲ့အစည်း၏ဆင်းရဲသားအလွှာများအား ကူညီရေးအတွက်အထူးအစီအမံများချမှတ်ကျင့်သုံး"သင့်သည်ဟုအိန္ဒိယဝန်ကြီးချုပ်က ပြောကြားခဲ့ သော်လည်း မြန်မာနိုင်ငံတွင် အိန္ဒိယ၏ရင်းနှီးမြှုပ်နှံမှုမူဝါဒမှာ ဤအစီအမံများကို အစအနမျှပင်မတွေ့ရ ချေ။ ထို့ပြင် "နယ်မြေဒေသတွင်းကျေးရွာများနှင့် အိုးအိမ်အခြေပျက်သူများ၏ လိုအပ်ချက်များအတွက် … …တာဝန်ယူဆောင်ရွက်ပေးသင့်သည်"ဟုလည်း ဆက်လက်ပြောကြားခဲ့သေးသည်။ သို့ဖြစ်သည့် တိုင် ဤအစီရင်ခံစာ၏တွေ့ရှိချက်များအရ ရှင်းနေသည်ကား အိန္ဒိယအစိုးရကုမ္ပဏီတို့သည် သူတို့၏ အကြံဉာဏ်ကိုပင် သူတို့ကိုယ်တိုင်လိုက်နာခြင်းမရှိ ဟူ၍ဖြစ်သည်။

လောလောဆယ် ပါဝင်ပတ်သက်နေသူများ

| ကုမ္ပဏီ | နိုင်ငံ | လုပ်ငန်းတာဝန် |
|---|---|---|
| အိန္ဒိယနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဌာန | အိန္ဒိယနိုင်ငံ | လမ်း ဒီဇိုင်းရေးဆွဲခြင်း၊ အစီအစဉ်ချခြင်း၊ နှင့်ဆောက်လုပ်ခြင်းတို့အတွက် အလုံးစုံတာဝန်ယူခြင်း။<br><br>စီမံကိန်းအတွက် လိုအပ်သော ငွေ အလုံးစုံကို ထောက်ပံ့ခြင်း။ |
| မြန်မာနိုင်ငံ ဆောက်လုပ်ရေးဝန်ကြီးဌာန | မြန်မာနိုင်ငံ | ရှင်းရှင်းလင်းလင်း မသိရ။ |

၉၆၊ "Life Under Junta: Evidence of Crimes Against Humanity in Chin State," Physicians for Human Rights, 2011

တီးတိန်–ရိဒ် လမ်းသည် အိန္ဒိယ၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့ကို ဆက်သွယ်ပေးသော ကီလိုမီတာ(၃,၂၀၀) အရှည်ရှိ အဝေးပြေး လမ်းမကြီး၏ အစိတ်အပိုင်းဖြစ်သည်ဟူသောအချက်ကို မှတ်သားထားရန် အရေးကြီးပါသည်။ ဤအဝေးပြေးလမ်းမကြီးအတွက်ငွေကြေးစိုက်ထုတ်သူများတွင်ကမ္ဘာ့ဘဏ်(World Bank) နှင့် အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank)တို့လည်း ပါဝင်သည်။

အဓိကတွေ့ရှိချက်များ

- စီမံကိန်းနှင့်ပတ်သက်သော နောက်ထပ်သတင်းအချက်အလက်များကို သိရှိလိုပါက မည်သူ့ကို ဆက်သွယ်ရမည်ဆိုသည်ကို စစ်တမ်းကောက်ယူခြင်းခံရသူများ၏ ၅၈% ကမသိကြချေ။

- စီမံကိန်းမစတင်မီမှာ စီမံကိန်းနှင့်ပတ်သက်သော သတင်းအချက်အလက်များအား မည်သူကိုမျှမပေးခဲ့ချေ။

- ဖွံ့ဖြိုးရေးစီမံကိန်းအကြောင်း သတင်းအချက်အလက်များကို အတိအလင်းစုံစမ်းလျှင် ဘေးကင်းခြင်း ရှိ၊ မရှိဆိုသည်ကို ၅၁% ကမသိကြချေ။

- လူမှုအဖွဲ့အစည်းအခြေပြုအဖွဲ့အစည်းတခုဆီမှနေ၍ တီးတိန်–ရိဒ်လမ်းအကြောင်းသတင်းအချက်များကို ရရှိသူသည် ၉ % သာရှိသည်။

ဆိုးကျိုးသက်ရောက်မှုများ

- ချင်းပြည်နယ်မှာ စစ်တပ်များ တိုး၍ချထားခြင်း

o ၂၀၁၂ခုနှစ်၊ နိုဝင်ဘာလကစ၍ တီးတိန်အပါအဝင် ချင်းပြည်နယ်၏နယ်မြေများတွင် စစ်တပ်များ ချထားမှုသည် သိသိသာသာတိုးလာခဲ့သည်။ တိကျသောကိန်းဂဏန်းများရရှိရန် ခက်ခဲသော်လည်း ယုံကြည်လေးစားလောက်သော ချင်းအမျိုးသားပုဂ္ဂိုလ်တဦးက (Christian Solidarity Worldwide)အား ပြောပြခဲ့သည်မှာ တီးတိန်၊ ဖလမ်း၊ တွန်းဇံမြို့နယ်များရှိ အနည်းဆုံး စစ်စခန်း (၅)ခုမှာ နိုဝင်ဘာလမှစ၍ စစ်အင်အား (၃)ဆ ရှိလာခဲ့သည်ဟူ၍ ဖြစ်သည်။ ထို့ပြင် နယ်စပ်ဒေသသို့ အနည်းဆုံးတပ်ရင်း(၃)ရင်း ရွှေ့သွားခဲ့သည်။[၉၇]

- လမ်းဆောက်လုပ်ရာ၌ အတင်းအဓမ္မလုပ်အားစေခိုင်းမှု

o ချင်းလူ့အခွင့်အရေးအဖွဲ့ (Chin Human Rights Organization)က ILOသို့တိုင်ကြားစာတွင် ၂၀၀၄ ခုနှစ်၊ မေလကစ၍ မြို့တွင်းလမ်းများကို တိုးချဲ့ရာ၌ လုပ်အားပေးရန် တီးတိန်မြို့ပေါ်မှ လူ များကို အတင်းအဓမ္မစေခိုင်းခဲ့ကြောင်း အသေးစိတ်ဖော်ပြထားသည်။[၉၈] လူတိုင်းက သတ်မှတ်ပေး

၉၇၊ “Briefing: Visit to the India-Burma Border,” Christian Solidarity Worldwide, November 2010

၉၈၊ “CHROS Submission to the ICFTU and ILO Expert Team on Forced Labor in Burma/Myanmar,”Chin Human Rights Organization, 31 August 2005

ထားသော အလုပ်ခွဲတမ်းကို သတ်မှတ်ရက်မတိုင်မီမှာ ပြီးအောင်လုပ်ပေးကြရသည်။ ပျက်ကွက်လျှင် နယ်မြေအာဏာပိုင်များ၏ အပြစ်ပေးခြင်းခံရသည် (သို့ရာတွင် မည်သည့်အပြစ်ဒဏ်ပေးမည်ဟု ဖော်ပြခြင်းတော့ မရှိချေ)။ လုပ်အားပေးရာ၌ ပါဝင်ရမည်ဟု မြို့ပေါ်ရှိလူများအား တီးတိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမိန့်ထုတ်ဆင့်ခဲ့သည်။ ဤအမိန့်ကြောင့် အများစုက ဆင်းရဲသားလယ်သမားများ ဖြစ်ကြသော မြို့သူမြို့သားများ၏ စားဝတ်နေရေးထိခိုက်ခဲ့သည်။ စိုက်ထားသော သီးနှံများကို ပြန်လှည့်မကြည့်နိုင်သဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ ဆိုးကျိုးသက်ရောက်ခဲ့သည်။

- တီးတိန်–ရိဒ်ကားလမ်းကို အသုံးပြုရာ၌ နယ်သူနယ်သားများ အနိုင်ကျင့် ငွေတောင်းခံရခြင်း

၀ နယ်မြေလူဝင်မှုကြီးကြပ်ရေး အာဏာပိုင်များ၊ ရဲများနှင့်စစ်သားများပါဝင်သော သောင်းပြောင်းအဖွဲ့တဖွဲ့က တီးတိန်–ရိဒ်ကားလမ်းပေါ်မှာ တရားမဝင်စစ်ဆေးရေးစခန်း (၂)ခုချထားပြီး လမ်းတလျှောက် သွားလာကြသောကုန်သည်များနှင့် နယ်သူနယ်သားများအား လမ်းကြေးတောင်းသည်။ ဤ စစ်ဆေးရေးစခန်းများသည တရားဝင်ပုံမရဘဲ အာဏာပိုင်များက မိမိတို့ကိုယ်ကျိုးအတွက်အများပြည်သူတို့ကို အနိုင်ကျင့်ငွေတောင်းစရာ နည်းလမ်းတခုအဖြစ် မြင်နေကြခြင်းဖြစ်သည်။ လမ်းအသုံးပြုသူတိုင်းသည်“အခွန်”ပေးကြရပြီး အကယ်၍ ကုန်ပစ္စည်းပါလာပါက ကြေးပိုပေးရသည်။ မြန်မာနိုင်ငံတဝှမ်း ဖွံ့ဖြိုးရေးစီမံကိန်းနယ်မြေများတွင် တရားမဝင်စစ်ဆေးရေးစခန်းများသည် ရိုးနေသော ကိစ္စဖြစ်သည်။ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းမှာလည်း ဤအတိုင်းပင်တွေ့ရသည်။

- သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကြောင့် ရေရှည်ဆိုးကျိုးများရှိလိမ့်မည်

၀ တီးတိန်–ရိဒ်ကားလမ်းဖောက်ခြင်းကြောင့် သစ်တောပြုန်းတီးမှုများ နေရာအနှံ့မှာ ဖြစ်ပွားခဲ့ပြီး တောင်တတောင်မှာလည်း ဉမင်လိုဏ်ခေါင်း အဖောက်ခံရသည်။ သဘာဝပတ်ဝန်းကျင် ရုတ်ချည်းအကြီးအကျယ် ပြောင်းလဲသွားမှုကြောင့် မိမိတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ်တိုက်ရိုက်ထိခိုက်လာမည်ကို နယ်သူနယ်သားများစိုးရမ်နေကြသည်။ အကြောင်းမှာဤနယ်မြေဒေသနေ တောင်သူလယ်သမားများသည် စားဝတ်နေရေးအတွက် မိုးမှန်မှန်ရွာခြင်းအပေါ် အဓိက အားထားနေရသောကြောင့်ဖြစ်သည်။ တီးတိန်–ရိဒ်လမ်းကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပြီး ထိုထိခိုက်မှုကြောင့် မိမိတို့မှာ အကြီးမားဆုံးအခက်အခဲကြီးနှင့် ရင်ဆိုင်ရလိမ့်မည်ဟု နယ်သူနယ်သားများက ထင်မြင်နေကြသည်။

- ကျေးရွာသားများ အတင်းအဓမ္မနေရာရွှေ့ပြောင်းခိုင်းခံရခြင်း

လိုင်တွီး(Laitui)ကျေးရွာ၏ တီးတိန်–ရိဒ်ကားလမ်းဘေးမှအိမ် (၁၄)လုံးသည် ကားလမ်းနှင့်ဝေးရာနေရာသို့ အတင်းအဓမ္မပြောင်းရွှေ့ခိုင်းခံခဲ့ရသည်။ မိသားစုများကို လုံလောက်သော လျော်ကြေးလည်းမပေး၊ ပြောင်းရွှေ့ရန် လုံလောက်သောအချိန်လည်းမပေးခဲ့ချေ။ လျမ်ဇံ(Lamzang)၊ ဟိုင်မွာလ် (Haimul) ရွာဟောင်းနှင့် ဟိုင်မူအယ်ရွာသစ်တို့မှာလည်း အလားတူဖြစ်စရာရှိသည်။

## အခန်း(၁၄)။ ရခိုင်ပြည်နယ်၊ စစ်တွေ ပင်လယ်ဆိပ်ကမ်း

*"ခုဒီဟာ (စစ်တွေပင်လယ်ဆိပ်ကမ်းဆောက်လုပ်ရေး)က အနီးအနားက ဆေးရုံကိုလည်း ဒုက္ခပေးနေတယ်။ ဆေးရုံက ကျနော်တို့မြို့မှာဒီတခုတည်းရှိတာ။ ဆိပ်ကမ်းဆောက်လုပ်တဲ့နေရာက နေ့ရောညရော လာနေတဲ့ဆူညံသံတွေ၊ ဖုန်မှုန့်တွေကြောင့် ဆေးရုံကလူနာတွေမှာ စိတ်အနှောင့်အယှက်ဖြစ်ပြီး ဒုက္ခရောက်နေကြတယ်။ ဒါ့ကြောင့် (စစ်တွေ)ဆိပ်ကမ်းကို မြို့နဲ့ဝေးရာဆီကို ရွှေ့ပေးဖို့ကျနော်တို့အရေးဆိုရမယ်။"*

အောင်ကျော်မြင့်။ နယ်ခံ လူငယ် တက်ကြွလှုပ်ရှားသူတဦး။[၉၉]




## နောက်ခံသမိုင်းအကျဉ်း

၂၀၀၈ ခုနှစ်၊ ဧပြီလ(၂)ရက်နေ့တွင် အိန္ဒိယအစိုးရနှင့် မြန်မာနိုင်ငံ၏ ယခင်စစ်အစိုးရတို့က ကုလားတန်ခေတ္တနေရာချထားရေးနှင့် ပို့ဆောင်ရေးဆိပ်ကမ်းစီမံကိန်း **(Kaladan Multi-Modal Transit Transport Project)**အတွက် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ဤစီမံကိန်း (ဤစီမံကိန်းကြောင့်အိန္ဒိယအစိုးရက စစ်တွေကမ်းလွန်ပင်လယ်ရှိ မြန်မာ့သဘာဝဓာတ်ငွေ့တူးဖော်စရာအကွက် အများအပြားထဲမှ တကွက်စာနေရာကို ဆုအဖြစ်ရခဲ့သည်)တွင် စစ်တွေပင်လယ်ဆိပ်ကမ်းနှင့် ရခိုင်ပြည်နယ် စစ်တွေမှ အိန္ဒိယအရှေ့မြောက်ပိုင်းရှိ မီဇိုရမ်ပြည်နယ်သွား လမ်းဖောက်လုပ်ရေးလုပ်ငန်းတို့ ပါဝင်သည်။ ကုလားတန်ခေတ္တနေရာချထားရေးနှင့် ပို့ဆောင်ရေးလုပ်ငန်းသည်ကာလ ကတ္တားနှင့် စစ်တွေကို ပင်လယ်ရေကြောင်းသွားလာရေးဖြင့် ဆက်သွယ်ပေးရန်နှင့် စစ်တွေနှင့် မီဇိုရမ်ကို ရေလမ်း၊ ကုန်းလမ်းတို့ဖြင့် ဆက်သွယ်ပေးရန်ရည်ရွယ်သည်။ စစ်တွေပင်လယ်ဆိပ်ကမ်းဆောက်လုပ်ရေးသည်ဤစီမံကိန်းကြီး

၉၉၊ "Local Youth Campaign for Relocation of Indian Seaport in Sittwe",Narinjara, 8 January 2012

တခုလုံး၏ အကြီးဆုံး အစိတ်အပိုင်း ဖြစ်ဟန်တူပါသည်။

ကုလားတန် ခေတ္တနေရာချထားရေးစခန်း စီမံကိန်းတွင် အဓိကအပိုင်းကြီး (၃)ပိုင်းပါဝင်ပါသည်။ ၎င်းတို့မှာ စစ်တွေပင်လယ်ဆိပ်ကမ်းဆောက်လုပ်ခြင်း၊ အိန္ဒိယအရှေ့မြောက်ပိုင်းသို့အရောက် ကုလားတန်မြစ်ကို အနက်နှင့် အကျယ်ချဲ့တူးခြင်း၊ ချင်းပြည်နယ်မှစတင်ပြီး၊ အိန္ဒိယနိုင်ငံ မီဇိုရမ် ပြည်နယ်ကို ပင်လယ်သို့ ထွက်ပေါက်ဖွင့်ပေးမည့် (၁၂၂)ကီလိုမီတာအရှည်ရှိအဝေးပြေးလမ်းဖောက်လုပ်ခြင်းတို့ဖြစ်သည်။ ဤစီမံကိန်းသည် ၂၀၁၀ မှ ၂၀၁၃ ခုနှစ်အထိ၊ (၃)နှစ် ကြာမည်ဟုသတ်မှတ်ထားသည်။ ၂၀၁၀ ခုနှစ်၊ စက်–တင်ဘာလတွင် စစ်တွေမြို့၌ လုပ်ငန်းစတင်ခဲ့သည်။ စီမံကိန်းကို (၂)နှစ်အတွင်းပြီးစီးစေမည်ဟု မြန်မာနိုင်ငံကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကဆိုပါသည်။

စစ်တွေပင်လယ်ဆိပ်ကမ်းဆောက်လုပ်ရေးအတွက် မြေစတုရန်းမီတာ(၇၀,၀၀၀)အထိပင်သတ်မှတ်ထားခဲ့သည်။ စစ်တွေစီမံကိန်းကို မြို့အချက်အချာနေရာမှာ သတ်မှတ်ထားခြင်းဖြစ်သဖြင့် စီမံကိန်းတည်နေရာနှင့်ပတ်သက်၍ မြို့သူမြို့သားများအဖို့ စိုးရိမ်စရာဖြစ်နေသည်။ ပတ်ဝန်းကျင်ရှိ လူနေရပ်ကွက်များကို ဖယ်ခိုင်းဖွယ်ရှိသည်ဟု ကြောက်လန့်နေကြသည်။ (၂၀၁၂) ခုနှစ်၊ ဇန်နဝါရီလတွင် မြို့၏လူငယ်များက စစ်တွေပင်လယ်ဆိပ်ကမ်း နေရာရွှေ့ပြောင်းပေးရေးလှုပ်ရှားမှုကို စတင်ခဲ့သည်။ ဤဆောက်လုပ်ရေးလုပ်ငန်းသည် သဘာဝပတ်ဝန်းကျင်ကိုထိခိုက်စေသည်၊ မြို့၏သဘာဝအလှကိုပျက်စီးစေသည်။ ထို့အပြင် မြို့နေလူထုကို အနှောင့်အယှက်ပေးသည်ဟု ထိုလူငယ်များကဆိုကြသည်။ လူငယ်လှုပ်ရှားမှု၏ ခေါင်းဆောင်ကဆိပ်ကမ်းကို“ကျနော်တို့မြို့လူထုရဲ့ အကြီးမားဆုံးဆုံးရှုံးမှုကြီးတခု” [၁၀၀] အဖြစ် ရည်ညွှန်းဖော်ပြခဲ့သည်။ ထို့နောက် လူထုကိုသော်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ကိုသော်လည်းကောင်း ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ ဆောက်လုပ်ရေးလုပ်ငန်းကို ဆက်လက်လုပ်နေခြင်းကြောင့် မြို့လူထုထဲမှာ အဓိကကန်ထရိုက်လုပ်ငန်းရှင်ကို မကျေနပ်မှုများကြီးထွားလာနေလျှက်ရှိကြောင်း ဆက်လက်ပြောကြားခဲ့သည်။




၁၀၀။ “Local Youth Campaign for Relocation of Indian Seaport in Sittwe,” Narinjara, 8 January 2012

စီမံကိန်းနှင့်ပတ်သက်၍ ၂၀၀၈ ခုနှစ်တွင် ပဏာမသဘောတူစာချုပ် ချုပ်ဆိုခဲ့စဉ်က အိန္ဒိယအစိုးရသည် တနှစ်မပြည့်သေးမီကပင် ရွှေဝါရောင်တော်လှန်ရေးအတွင်းမှာ ငြိမ်းချမ်းစွာဆန္ဒပြသူများအား ရက်ရက်စက်စက်ပစ်ခတ်ခဲ့သော မြန်မာအစိုးရနှင့်စီးပွားရေးအဆက်အဆံလုပ်ရပါမည်လားဟု အဝေဖန်ခံခဲ့ရသည်။ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားအဖွဲ့ခေါင်းဆောင် (All Burma Student League Leader) ကိုကျော်သန်းက "ဒီအချိန်ဟာမြန်မာနိုင်ငံနဲ့စီးပွားရေးလုပ်ရမယ့်အချိန်မဟုတ်ဘူး"[၁၀၁]ဟုခပ်ပြတ်ပြတ်ပြောခဲ့သည်။ ဤအစီရင်ခံစာကိုရေးသားပြုစုနေချိန်မှာ စစ်တွေနယ်မြေ၌ ဆယ်စုနှစ်ပေါင်းများစွာအထဲတွင် အဆိုးရွားဆုံးဖြစ်သော လူမျိုးရေးအကြမ်းဖက်မှုများနှင့်ကြုံတွေ့နေရကာ အခြေအနေသိသိ သာသာပို ဆိုးလာခဲ့သည်။ ရခိုင်ပြည်နယ်မှာ အကြမ်းဖက်မှုများဖြစ်ပွားနေမှုကြောင့် အရေးပေါ်အခြေအနေ ကြေညာထားခံရသည်အဖြစ်သို့ရောက်နေခဲ့သည်။ ဤအခြေအနေက စစ်တွေစီမံကိန်းအပေါ်တစုံတရာ အကျိုးသက်ရောက်မှုရှိ၊ မရှိ မသိရချေ။

## လောလောဆယ် ပါဝင်ပတ်သက်နေသူများ[၁၀၂ ၁၀၃]

| ကုမ္ပဏီ | နိုင်ငံ | လုပ်ငန်းတာဝန် |
|---|---|---|
| အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီးဌာန (IWAI) | အိန္ဒိယနိုင်ငံ | စီမံကိန်းတခုလုံးနှင့် ပတ်သက်၍ စမ်းသပ်ခြင်းနှင့် ငွေထောက်ပံ့ခြင်း |
| Rail India Technical Economic Services (RITES) | အိန္ဒိယနိုင်ငံ | ပဏာမ ဖြစ်နိုင်ခြေ လေ့လာမှုများလုပ်ခြင်း |
| Inland Waterways Authority of India with Essar Group | အိန္ဒိယနိုင်ငံ | စစ်တွေ ပင်လယ်ဆိပ်ကမ်းနှင့် ပလက်ဝ ဆိပ်ကမ်း တည်ဆောက်ခြင်းတို့ အပြင်၊ သောင်တူးခြင်း |
| အမည်မသိ မြန်မာအစိုးရ၏ ဌာနတခုခု | မြန်မာနိုင်ငံ | ပလက်ဝမှ မီဇိုရမ်သို့ လမ်းဖောက်ခြင်း |

## ကုန်ကျစားရိတ်

စစ်တွေဆိပ်ကမ်းနှင့် ပလက်ဝဆိပ်ကမ်းအတွက် ဒေါ်လာ (၇၄)သန်း၊ အဝေးပြေးလမ်းအတွက်သန်း (၁၄၀)ကုန်ကျမည်ဖြစ်ရာစုစုပေါင်း (၂၁၄)သန်းကုန်ကျမည်ဟုခန့်မှန်းရသည်။ အိန္ဒိယက စစ်တွေဆိပ်ကမ်းအပါအဝင် ပို့ဆောင်ရေးဆိပ်ကမ်းစီမံကိန်းတခုလုံးအတွက် အကုန်အကျခံမည်ဖြစ်သည်။ မြန်မာအစိုးရက စီမံကိန်းတခုလုံးအတွက် လုံခြုံရေးကိုအခမဲ့ပေးမည့်အပြင်အတတ်ပညာရှင်များနှင့် အခြားအလုပ်သမားများကိုလည်းဖြည့်ဆည်းပေးမည်ဖြစ်သည်။ ဤအချက်မှတပါး မြန်မာအစိုးရ၏ ဘဏ္ဍာရေးဆိုင်ရာ တာဝန်ဝတ္တရားများကို အတိအကျမသိရချေ။

---

၁၀၁၊ "For India and Burma, it's Business as Usual," The Epoch Times, 9-15 April 2008

၁၀၂၊ RITES နှင့် IWAI နှစ်ခုစလုံးသည် အိန္ဒိယအစိုးရပိုင် ကုမ္ပဏီများ ဖြစ်ကြသည်။

၁၀၃၊ Essar သည် ပင်မကျသည့် ပူးပေါင်းညှိနှိုင်းသူဖြစ်သည်။

## အကျိုးအမြတ်များ

အိန္ဒိယက ဘယ်တုန်းကမှမရခဲ့ဖူးသော အရှေ့တောင်အာရှရှိ စျေးကွက်သစ်များကိုရမည့်အပြင် ၎င်း၏ အရှေ့မြောက်ပိုင်းသို့လည်း ကုန်သွယ်ရေးလမ်းကြောင်းသစ်တကြောင်းရရှိမည်ဖြစ်ရာ ပို့ဆောင်ရေး ဆိပ်ကမ်းစီမံကိန်းမှနေ၍ အဓိအကျိုးခံစားရသူဖြစ်စရာရှိသည်။ "စီမံကိန်းပြီးသွားတာနဲ့တပြိုင်နက် စီမံကိန်းက အိန္ဒိယအရှေ့မြောက်ပိုင်းဒေသကို မနည်းမနောအကျိုးကျေးဇူးရှိစေမှာဖြစ်ပြီး ဒေသအဖို့ သယ်ယူပို့ဆောင်ရေးစားရိတ် ၄၀%မက၊ ၅၀%အထိသက်သာသွားစေမှာဖြစ်ပါတယ်"[၁၀၄]ဟု ကာလ ကတ္တားမြို့အခြေစိုက်ထောက်ပံ့ရေးစီမံအုပ်ချုပ်ရေးအဖွဲ့၏ အာရှကောင်စီ (Asian Council of Logistics Management)မှ အကြီးအကဲဖြစ်သူ အက်တင်ဆင်း(AtinSen)ကဆိုပါသည်။[၁၀၅]

## အဓိကတွေ့ရှိချက်များ

- စစ်တမ်းကောက်ယူခြင်းခံရသူများ၏ထက်ဝက်ခန့်သည် ဆောက်လုပ်ရေးလုပ်ငန်းမစမီမှာ စစ်တွေဆိပ်ကမ်းစီမံကိန်းအကြောင်း သတင်းအချက်အလက်များကိုရရှိခဲ့သည်။ သတင်းအချက်များ၏ ၈၀ %သည် ကုမ္ပဏီနှင့်အစိုးရအာဏာပိုင်များဆီမှ ရရှိခဲ့ခြင်းဖြစ်သည်။

- ထိခိုက်နစ်နာခံရသူများအဖို့မိမိတို့၏ ထင်မြင်ချက်များနှင့် စီမံကိန်းကြောင့်မိမိတို့မှာ ဖြစ်ပွားနေသောပြဿနာများကိုတင်ပြစရာ လူထုစည်းဝေးပွဲမရှိခဲ့ချေ။

- စီမံကိန်းအကြောင်း နောက်ထပ်သတင်းအချက်အလက်များစုံစမ်းလျှင်ဒဏ်ခတ်မှုတမျိုးမျိုးခံစားရမည်ကိုစစ်တမ်းကောက်ခံရသူတိုင်းကကြောက်ကြသည်။




ကျောက်ဖြူမှ ပင်လယ်ဆိပ်ကမ်းတည်ဆောက်ထားသောနေရာ

## ဆိုးကျိုးသက်ရောက်မှုများ

စစ်တွေပင်လယ်ဆိပ်ကမ်းဆောက်လုပ်ရန် သဘောတူညီချက်ကြောင့် စီမံကိန်းလုံခြုံရေးအတွက်ငှားရမ်းထားသော စစ်သားများနှင့်စီမံကိန်းဝန်ထမ်းများ၊ အတတ်ပညာရှင်များ၏ဦးရေသည် အလျှင်အမြန်ပင် သိသိသာသာကြီး တိုးလာခဲ့သည်။ ဤသို့လူအများအပြားတိုးလာမှုကြောင့် စစ်တွေမြို့နေလူများက စီမံကိန်းလုံခြုံရေးတပ်များနှင့်အတူ တပါတည်းလိုက်ပါလာလေ့ရှိသည့်မုဒိမ်းမှု၊ အတင်းအဓမ္မလုပ်အားစေခိုင်းမှု၊ မြေသိမ်းမှုကဲ့သို့သော လူ့အခွင့်အရေးချိုးဖောက်မှုများ မကြာမီဖြစ်ပွားလာတော့မည်ဟု စိုးရိမ်ခဲ့သည်။ ထင်ရှားသောရခိုင်တက်ကြွလှုပ်ရှားသူတဦးဖြစ်သူ အောင်မန်းဦးက စစ်တွေပင်လယ်ဆိပ်ကမ်း

၁၀၄၊ "India Seeks Stronger Burma Ties," Montreal Gazette

၁၀၅၊ "Myanmar to be Site of Sino-India Cooperation?,"RamtanuMaitra, Executive Intelligence Review, 2007

စီမံကိန်းကိုအနီးကပ်စောင့်ကြည့်လေ့လာခဲ့ပြီး၊ ဆုံးဖြတ်ချက်ချခြင်းလုပ်ငန်းတွင်နယ်မြေလူထုကိုထည့်သွင်းခြင်းမရှိခဲ့ပုံနှင့်ပတ်သက်၍ ဤသို့ဝေဖန်ခဲ့သည်။ "ကျနော်တို့က ဤစီမံကိန်းကို မဖေါ်ရဘူးလို့မဆိုလိုပါဘူး။ ဒါပေမယ့် စီမံကိန်းရဲ့သက်ရောက်မှုတွေ၊ အကျိုးဆက်တွေကိုထည့်သွင်း စဉ်းစားပေးမယ့် တာဝန်ခံစိတ်ပိုရှိတဲ့ အစိုးရတရပ် မြန်မာနိုင်ငံမှာပေါ်ပေါက်လာတဲ့အထိ ဒီစီမံကိန်းကို ဆိုင်းထားသင့်တယ်။"

လူ့အခွင့်အရေးချိုးဖောက်မှုများတွင် ပါဝင်သည်များမှာ အောက်ပါတို့ဖြစ်သည်။[၁၀၆]

• ကုလားတန်မြစ်ရိုးတလျှောက်တွင် တရားမဝင်အခွန်ကောက်မှုများတိုးလာခြင်း

o စစ်သားများ၊ စစ်ထောက်လှမ်းရေးများနှင့် ပုလိပ်များပါဝင်သော အုပ်စုတစုက ကုန်လှေများနှင့် ကိုယ်ပိုင်သွားလာသောလှေများထံမှ အကောက်ကောက်ရန် စစ်တွေမြို့ အနီးအနားဝန်းကျင်တွင် အကောက်ဂိတ်များချထားခဲ့သည်။ ဤသို့အနိုင်ကျင့်ငွေတောင်းရာ၌ တရားမဝင်အကောက်ရော၊ တရားဝင်အကောက်ရော နှစ်မျိုးစလုံးပါသည်။

• မြေသိမ်းမှုများ

o စစ်တွေအနီးမှာ အလုပ်လုပ်နေကြသူများနှင့် နေထိုင်နေသူများက မိမိတို့၏နေအိမ်များ၊ သို့မဟုတ် အလုပ်လုပ်ရာနေရာများကို သိမ်းယူမည်လားဟု အလွန်စိုးရိမ်နေကြသည်။ အကြောင်းမှာ ဆိပ်ကမ်းနားမှာ သိုလှောင်ရုံ(၃၀)ခန့်ဆောက်လုပ်ရန် အစီအစဉ်ရှိသောကြောင့်ဖြစ်သည်။ ဤနယ်မြေထဲတွင် လက်ရှိအချိန်၌ လူနေအိမ်များ၊ စားသောက်ဆိုင်များနှင့် အခြားစီးပွားရေးလုပ်ငန်း များရှိနေကြသည်။ "လျှော်ကြေးလုံလုံလောက်လောက်မရမှာကို ကျနော်စိုးရိမ်နေတယ်။ ကျနော့်စားသောက်ဆိုင်က ဆိပ်ကမ်းဆောက်တဲ့နေရာနဲ့သိပ်နီးတော့ ကျနော့်စားသောက်ဆိုင်အဖယ်ခံရမှာ သေချာတယ်။"ဟု စစ်တွေမြို့သားတဦးက ပြောပြပါသည်။ အခြားတဦးကမူ "တချိန်ချိန်မှာဖယ်ဖို့အမိန့်ပေးလာရင်ကျနော်တို့မှာ ဖယ်ပေးရုံကလွဲလို့ ဘာမှမတတ်နိုင်ဘူး။ တရားဥပဒေစိုးမိုးမှုမှမရှိတာ"ဟုဆိုပါသည်။




၁၀၆။ Information taken from monthly updates on Sittwe Seaport provided by Arakan Rivers Network

## အခန်း(၁၅)။ ကရင်နီပြည်နယ်၊ ဘီလပ်မြေစက်ရုံ

*"ကျနော်ကတော့ သူတို့(ဆောက်လုပ်ရေး)လုပ်နေတာတွေကို ရပ်ပစ်စေချင်တယ်။ ဘာကြောင့်လဲဆိုတော့ ဒါက အများပြည်သူရဲ့ ဆန္ဒမှမပါဘဲ။ ... ... အစိုးရကို ကျနော်မေးလိုက်ချင်တယ်။ အများပြည်သူကို စာနာထောက်ထားမှု ရှိရဲ့လားလို့။"*

နယ်မြေဒေသတွင်းမှ ကျေးရွာသားတဦး

ကရင်ပြည်နယ်မှာ လောလောဆယ်ဆောက်လုပ်နေသော ဘီလပ်မြေစက်ရုံနှင့်ပတ်သက်၍ သတင်းအချက်အလက် တစုံတရာကို မရရှိနိုင်ချေ။ ပါဝင်ခွင့်ကို လေးစားလိုက်နာခြင်းလည်းမရှိကြောင်း၊ ထို့ပြင် စစ်တမ်းကောက်ခြင်းခံရသော လူအားလုံးက ဤဘီလပ်မြေစက်ရုံသည် နယ်မြေကျေးရွာများအား ကောင်းကျိုးပေးမည်မဟုတ်ဟု ထင်မြင်ကြကြောင်း ဤအစီရင်ခံစာ၏တွေ့ရှိချက်များနှင့် ထွက်ဆိုချက်များက ဖေါ်ပြနေပါသည်။

လောလောဆယ် ပါဝင်ပတ်သက်နေသူများ

| ကုမ္ပဏီ | နိုင်ငံ | လုပ်ငန်းတာဝန် |
|---|---|---|
| Square Power Co LTD | မြန်မာနိုင်ငံ | မသိရ |

အဓိကတွေ့ရှိချက်များ

- ဘီလပ်မြေစက်ရုံအကြောင်း နောက်ထပ်သတင်းအချက်အလက်များကိုရရှိရန်မည်သည့်နေရာသို့သွားရမည် သို့မဟုတ် မည်သူနှင့် ဆက်သွယ်ရမည်ဆိုသည်ကိုစစ်တမ်းကောက်ခံရသူ ၈၀%ကမသိကြချေ။

- အဓိကဆုံးဖြတ်ချက်ချသူများက လုပ်ငန်းမစမီမှာစီမံကိန်းအကြောင်း သတင်းအချက်အလက်များကို လူဦးရေ ၇၂ %အားပေးခဲ့သည်။

- သတင်းအချက်အလက်များကို အစိုးရကပေးခြင်းဖြစ်သည်ဟု လူဦးရေ ၆၄ %က ပြောပြပြီး၊ ၁၂ % ကမူ သတင်းအချက်အလက်များကို ရွာလူကြီးတဦးထံမှ ရသည်ဟုပြောပြသည်။

- ဆုံးဖြတ်ချက်ချသူများက နယ်မြေလူထုပါဝင်တက်ရောက်နိုင်သော လူထုစည်းဝေးပွဲများကို ကျင်းပပေးခြင်းမရှိဟု လူဦးရေ ၉၁ %ကပြောပြသည်။

- မိမိတို့ပေးသောထင်မြင်ချက်များကို ထည့်သွင်းစဉ်းစားခြင်းမရှိဟု လူဦးရေ ၁၀၀%ကပြောပြသည်။

- စီမံကိန်းအကြောင်း နောက်ထပ်သတင်းအချက်အလက်များကို စုံစမ်းလေ့လာခြင်းသည်ဘေး

မကောင်းဟု လူဦးရေ ၇၂ ％ က ထင်မြင်ကြသည်။

- စီမံကိန်းမစမီမှာ လူမှုအဖွဲ့အစည်းအခြေပြုအဖွဲ့အစည်းတခုက သတင်းအချက်အလက်များကို လူဦးရေထက်ဝက်ခန့် ၄၈％ အားပေးခဲ့သည်။

- ဘိလပ်မြေစက်ရုံမှ ဆိုးကျိုးသက်ရောက်မှုများကို ခံစားခဲ့ရသည်ဟုလူဦးရေ ၁၀၀％ က ပြောပြသည်။

ထွက်ဆိုချက်။ "လူငယ်တယောက်အနေနဲ့ပြောရရင် ကျနော်တို့မှာ ယဉ်ကျေးမှုပါ ဆုံးရှုံးမယ်။"

ကျေးရွာသားတဦးဖြစ်သူ ခူခိုလေးက ဆုံးရှုံးခဲ့ရသည့်မြေနှင့်ပတ်သက်၍ လျော်ကြေးအဖြစ် ငွေမဖြစ်စလောက်ပေးသည်ကို မကြေနပ်ကြောင်း ပြောသည့်အတွက် ကုမ္ပဏီမန်နေဂျာက သူ့အား နှုတ်အားဖြင့်စော်ကားခဲ့ပုံကို ရှင်းပြခဲ့သည်။



ကရင်နီ ဒေသမှ ရှုမျှော်ခင်းပုံ

*"ကုမ္ပဏီမန်နေဂျာတယောက်ရောက်လာပြီး သူကအရင်စပြောတယ်။ "ခင်ဗျားတို့(ရွာသားတွေ)ထိပေါက်တာဘဲ။ မကြာခင် ခင်ဗျားတို့ပိုက်ဆံရတော့မယ်။ ကျနော်အခုခင်ဗျားတို့အတွက် ပိုက်ဆံယူလာတယ်။ ဒါပေမယ့် ခင်ဗျားတို့က ဘာမှမသိကြဘူး"တဲ့။ သူဘာဆိုလိုလဲဆိုတာကို ကျနော် နားမလည်တော့၊ ကျနော်က "ကျနော်တို့အတွက် ကောင်းတယ်ဆိုတာ ဘာကောင်းတာလဲ။ ကျနော်တို့အတွက် ဘာတွေများအကျိုးရှိနေလို့လဲ။ အကျိုးရှိတယ်ဆိုတာ ခင်ဗျားတို့အတွက် သက်သက်ပဲ။ ခင်ဗျားတို့သာအကျိုးရှိနေတာ။ ခင်ဗျားက ကျနော်ကို ဘာမှမသိဘူးလို့များအောက်မေ့နေသလား" လို့ ဒေါသနဲ့ ခပ်မာမာပြန်ပြောလိုက်တယ်။"*

မြေဆုံးရှုံးခြင်းသည် မိမိ၏မိသားစုအပေါ်မှာသာမက နောင်လာနောက်သားများအပေါ်မှာပါ ဆိုးကျိုး

သက်ရောက်ပုံကို ဆက်လက်ရှင်းပြခဲ့သည်။ ဤကျေးရွာသားများသည် မိမိတိုမြေအပေါ်မှာ ယဉ်ကျေးမှုအရ၊ သမိုင်းအရ သံယောဇဉ်ရှိကြသည်။ မြေသိမ်းယူခြင်းသည် ငွေကြေးဆုံးရှုံးသည်ထက် အပုံကြီး ပို၍ဆိုးရွားသည့်သဘောဖြစ်သည်။ သူကကုမ္ပဏီမန်နေဂျာကို ဤသို့ပြောခဲ့သည်။

*"ကျနော်တို့ ဘဝတွေအတွက် မြေမရှိလို့မဖြစ်ဘူးဆိုတာကို ခင်ဗျားသိရဲ့လား။ ခုခင်ဗျားတို့က ကျနော်တို့ထမင်းအိုးကိုလာရိုက်ခွဲပစ်တာ၊ ကျနော်တို့ရဲ့ အသက်သွေးကြောကိုလာဖျက်ဆီးပစ်တာဘဲ။"လို့ ကျနော်က ဆက်ပြောတော့၊ သူတို့က "ဒါဆိုရင်ကောင်းပြီ၊ ခင်ဗျားတို့ ဆုံးရှုံးသွားတဲ့မြေတွေအတွက် ကျနော်တို့ လျော်ကြေးပေးမယ်"လို့ ပြောတယ်။ ဒီတော့ ကျနော်က "ခင်ဗျားတို့ ပေးတဲ့လျော်ကြေးကို ကျနော်မလိုချင်ဘူး။ ခင်ဗျားတို့က မဖြစ်စလောက်လေးဘဲပေးတာ။ ကျနော့်မိသားစုအတွက် တစ်လ၊ နှစ်လစာလောက်ဘဲရှိတာ။ ခုကျနော်တို့ပိုင်တဲ့မြေတွေက ကျနော်တို့ရဲ့မိဘ၊ ဘိုးဘွားတွေဆီကနေ အမွေရထားတာ။ ဒါကြောင့်မို့ ကျနော်တို့ရဲ့သားမြေးတွေ တစ်နှစ်ပြီးတစ်နှစ် လုပ်ကိုင်စားသွားဖို့ အတွက် ဒီမြေတွေကိုသူတို့အတွက် ထားချင်တယ်။"*

ဘီလပ်မြေစက်ရုံကြောင့် ကျေးရွာမှာစစ်တပ်များကို တိုး၍ချထားခဲ့ရာ ကျေးရွာသားများအဖို့ ယခင်ကကဲ့သို့ လွတ်လွတ်လပ်လပ်သွားလာ၍မရတော့ချေ။ ဤအကြောင်းကို မော်ရယ်က အောက်ပါအတိုင်း ပြောပြခဲ့သည်။

"ကျနော်တို့ရဲ့မြေတွေကို ဘီလပ်မြေစက်ရုံအတွက်သိမ်းလိုက်တယ်။ ကျနော်တို့မှာဘာအကျိုးကျေးဇူးမှမခံစားရဘူး။ ဒါ့အပြင်သွားလာရာမှာလည်း ချုပ်ချယ်ကန့်သတ်ချက်တွေအများကြီးရှိတယ်။ ကိုယ့်လယ်ထဲကိုလွတ်လွတ်လပ်လပ်သွားလို့မရဘူး။ ဂိတ်မှာစစ်တပ်ကစစ်ဆေးတာတွေ၊ ချုပ်ခြယ်ကန့်သတ်တာတွေလုပ်တယ်။ ဒီဘီလပ်မြေစက်ရုံက အဆောက်အဦးအကြီးကြီးဆိုတော့ လုံခြုံရေးအတွက် ဒီမှာစစ်တပ်တွေကို အများကြီးချထားတယ်။ ဒီတော့ကျနော်တို့မှာလယ်ထဲသွားတဲ့အခါ မှတ်ပုံတင်ယူသွားရတယ်။ ဒီလိုသာစစ်တပ်တွေအများကြီးချထားရင် ကျနော်တို့အဖို့သွားလာရေးမှာ အခက်အခဲတွေအများကြီးတွေ့ရပါလိမ့်မယ်။"

မော်ရယ်က ဘီလပ်မြေစက်ရုံဆောက်ခြင်းကိုဆန့်ကျင်နေခြင်းမဟုတ်။ နယ်မြေလူထု၏သဘောထား၊ ထင်မြင်ချက်များနှင့်အညီဆောက်သင့်သည်ဟုမြင်ပါသည်။

*"သူတို့ဘီလပ်မြေစက်ရုံ ဆောက်ချင်တယ်ဆိုရင် ပါကျဲနယ်နဲ့ ဝေးဝေးမှာဆောက်ရင်ပိုကောင်းမယ်။ နယ်မြေလူထုကိုထည့်သွင်းစဉ်းစားသင့်တယ်။ ကျနော်ကတော့ဒီစက်ရုံကိုမဆောက်စေချင်ဘူး။ ကျနော်ကတော့ သူတို့လုပ်နေတာတွေကိုရပ်ပစ်စေချင်တယ်။ ဘာကြောင့်လဲဆိုတော့ ဒါကအများပြည်သူရဲ့ဆန္ဒမှမပါဘဲ။ အစိုးရကို ကျနော်မေးလိုက်ချင်သေးတယ်။ အများပြည်သူကို စာနာထောက်ထားမှုရှိရဲ့လားလို့။"*

ဒေးဒေးဖောကမူ ဆုံဖြတ်ချက်ချသူများအနေနှင့် နယ်မြေလူထု၏လိုအပ်ချက်များနှင့် ပတ်သက်၍တိုင်ပင်ဆွေးနွေးခြင်းမရှိလျှင် နယ်မြေလူထုအဖို့ ဤဘီလပ်မြေစက်ရုံမှနေ၍ အကျိုးကျေးဇူးခံစားရစရာအကြောင်းမရှိပုံကိုရှင်းပြပါသည်။

*"တာဝန်ရှိသူတွေက ဘိလပ်မြေစက်ရုံစီမံကိန်းနဲ့ပတ်သက်လို့ အစည်းအဝေးတို့၊ ဆွေးနွေးပွဲတို့လုပ်မပေးဘူးဆိုရင် ... ... လယ်သမားတွေအဖို့အခက်အခဲတွေ အများကြီးတွေ့ပါလိမ့်မယ်။ သူတို့ကဒီနယ်သူနယ်သားတွေအတွက် အလုပ်ပေးမယ်လို့ပြောပေမယ့် လယ်သမား၉၀%လောက်က ဒီဘိလပ်မြေစက်ရုံမှာဘယ်လိုလုပ်အလုပ်ရနိုင်မှာလဲ။ ဒီစီမံကိန်းအတွက် သူတို့အလုပ်သမားတွေကိုဘဲသူတို့ခေါ်လာမှာပေ့ါ။"*

ထူးလောမရကလက်ရှိဖြစ်နေသော အခြေအနေကိုပြောင်းလဲပစ်နိုင်စွမ်းမရှိခြင်းကြောင့် သူတအုံနွေးနွေးခံစားနေရပုံအကြောင်းကို ပြောပြသည်။ မိမိတို့၏အခွင့်အရေးဖြစ်ပါလျှက် ထုတ်ပြောမိလျှင်အဖမ်းအဆီးအချုပ်အနှောင်ခံရမည်ကို စိုးရိမ်နေကြရသည်။

*"ကျနော်တို့ကပညာမတတ်တဲ့လယ်သမားတွေပါ။ ထုတ်ပြောမိရင် အဖမ်းခံရမှာကိုကြောက်ပါတယ်။ အဲဒီစိတ်က ကျနော်တို့ခေါင်းထဲမှာအမြဲရှိနေတယ်။ တချို့လူတွေကပညာရေးမှာ သိပ်အားနည်းတော့ စိတ်လျှော့ပြီး သူတို့ခံစားနေရာတာတွေကိုဝမ်းထဲမှာဘဲထားကြတယ်။ အရာရာကသူတို့ (အစိုးရနှင့်ကုမ္ပဏီ) လက်ထဲမှာဘဲရှိတော့ သူတို့ (ရွာသားများ)အနေနဲ့ဘာမှမတတ်နိုင်ဘူးလို့ပြောကြတယ်။"*

အများပြည်သူတို့၏ပါဝင်ခွင့်ကို အလေးစားလိုက်နာခြင်းမရှိသောကြောင့် ကုမ္ပဏီကိုသာမက အစိုးရကိုပါ မယုံသင်္ကာစိတ်နှင့် အဆိုးမြင်စိတ်များဖြစ်ပွားခဲ့သည်။ ထိခိုက်နစ်နာခံရသူတဦးဖြစ်သော ပလာမော်က ဤအကြောင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်းပြောပြသည်။

*"တာဝန်ရှိသူတွေက စက်ရုံစီမံကိန်းနဲ့ပတ်သက်လို့ ဆွေးနွေးပွဲလုပ်မပေးဘဲ စက်ရုံဆောက်ပြီးသွားမယ်ဆိုရင် ကျနော်အစိုးရကို မကျေမနပ်ဖြစ်မိမှာဘဲ။ ကျနော်သူတို့ကိုမုန်းတီးတယ်။ နာလည်းနာကျည်းတယ်။ သူတို့ကနယ်မြေလူထုရဲ့ဆန္ဒကိုအရေးမလုပ်ဘဲ သူတို့လုပ်ချင်တာကိုဘဲလုပ်တယ်လို့ ကျနော်မြင်မိတယ်။"*

ဘိလပ်မြေစက်ရုံက နယ်မြေဒေသတွင်းရှိ အမျိုးသမီးများအပေါ် ဆိုးကျိုးသက်ရောက်လာနိုင်ဖွယ်ရှိပုံကို ပလာမော်က အောက်ပါအတိုင်းရှင်းပြခဲ့သည်။

*"ဘိလပ်မြေစက်ရုံက ထုတ်လိုက်တဲ့မီးခိုးတွေကိုရှူရမယ့် ကိုယ်ဝန်သည်အမျိုးသမီးတွေအဖို့ မကောင်းပါဘူး။ ဒ့ါအပြင် စစ်တပ်စခန်းတွေကြောင့် အမျိုးသမီးတွေအဖို့လုံခြုံမှု မရှိပါဘူး။ အထူးသဖြင့် လယ်ထဲကို သွားတဲ့အခါမျိုးမှာ လုံခြုံမှုမရှိပါဘူး။ ဒီစက်ရုံကို ကျမတို့နဲ့ဝေးဝေးမှာ ဆောက်ရင်ပိုကောင်းမယ်။"*

ဘိလပ်မြေစက်ရုံ၏အနီးအနားမှာ နေထိုင်နေကြသောလူအများစုသည် မိဘဘိုးဘွားများလက်ထက်ကတည်းက စပါး၊ မြေပဲနှင့် အခြားသောဟင်းသီးဟင်းရွက်များကို စိုက်ပျိုးလာခဲ့ကြသော တောင်သူလယ်သမားများဖြစ်သည်။ ဘိလပ်မြေစက်ရုံကြောင့် အသက်မွေးဝမ်းကျောင်းလုပ်များသာမကဘဲ ယဉ်ကျေးမှုပါဆုံးရှုံးသွားမည်ကို စိုးရိမ်နေကြသည်။ ဤအကြောင်းနှင့် ပတ်သက်၍ ရှာရယ်က ဤသို့ပြော–ပြခဲ့သည်။

*"ကျနော်တို့က ကျနော်တို့ရဲ့စားဝတ်နေရေး၊ ကျန်းမာရေးနဲ့ ကျနော်တို့ကလေးတွေရဲ့ပညာရေး အတွက် ရိုးရိုးသားသားလုပ်ကိုင်စားနေကြပြီး ကျနော်တို့ရဲ့ဓလေ့ထုံးစံတွေနဲ့ ယဉ်ကျေးမှုတွေကို နှစ်ပေါင်းများစွာ ထိန်းသိမ်းလာခဲ့ကြတာပါ။ တကယ်ဆိုလိုရင်းကြောင်းထွက်လုပ်နည်းစုလေးလောက်သာ ဘိလပ်မြေစက်ရုံမှာအလုပ်ရနိုင်ပြီး အများစုက အလုပ်လက်မဲ့တွေဘဲ ဖြစ်ကျန်နေကြမှာပါ။ ဒါဆိုရင် နယ်မြေလူထုက ဓလေ့ထုံးစံတွေ၊ ယဉ်ကျေးမှုတွေ ဆုံးရှုံးရုံသာမကဘူး။ လူငယ်တယောက်အနေနဲ့ပြောရရင် ကျနော်တို့မှာ ယဉ်ကျေးမှုပါဆုံးရှုံးမယ်။"*

## အခန်း (၁၆)။ ရခိုင်ပြည်နယ်၊ ရွှေ သဘာဝဓာတ်ငွေ့ပိုက်လိုင်း

"အာဏာပိုင်တွေက ကျနော်တို့မှာ နောက် ၁အစီအစဉ်တွေ ရှိသေးသလဲလို့မေးတယ်။ ကျနော်တို့က ကျနော်တို့ကို ရခိုင်ပြည်နယ်ရဲ့ရွှေဓာတ်ငွေ့စီမံကိန်းကနေ ကျနော်တို့ရသင့်၊ ရထိုက်တဲ့အကျိုးကျေးဇူးတွေမျှဝေပေးဖို့အတွက် ငြိမ်းချမ်းစွာတောင်းဆိုရုံကလွဲလို့ အခြား ဘာအစီအစဉ်မှမရှိပါဘူးလို့ပြန်ပြောခဲ့ပါတယ်။"

"ဒို့ဓာတ်ငွေ့၊ ဒို့အနာဂတ်"ဟု ရေးထားသော တီရှပ်များဝတ်ဆင်ခြင်းအပါအဝင်၊ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်း၏အကျိုးကျေးဇူးများထဲမှနေ၍ နယ်သူ၊ နယ်သားများအတွက် ခွဲဝေပေးရန် ငြိမ်းချမ်းစွာတောင်းဆိုသောလှုပ်ရှားမှုကို စည်းရုံးခဲ့သူ လူငယ်တက်ကြွလှုပ်ရှားသူတဦး။[၁၀၇]

### နောက်ခံသမိုင်းအကျဉ်း[၁၀၈]

(၂၀၀၉) ခုနှစ်၊ ဇွန်လတွင် တရုတ်ပြည်အမျိုးသား ရေနံကုမ္ပဏီ (China Petroleum Cpmpany-CNPC) အမည်ရှိသော ကုမ္ပဏီကမြန်မာအစိုးရပိုင် မြန်မာ့ရေနံနှင့် ဓာတ်ငွေ့လုပ်ငန်း (Myanmar Oil and Gas Enterprise)နှင့် နားလည်မှုစာချွန်လွှာတခုကို သဘောတူလက်မှတ်ရေးထိုးခဲ့သည်။ ဤနားလည်မှုစာချွန်လွှာအရ CNPC က ရွှေသဘာဝဓာတ်ငွေ့တွင်းများမှထွက်သော ဓာတ်ငွေ့များကို ဝယ်ယူမည့် အပြင်ရခိုင်ပြည်နယ်၊ ကျောက်ဖြူနယ်မှတရုတ်ပြည်၊ ကူမင်းမြို့သို့ကီလိုမီတာ(၁,၈၀၀)ရှည်သောအပြိုင်ပိုက်လိုင်း(၂)လိုင်းဖောက်လုပ်မည်ဖြစ်သည်။ ပိုက်လိုင်း၏အများစု (ကီလိုမီတာ ၁,၀၀၀ နီးပါး)သည် ရှမ်းပြည်နည်တောင်ပိုင်း၊ကချင်ပြည်နယ်မြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်အနောက်ပိုင်းတို့၏ အလွန်အကဲဆတ်ပြီးမတည်ငြိမ်သော နယ်မြေများကိုဖြတ်သွားရန်ရှိသည်။ ရေနံပိုက်လိုင်းကတနှစ်လျှင် ရေနံတန်ပေါင်း (၂၂၀) ဘီလျံပို့ပေးရန်နှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းက တနှစ်လျှင်သဘာဝ ဓာတ်ငွေ့ကုဗမီတာ (၁၂) ဘီလျံပို့ပေးရန်ရည်ရွယ်ထားသည်။[၁၀၉] ဓာတ်ငွေ့နှင့်ရေနံထွက်ပစ္စည်းများ၏ ၈၀%ကို တရုတ်ပြည်

၁၀၇၊ "Local youths campaign for share of benefits from Shwe Gas,"Narinjara, 7 March 2012

၁၀၈၊ Unless otherwise stated main sources of information for this project come from Main sources: Corridor of Power and Shwe Gas Movement

၁၀၉၊ "Construction begins on China-Myanmar oil, gas pipelines," Shwe Gas Movement, 7 May 2012

သို့ပို့မည်ဖြစ်သည်။ မြန်မာနိုင်ငံ၏တခုတည်းသော အကြီးဆုံးနိုင်ငံခြားဝင်ငွေရရှိရာ စွမ်းအင်ထုတ်ယူရေး စီမံကိန်း၏ အစိတ်အပိုင်းဖြစ်သော ပိုက်လိုင်းများကို (၂၀၁၃)ခုနှစ်၊ မေလတွင်အပြီးသတ်အောင်တည် ဆောက်မည်ဟု ဆိုပါသည်။

ရွှေဓာတ်ငွေ့ပိုက်လိုင်းများသည် ဆောက်လုပ်ရေးလုပ်ငန်း စတင်ခဲ့သော (၂၀၀၉)ခုနှစ် နိုဝင်ဘာလက တည်းကပင် ပြဿနာများအကြီးအကျယ်ရှိခဲ့သည်။ ဆောက်လုပ်ရေးလုပ်ငန်းစလိုက်သည်နှင့် မြေသိမ်း မှု၊စစ်တပ်များတိုး၍ချထားမှု၊ အတင်းအဓမ္မလုပ်အားစေခိုင်းမှု သတင်းများပေါ်ထွက်လာခဲ့သည်။ ပိုက် လိုင်းများသည် မြန်မာစစ်တပ်နှင့် တိုက်ပွဲများဖြစ်နေဆဲရှိသော လူမျိုးစုအပစ်အခတ်ရပ်စဲရေးအဖွဲ့များ ထိန်းချုပ်ရာနယ်မြေများကိုဖြတ်သွားစရာရှိသောကြောင့် ပိုက်လိုင်းလမ်းကြောင်းတလျှောက်မှာလူ့အ ခွင့်အရေးချိုးဖောက်မှုများတပုံတပင်ရှိနေပါသည်။ ဤသို့ဖြင့်မြန်မာစစ်တပ်သည်ထိရှလွယ်သော အပစ် အခတ်ရပ်စဲရေးဆွေးနွေးမှုများကို ထိခိုက်နေစေလျှက်ရှိကာ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အ နှောင့်အယှက်ပြုနေပါသည်။

ကချင်လွတ်မြောက်ရေးတပ်မတော်နှင့် မြန်မာစစ်တပ်တို့အကြားမှာ လက်နက်ကိုင်တိုက်ပွဲများပြန်လည် ဖြစ်ပွားလာခြင်းက ပိုက်လိုင်းဆောက်လုပ်ရေးလုပ်ငန်းအပေါ်သက်ရောက်မှုများရှိခဲ့ပြီး တရုတ်ပြည် အ မျိုးသားရေနံကုမ္ပဏီ (CNPC)အဖို့နှစ်ဘက်တိုက်ပွဲကြားတွင် ကျရောက်နေပါသည်။ ထိခိုက်နစ်နာခံရ သောကျေးရွာ၊ ရပ်ကွက်များနှင့် တိုင်ပင်ဆွေးနွေးမှုမရှိခဲ့ခြင်း တရားမျှတသောလူမှုရေး ရိုက်ခတ်ချက် ဆိုင်ရာ အကဲဖြတ်ချက်တို့ မရှိခဲ့ခြင်းကြောင့် စီမံကိန်းမှာ အကြီးအကျယ်ထိခိုက်နေလျှက်ရှိကြောင်းကို (CNPC)ကသဘောပေါက်စပြုလာနေလျှက်ရှိသည်။ အရပ်သားအဖွဲ့အစည်းများက ရွှေပိုက်လိုင်းများကို တက်တက်ကြွကြွ ဆန့်ကျင်လှုပ်ရှားနေကြကာ ၎င်းတို့တင်ပြသော အချက်များကို စီမံကိန်းထဲမှာ လောက် လောက်လားလားထည့်သွင်းပေးပြီး အများပြည်သူတို့၏ပြဿနာများကို အရေးယူဖြေရှင်းပေး ခြင်းမပြုသေးမီအထိ စီမံကိန်းကိုရပ်ဆိုင်းထားရန် တောင်းဆိုလျှက် ရှိကြသည်။

ပိုက်လိုင်းနှင့်ပတ်သက်၍ မကျေနပ်မှုများဆက်လက်ကြီးထွားလာနေလျှက်ရှိသည်။ အဓိကအကြောင်း ရင်းများကာနေရာအနှံ့လူ့အခွင့်အရေးချိုးဖောက်မှုများ အခွင့်အရေးရပိုင်ခွင့်ရှိသော ထိခိုက်ခံရသူများ နှင့် ဆွေးနွေးတိုင်ပင်မှုမရှိခြင်း နယ်မြေကျေးရွာများအား အကျိုးအမြတ် ခွဲဝေပေးရေး အစီအစဉ်မရှိခြင်း တို့ဖြစ်သည်။ သာဓကအားဖြင့်ဖော်ပြရလျှင် စွမ်းအင်အများစုကို တရုတ်ပြည်သို့တင်ပို့မည်ဖြစ်ပြီး မြန် မာနိုင်ငံ၏ လူများစုကြီးအဖို့ လျှပ်စစ်ဓာတ်အားမရဘဲ ရှိနေကြသေးခြင်းဖြစ်သည်။ (CNPC)က လူမှုရေး ဆိုင်ရာစီမံကိန်းများမှာ ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် ဤကိစ္စအတွက်ပေးရန် ကြိုးပမ်းခဲ့သည်။ စာသင် ကျောင်းများ၊ ကျန်းမာရေးဆေးခန်းများ၊ ရေတွင်းများအတွက်ဒေါ်လာသန်း ပေါင်းများစွာကို လျာထားခဲ့ သည်ဟု သိရသည်။[၁၁၀] သို့ဖြစ်သည့်တိုင် ပိုက်လိုင်းဆန့်ကျင်ရေး ဒီရေလှိုင်းကြီးကို တွန်းလှန်နိုင်ခြင်းမရှိ ခဲ့ချေ။

---

၁၁၀၊ "Burma-China pipelines brings benefits, complaints," by Daniel Schearf, Shwe Gas Movement, 7 May 2012

လောလောဆယ် ပါဝင်ပတ်သက်နေသူများ

| ကုမ္ပဏီ | နိုင်ငံ | လုပ်ငန်းတာဝန် | ပါဝင်မှု ပမာဏ |
|---|---|---|---|
| တရုတ်ပြည် အမျိုးသား ရေနံ ကော်ပိုရေးရှင်း (CNPC) (တခုလုံးသည် အစိုးရပိုင် ဖြစ်သည်) | တရုတ်နိုင်ငံ | ပိုက်လိုင်းနှင့် ပတ်သက်သော ဒီဇိုင်း၊ ဆောက်လုပ်ရေး၊ လုပ်ငန်းလည်ပတ်ရေး၊ တိုးချဲ့ရေး၊ ပြုပြင်ထိန်း သိမ်းရေး | ၅၀. ၉% |
| မြန်မာ့ရေနံနှင့် "ဓာတ်ငွေ့ လုပ်ငန်း (Myanmar Oil and Gas Enterprise) | မြန်မာနိုင်ငံ | အင်တာနက် ပိုက်လိုင်းမြေပုံဖြင့် ပြည်တွင်း "ဓာတ်ငွေ့များကို လွှတ်ပေးရေး | ၄၉. ၁ % |
| Petro China (CNPC) ၏ လက်အောက်ခံ ကုမ္ပဏီဖြစ် သည်) | တရုတ်နိုင်ငံ | ယူနန်ပြည်နယ်တွင် "ဓာတ်ငွေ့ များကို ဖြန့်ဖြူးပေးခြင်း | မသိရ |

စီမံကိန်းကုန်ကျစားရိတ် စီမံကိန်းပြီးစီးသည်အထိ ဒေါ်လာ(၂.၅၄) ဘီလျံကုန်ကျမည်ဟု မျှော်လင့်ရသည်။[၁၁၁]

## ပိုက်လိုင်းများ၏ဘဏ္ဍာရေးအကျိုးအမြတ်

ပိုက်လိုင်းများ၏ ဘဏ္ဍာရေးဆိုင်ရာအကျိုးအမြတ်ကို ရှင်းရှင်းလင်းလင်း မသိရချေ။ မြန်မာနိုင်ငံအစိုးရအနေနှင့် ရွှေဓာတ်ငွေ့တူးဖော်ရေးစီမံကိန်းမှနေ၍တနှစ်လျှင် ဒေါ်လာသန်း (၈၂၀) နှုန်းဖြင့်နှစ် (၃၀)မှာ ဒေါ်လာ (၂၉.၂)ဘီလျံရမည်ဟု ခန့်မှန်းရသည်။

## အဓိကတွေ့ရှိချက်များ

- စစ်တမ်းကောက်ခြင်းခံရသောလူများ၏ ၈၀ %သည် မိမိတို့မှာစီမံကိန်းနှင့် ပတ်သက်သောပြဿနာရှိလျှင် မည်သူ့ကိုဆက်သွယ်ရမည်မှန်းမသိကြချေ။
- ဆုံးဖြတ်ချက်ချသူများက ရွှေပိုက်လိုင်းစီမံကိန်းကို မစမီမှာ စီမံကိန်းအကြောင်း သတင်းအချက်များကို မည်သူ့ကိုမျှမပေးခဲ့ချေ။
- လူ ၇၆%ကရွှေပိုက်လိုင်းအကြောင်း နောက်ထပ်သတင်းအချက်အလက်များကို စုံးစမ်းလျှင် ဘေးမကင်းဟုထင်ကြသည်။ ၁၀၀ %က ဤသို့ စုံစမ်းလျှင်ဒဏ်ခတ်ခံရမည်ဟုကြောက်ကြသည်။
- စီမံကိန်းနှင့် ၎င်း၏ သက်ရောက်မှုများအကြောင်း သတင်းအချက်အလက်များကို လူထုအခြေပြုအဖွဲ့အစည်းကဲ့သို့သော ဆုံးဖြတ်ချက်ချသူမဟုတ်သူ တဦးတယောက်ထံမှ ရရှိသူဟူ၍ တဦးတယောက်မျှမရှိ။

၁၁၁၊ Pipeline in the crossfire," by Yin Hongwei, Shwe Gas Movement, 7 May 2012

- စစ်တမ်းကောက်ခြင်းခံရသူတိုင်းက ပိုက်လိုင်းဆိုးကျိုးသက်ရောက်မှုများအကြောင်းကို ပြောပြကြသည်။ ကောင်းကျိုးသက်ရောက်မှုများကို ခံစားရသူ တဦးတယောက်မျှမရှိချေ။

ဆိုးကျိုးသက်ရောက်မှုများ

- စစ်တပ်များတိုး၍ချထားခြင်း

o နှစ်လိုင်းပြိုင်ပိုက်လိုင်းများသည် မြို့နယ်ပေါင်း (၂၂) မြို့နယ်ကို ဖြတ်သွားမည်ဖြစ်ပြီး ၎င်းတို့ကို ခြေလျင်တပ်ရင်းနှင့် ခြေမြန်တပ်ရင်းပေါင်း (၄၄) ရင်းဖြင့် ခြံရံထားမည်ဖြစ်သည်။ တပ်ရင်းတရင်းလျှင် စစ်သားအင်အား (၃၀၀) ရှိရာ၊ ပိုက်လိုင်းများ၏ အနီးအနားတွင် စစ်သားပေါင်း (၁၃,၂ ၀၀)ရှိမည်ဖြစ်သည်။

- အတင်းအဓမ္မနေရာ ရွှေ့ပြောင်းခိုင်းခြင်းနှင့် အတင်းအဓမ္မလုပ်အားစေခိုင်းခြင်း

o ပိုက်လိုင်းဖြတ်သွားရာ လမ်းကြောင်းမှာနေထိုင်ကြသော ရခိုင်ပြည်နယ်မှ လူဦးရေ (၅၀၀) ကိုမြန်မာစစ်တပ်က အိန္ဒိယ–မြန်မာနယ်စပ်နှင့် ဘင်္ဂလားဒေ့ရှ်–မြန်မာနယ်စပ်သို့အတင်းအဓမ္မ ပြောင်းရွှေ့ခိုင်းခဲ့ကြောင်း ရခိုင်လူငယ်ကွန်ရက်အဖွဲ့ (Arakan Youth Network Group-AYNG)၏ လေ့လာချက်အရ သိရသည်။ ထို့ပြောင်းရွှေ့ခိုင်းခံရသူများသည် ပိုက်လိုင်းများအတွက် လမ်းဖောက်လုပ်ခြင်းတွင် အခကြေးငွေမရဘဲ အတင်းအဓမ္မလုပ်အားစေခိုင်းခြင်းကို လည်းခံကြရသည်။[၁၁၂]

- မြေသိမ်းခြင်း

o ပိုက်လိုင်းတလျှောက်တွင် မြေသိမ်းမှုများအများအပြားဖြစ်ပွားခဲ့သည်။ မြေသိမ်းခံရသူများကို လျော်ကြေးပေးခြင်းမရှိတတ်ချေ။ အကယ်၍ပေးပြန်တော့လည်း လျော်ကြေးများက မတန်တဆနည်းသည်။ Earth Rights Institute Campaigns Director ပေါလ်ဒိုနိုဝစ်ဇ် (Paul Donowitz)က"နယ်မြေအတော်များများမှာ လာဘ်စားတဲ့ အာဏာပိုင်တွေက မြေကိုလက်ရှိလုပ်နေတဲ့လူတွေ လျော်ကြေးရဖို့ မြေယာဦးပိုင်နာမည်ပေါက်အောင်လုပ်ပေးမယ်ဆိုပြီး လျော်ကြေးငွေရဲ့တဝက်ကို တောင်းတယ်။"ဟုဆိုပါသည်။[၁၁၃]

o မြေသိမ်းခံသူများ ခြေမဲ့လက်မဲ့ ဖြစ်ကြရသည်။ အကြောင်းမှာ အနီးအနား ဝန်းကျင်မှာ ပြန်လည်အခြေချ လုပ်ကိုင်စားစရာမြေလည်းမရှိ မြေသစ်ဝယ်ရန်လည်းငွေမတတ်နိုင်သောကြောင့် ဖြစ်သည်။

o မှတ်တမ်းပြုထားသော ဖြစ်ရပ်အားလုံးမှာနယ်မြေအာဏာပိုင်များက လျော်ကြေးရထိုက်သူနှင့် မရထိုက်သူများကို မတော်မတရားဆုံးဖြတ်ကြောင်း တွေ့ရသည်။

---

၁၁၂။ "Shwe Gas pipeline project to India: another Yadana begins?", Shwe Gas Bulletin, vol. 1, Issue 10, February 2006

၁၁၃။ "New laws for investors but lawlessness for Burmese in the way," William Boot, The Irrawaddy, 22 May 2012

ထွက်ဆိုချက်များ။ "လူတွေကဓါးစာခံတွေသက်သက်ဖြစ်နေကြတယ်။"

မြန်မာနိုင်ငံအစိုးရက သဘာဝဓာတ်ငွေ့နှင့် ရေနံတို့ကိုအိမ်နီးချင်းတိုင်းပြည်များသို့ဈေးကောင်းကောင်း ဖြင့်ရောင်းချခြင်းအားဖြင့် ရခိုင်ပြည်နယ်၏ များပြားလှသော သဘာဝဓာတ်ငွေ့နှင့်ရေနံသိုက်များမှနေ၍ အကျိုးကျေးဇူးများကိုခံစားနေသော်လည်း ရခိုင်ပြည်နယ်ကမူ အမှောင်ထဲကျနေရဆဲပင်ရှိသည်။ ရခိုင် ပြည်နယ်သည် မြန်မာနိုင်ငံ၏အမျိုးသားလျှပ်စစ်ဓာတ်အားဖြန့်ဝေမှုကွန်ရက်နှင့် ဆက်သွယ်ထားခြင်းမ ရှိချေ။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ကတည်းက ဖြစ်သည်။

ရခိုင်ပြည်နယ်သားတို့သည် ကိုယ်ပိုင်အားပေးစက်များကို တန်းဖိုးကြီးကြီးပေး၍ဝယ်သုံးနေရသည်။ သို့ တည်းမဟုတ်ပုဂ္ဂလိကလျှပ်စစ်ကုမ္ပဏီများကို အားထားနေရသည်။ ဤသို့မတတ်နိုင်ပါကလျှပ်စစ်မီးမ ရှိဘဲနေရုံသာ ရှိတော့သည်။ လျှပ်စစ်မီးရရှိရေးသည် နေစရာအိမ်အလုံအလောက်ရရှိခွင့်ထဲမှာ အကြုံးဝင်သော အခြေခံလူ့အခွင့်အရေးတခု ဖြစ်သည်။ မိမိတို့၏မြေပေါ်မှရရှိသော သယံဇာတအရင်း အမြစ်များအတွက် အကျိုးအမြတ်ခွဲဝေရေးအစီအစဉ်ကင်းမဲ့နေခြင်းကို စိတ်ပျက်နေကြကြောင်းတွေ့ဆုံ

မေးမြန်းခံရသူများက ဖေါ်ပြကြသည်။ စောဖြူ၏အောက်ပါပြောပြချက်က ဤခံစားမှုများ၏သာဓကဖြစ် သည်။

*"ရခိုင်ပြည်နယ်ကထွက်တဲ့ ရွှေဓာတ်ငွေ့ဟာအများပြည်သူတွေအတွက် သုံးမယ်ဆိုရင် အလျှံပယ်ပါဘဲ။ ရခိုင်ပြည်နယ်က သဘာဝဓာတ်ငွေ့နဲ့ သဘာဝအရင်းအမြစ်တွေဟာ ရခိုင်ပြည်နယ်ကလူတွေအတွက် မဟုတ်ဘူး။ ဒီစီမံကိန်းရဲ့အကျိုးကျေးဇူးတွေကို တခြားလူတွေကခံစားနေရပြီး ရခိုင်ပြည်နယ်ကလူတွေ က(ရွှေသဘာဝဓာတ်ငွေ့) စီမံကိန်းရဲ့ဒဏ်တွေကို ခံစားနေရတဲ့ဓါးစာခံတွေ သက်သက်ဖြစ်နေကြတယ်။ အစိုးရဟာဒီလိုအခြေအနေမျိုးကို ပြောင်းလဲပေးဖို့တာဝန်ရှိပါတယ်။ ကျနော်တို့ကတော့ နယ်မြေလူထု အဖို့အကျိုးမရှိတဲ့ ဘယ်စီမံကိန်းကိုမဆို ဆန့်ကျင်သွားမှာ ဖြစ်ပါတယ်။"*

စီမံကိန်းနယ်မြေသားတဦးဖြစ်သူ ကျော်ဆန်းကလည်းအလားတူပင် မကျေနပ်ကြောင်းပြောပြီးနောက် ရခိုင်ပြည်နယ်မှာ (၂၄)နာရီ လျှပ်စစ်မီးပေးရန်သာ အစိုးရကို တောင်းဆိုလိုက်သည်။

*"ရခိုင်ပြည်နယ်က သဘာဝဓာတ်ငွေ့နဲ့တခြားသဘာဝသယံဇာတအရင်းအမြစ်တွေကို နယ်မြေလူထု ကပိုင်ပါတယ်။ ဒါပေမယ့်နယ်မြေလူထုကဒီစီမံကိန်းက နေဘာအကျိုးမှ မခံစားရဘဲ ပိုက်လိုင်းဆောက် တာ၊ ပင်လယ်ဆိပ်ကမ်းဆောက်တာ၊ သဘာဝဓာတ်ငွေ့တူးတာတွေရဲ့ ဆိုးကျိုးသက်ရောက်မှုတွေကို ခံစား နေရတယ်။ အစိုးရအနေနဲ့ဒီစီမံကိန်းက ရတဲ့အကျိုးအမြတ်တွေကို တိုင်းပြည်မှာ (၂၄)နာရီ လျှပ် စစ်မီးပေးဖို့သုံးသင့်တယ်။"*

စောထူးမောင်က ရွှေဓာတ်ငွေ့ပိုက်လိုင်းကိစ္စမှာ ထိခိုက်ခံရသည့် (အခွင့်အရေးရပိုင်ခွင့်ရှိသောသူများ) အားဆွေးနွေးတိုင်ပင်မှု မရှိခြင်းကြောင့် တည်ဆောက်မည့်စီမံကိန်းကို အယုံအကြည်ကင်းမဲ့မှုနှင့် မလို မုန်း ထားမှုများဖြစ်ပွားပုံကို အသေးစိတ်ပြောပြခဲ့သည်။

*"သက်ဆိုင်ရာအာဏာပိုင်တွေ အနေနဲ့ စီမံကိန်းအကောင်အထည် မဖော်ခင်မှာ ကျနော်တို့သိထားသင့်တာတွေအပါအဝင် စီမံကိန်းအကြောင်းသတင်းအချက်အလက်တွေ နယ်မြေလူထုကို ပေးသင့်တယ်။ ဒီလိုမှ မဟုတ်ရင်လည်း အစိုးရနဲ့သက်ဆိုင်ရာ ကုမ္ပဏီတွေက စီမံကိန်းနဲ့ပတ်သက်တဲ့နယ်မြေ လူထုရဲ့အကျိုးခံစားခွင့်တွေအတွက် တာဝန်ယူရမယ်။ စီမံကိန်းကို နယ်မြေလူထုရဲ့ ဆန္ဒသဘောထားတွေနဲ့ အညီ အကောင်အထည် ဖော်သင့်တယ်။"*

အခွင့်အရေးရှိသူများနှင့် ဆွေးနွေးတိုင်ပင်ခြင်းမရှိပါက အမြတ်ထုတ်ခြင်း ၊ မြေသိမ်းခြင်းကဲ့သို့သော ရွှေပိုက်လိုင်းများ၏ ဆိုးကျိုးသက်ရောက်မှုများကို ရှောင်ကွင်းနိုင်မည် မဟုတ်ကြောင်း ထိခိုက်နစ်နာခံရသူ တဦးဖြစ်သော အေးခိုင်က အောက်ပါအတိုင်းပြောပြခဲ့သည်။

*"စီမံကိန်းမှန်သမျှကိုအကောင်အထည်ဖော်ရာမှာ နယ်မြေလူထုရဲ့သဘောတူညီချက်နဲ့ အကောင်အထည်ဖော်သင့်တယ်။ ဘာကြောင့်လဲဆိုတော့ ကျနော်တို့လူထုတွေဟာစီမံကိန်းရဲ့ကောင်းကျိုး၊ ဆိုးကျိုးတွေကို တိုက်ရိုက်ခံစားရသူတွေဖြစ်နေလို့ဘဲ။ နယ်မြေလူထုအပေါ်ကျရောက်မယ့် စီမံကိန်းရဲ့ဆိုးကျိုးတွေနဲ့ပတ်သက်လို့ရှင်းလင်းတိကျတဲ့ သတင်းအချက်အလက်တွေမရှိဘူးဆိုရင် နောက်ပိုင်းမှာ ဆိုးကျိုးတွေ ပိုဖြစ်လာလိမ့်မယ်။"*

နိုင်ငံတကာကုမ္ပဏီတွေရဲ့ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းတွေကြောင့် ခုကျနော်တို့ရွာမှာမြေသိမ်းမှုတွေအတော်များများဖြစ်နေတယ်။ ဒီကိစ္စကြောင့်နယ်မြေလူထုအပေါ် အမြတ်ထုတ်မှုတွေအများကြီးဖြစ်လာလိမ့်မယ်ဆိုတာ ကျနော်တို့သိတယ်။ ဒါ့ကြောင့်ဘယ်စီမံကိန်းကိုမှ နယ်မြလူထုရဲ့ဆန္ဒမပါဘဲ အကောင်အထည်မဖော်သင့်ဘူး။"

စီမံကိန်း နယ်မြေသား နောက်တဦးဖြစ်သူ မမ်းဦးကမူ ဆွေးနွေးတိုင်ပင်မှု မရှိဘဲ ရွှေပိုက်လိုင်းများကို ဆောက်လုပ်ခြင်းသည် ထိခိုက်နစ်နာရသည့် နယ်မြေဒေသများမှာ နေထိုင်သူများအား စော်ကားရာ ရောက်သည်ဟု ဆိုပါသည်။

*"အစိုးရအနေနဲ့ ဒီစီမံကိန်းအကြောင်းကို ရှင်းရှင်းလင်းလင်း ရှင်းပြသင့်တယ်။ နယ်မြေလူထုအနေနဲ့ စီမံကိန်းရဲ့ ကောင်းကျိုး ဆိုးကျိုးတွေကို သိထားဖို့လိုပါတယ်။ အစိုးရနဲ့နိုင်ငံတကာ ကုမ္ပဏီတွေကသူတို့ လုပ်ချင်ရာလုပ်နေတာဟာ နယ်မြေလူထုကို စော်ကားနေတာ ဖြစ်ပါတယ်။"*

## နိဂုံးချုပ်

### မြန်မာနိုင်ငံ၏ ရေရှည်အနာဂတ်အတွက် အဓိကကျသောပါဝင်ခွင့်

မြန်မာနိုင်ငံသည် လူမျိုးစုတိုင်းရင်းသားများ၏ပါဝင်ခွင့်ကို လုံလုံလောက်လောက် ကာကွယ်စောင့်ရှောက်ပေးခြင်းမရှိကြောင်း အထင်အရှားတွေ့ရပါသည်။ UNDRIP ကိုထောက်ခံမဲပေးခြင်း၊ (ILO)၏အပြည့်အဖွဲ့ဝင်နိုင်ငံဖြစ်လာခြင်းကဲ့သို့သော ကျေနပ်ဖွယ်လုပ်ဆောင်ချက်အချို့ရှိခဲ့သော်လည်း အပြောနှင့်အလုပ်ညီအောင် လုပ်ဆောင်ပြရန် အများကြီး လိုနေပါသေးသည်။

ပထမဦးစွာ နိုင်ငံတကာနှင့်ဒေသဆိုင်ရာတာဝန်ဝတ္တရားများကို လမ်းညွှန်အဖြစ်ကျင့်သုံးကာ မြန်မာနိုင်ငံ၏ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါဝင်ခွင့်အခွင့်အရေးများကို ထည့်သွင်းပြဋ္ဌာန်းသင့်ပါသည်။ မြန်မာနိုင်ငံ၏ ပြည်တွင်းမူဝါဒမှာ ထည့်သွင်းပြဋ္ဌာန်းခြင်းအားဖြင့် မြန်မာနိုင်ငံတွင်းမှာ ရင်းနှီးမြှုပ်နှံမည့်သူများ၏ကျင့်ဝတ်နှင့် လုပ်ပိုင်ခွင့်များအပေါ် အာဏာတည်စေနိုင်သည့်အပြင် စီးပွားရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံသူများနှင့် လူထုအခြေပြုလူ့အဖွဲ့အစည်းများကဲ့သို့သော ပါဝင်ပတ်သက်သူများအားလုံး ပါဝင်ခွင့်ပြဿနာကို ဖြေရှင်းစေပါသည်။ ပါဝင်ခွင့်ကို ဦးတည်သောမြန်မာနိုင်ငံ၏ မည်သည့်ဥပဒေသစ်မဆို အပေါ်ယံကျခြင်း သို့မဟုတ် ဝေဝါးခြင်းမရှိသင့်ချေ။ ဤဥပဒေမှာ အစီရင်ခံတင်ပြခြင်းနှင့် တာဝန်ခံခြင်းဆိုင်ရာနည်းဥပဒေများပါရှိရမည့်အပြင် ဥပဒေမူကြမ်းရေးဆွဲရာ၌လည်း လူထုထဲမှပါဝင်ပတ်သက်သူအမျိုးမျိုးတို့၏ သဘောတူညီချက်ဖြင့် ရေးဆွဲသင့်ပါသည်။

ပါဝင်ခွင့်မရှိပါကမြန်မာနိုင်ငံအဖို့ရေရှည်အနာဂတ်ရှိမည်မဟုတ်ချေ။

## နောက်ဆက်တွဲများ

### နောက်ဆက်တွဲ (က)

### အစီရင်ခံစာပြုစုရာ၌ ကျင့်သုံးသော နည်းစနစ်

CORE ကဖွဲ့စည်း သင်တန်းပေးထားသောအဖွဲ့ (၉)ဖွဲ့မှ သုတေသနသမားများက ၂၀၁၂ ခုနှစ်၊ ဧပြီလနှင့်မေလအတွင်းမှာ ဤအစီရင်ခံစာအတွက် သတင်းအချက်အလက်များစုဆောင်းခဲ့ပါသည်။ အဖွဲ့အသီးသီးအားကျပန်းရွေးထားသော နမူနာစံကွက်မှာတွေ့ဆုံမေးမြန်းမှု (၃၀)စီလုပ်ဆောင်စေခဲ့ပါသည်။

ဖွံ့ဖြိုးရေးစီမံကိန်းသတင်းအချက်အလက်များစုဆောင်းပုံပါသောစာများကို အောက်ပါအဖွဲ့များထံပေးပို့ခဲ့ပါသည်။

| အဖွဲ့အမည် | စီမံကိန်းနှင့် တည်ရာနယ်မြေ |
| --- | --- |
| က | ထားဝယ် ရေနက်ဆိပ်ကမ်း၊ တနင်္သာရီတိုင်း |
| ခ | စီးပွားရေးလုပ်ငန်းစု၊ ကရင်ပြည်နယ် |
| ဂ | ပေါင်းလောင်းဆည်၊ တောင်ပိုင်း ရှမ်းပြည်နယ် |
| ဃ | ကဒိုက်ဆည်၊ မွန်ပြည်နယ် |
| င | မြစ်ဆုံဆည်၊ ကချင်ပြည်နယ် |
| စ | တီးတိန်–ရိဒ် လမ်း၊ ချင်းပြည်နယ် |
| ဆ | စစ်တွေ ပင်လယ်ဆိပ်ကမ်း၊ ရခိုင်ပြည်နယ် |
| ဇ | ဘီလူးချောင်းမြေစက်ရုံ၊ ကရင်နီ (ကယား) ပြည်နယ် |
| ဈ | ရွှေ ဓာတ်ငွေ့ပိုက်လိုင်း၊ ရခိုင်ပြည်နယ် |

လူမျိုးစုပေါင်း(၁၀)စု ဖွံ့ဖြိုးရေးစီမံကိန်းပေါင်း (၉)ခုပါရှိသောပြည်နယ် (၇)ပြည်နယ်နှင့်တိုင်း (၁)တိုင်းတွင် တွေ့ဆုံမေးမြန်းမှုများ လုပ်ခဲ့ပါသည်။ နမူနာစံကွက်အဖြစ် ရွေးချယ်ထားသော နယ်မြေများသည် ထိုဖွံ့ဖြိုးရေးစီမံကိန်းများ၏ ဒဏ်သင့်ခဲ့သော နယ်မြေများဖြစ်သည်။ ဖွံ့ဖြိုးရေးစီမံကိန်းများရှိနေသော အနေအထားတွင် ကောင်းစွာကြိုတင်အသိပေးထားသော ဒေသခံတိုင်းရင်းသားပြည်သူများ၏ လွတ်လပ်သောဆန္ဒဖြင့်ထုတ်ဖော်ပြောကြားသည့်သဘောတူညီချက်(FPIC)နှင့် သက်ဆိုင်သော အချက်အလက်အမျိုးမျိုးကို စုဆောင်းရန်အလို့ငှာ မြို့ရွာများ၌ မေးခွန်းပုံသေသတ်မှတ်ထားသော တွေ့ဆုံမေးမြန်းမှုများလုပ်ဆောင်ခဲ့ပါသည်။ မြို့များထဲမှာ တွေ့ဆုံမေးမြန်းမှုများမလုပ်ခဲ့ချေ။ အကြောင်းမှာမြို့များထဲမှာ တွေ့ဆုံမေးမြန်းမှုလုပ်ခြင်းသည် အလွန်အန္တရာယ်များသောကြောင့် ဖြစ်ပါသည်။

စစ်တမ်းကောက်ပုံ ဒီဇိုင်းအပေါ် ယုံကြည်မှုပိုရှိစေရေးအတွက် တွေ့ဆုံမေးမြန်းမှုများကို ကျပန်းရွေးချယ်သော အိမ်ထောင်စုများ နမူနာပုံစံဖြင့် လုပ်ဆောင်ခဲ့ပါသည်။ စစ်တမ်းကောက်နယ်မြေများရှိ ကန့်သတ်ချက်များကြောင့် ကျွန်ုပ်တို့သည်ရိုးရှင်းသော ကျပန်းနမူနာစံကွက်သတ်မှတ်နည်း(simple random sampling-SRS)ကို ရွေးချယ်ခဲ့ပါသည်။ ဤနည်းအရစစ်တမ်းကောက်သူများသည် ကျေးရွာရှိ အိမ်ထောင်စုဦးရေနှင့် တွေ့ဆုံမေးမြန်းရမည့် အိမ်ထောင်စုဦးရေကို မှတ်သားသွားပါသည်။ ကျေးရွာရှိ တွေ့ဆုံမေးမြန်းရမည့် အိမ်ထောင်စုများကိုကျပန်းသတ်မှတ်ပါသည်။ အိမ်ထောင်စုများကိုတွေ့ဆုံမေးမြန်းရာ၌ အမျိုးသားများနှင့် အမျိုးသမီးများကိုတတ်နိုင်သမျှ အပြောင်းအလဲလုပ်၍ မေးပါသည်။ ဤသို့ လုပ်ရခြင်းမှာ(simple random sampling-SRS)ပုံစံကျစေရန်နှင့် အမျိုးသားများရော အမျိုးသမီးများပါပေးသည့် အချက်အလက်များကို ရရှိရန်ဖြစ်ပါသည်။

ကျေးရွာများနှင့်မြို့များ၌ လူဦးရေအနည်းငယ်မျှကိုသာရွေးချယ်ပါသည်။ စီမံကိန်းဒဏ်သင့် နယ်မြေများတွင် ကျေးရွာတရွာလျှင် လူဦးရေအနည်းငယ်မျှကိုသာ တွေ့ဆုံမေးမြန်းရန် စစ်တမ်း ကောက်သူများအား အကြံပြုခဲ့ပါသည်။ အကြောင်းမှာမေးမြန်းခံသူများ၏ အမည်များပေါ်နိုင်ခြေနည်းစေရန်ဖြစ်ပါသည်။

လုံခြုံရေးပြဿနာများကြောင့်စစ်တမ်းကောက် အဖွဲ့များမှအဖွဲ့ဝင်အချို့သည် စစ်တမ်းကောက်ယူခြင်း လုပ်ငန်းမှနေ၍ နုတ်ထွက်ခဲ့ရပါသည်။ စစ်တမ်းကောက်အဖွဲ့(ခ)သည် လုံခြုံရေးပြဿနာများကြောင့်တွေ့ ဆုံမေးမြန်းမှု (၁၀)ခုကိုသာလုပ်ဆောင်နိုင်ခဲ့ပါသည်။

ကျပန်းရွေးထားသော နမူနာစံကွက်မှာ တွေ့ဆုံမေးမြန်းမှုပေါင်း (၂၆၁)ခုကို လုပ်ဆောင်ခဲ့ပါသည်။ ဤအကြောင်းကြောင့်အပြင် ဤအစီရင်ခံစာမှာရှင်းပြခဲ့သည့် စစ်တမ်းကောက်ယူပုံ နည်းစနစ်ကြောင့် အလားတူ နယ်မြေအားလုံး(ကျေးလက်နယ်မြေနှင့် လုံခြုံရေးတပ်များမထူထပ်သာနယ်မြေများ)နှင့် ဆိုင်သော အချက်အလက်များသည်ခြုံ၍ပြောရလျှင် အလယ်အလတ် အဆင့်ယုံကြည်မှု ၆.၀၇% ယုံကြည်မှုအ ဆင့် ၉၅ %ရှိသည်ဟုဆိုနိုင်ပါသည်။ ကိစ္စအများစု၌ ရာခိုင်နှုန်းများသည် တနေရာနှင့် တနေရာမမျှမတဖြစ်နေပြီး ယုံကြည်မှုအဆင့်ကိုများစွာ နိမ့်စေပါသည်။ လူဦးရေတခုလုံး၏ပကတိအဖြစ်မှန်ကိုထင်ဟပ်ပြ သည့်သဘောပိုဆောင်ပါသည်။ မြို့ပြနယ်မြေများ သို့မဟုတ် လုံခြုံရေးတပ်များ ထူထပ်သောနယ်မြေများ ရှိစီမံကိန်းအကျိုးသက်ရောက်မှုများနှင့် ပတ်သက်၍ ကျွန်ုပ်တို့ တင်ပြခြင်း မပြုပါ။

သတင်းပေးသူများကို အန္တရာယ်မဖြစ်ရေးအတွက် တွေ့ဆုံမေးမြန်းခံရသူတို့၏ အမည်များကိုလည်းကောင်း၊ သူတို့၏ ကျေးရွာအမည်များကိုလည်းကောင်း၊ စစ်တမ်းကောက်ယူသော အဖွဲ့၏ အမည်ကိုလည်းကောင်း ပြောင်းလဲ၍ သုံးထားပါသည်။

## နောက်ဆက်တွဲ (ခ)

သရုပ်ဖော် ကိန်းဂဏန်းများ

တွေ့ဆုံမေးမြန်းခြင်းခံရသူများသည် ပြည်နယ်(၇)ပြည်နယ်၊ တိုင်း(၁)တိုင်း၊ တိုင်းရင်းသားလူမျိုးစု (၁၀)စုတို့မှဖြစ်ပြီး၊ အမျိုးသား၅၇.၁%နှင့်အမျိုးသမီး ၄၂.၉%ဖြစ်ပါသည်။ အမျိုးသားများ ပျမ်းမျှအသက်သည်(၃၄. ၅)နှစ်ဖြစ်ပြီးအမျိုးသမီးများ၏ ပျမ်းမျှအသက်သည်(၂၉.၅)နှစ်ဖြစ်ပါသည်။

## နောက်ဆက်တွဲ (ဂ)

မေးခွန်းများ

မေးခွန်း၁။ ဖွံ့ဖြိုးရေးစီမံကိန်းနှင့်ပတ်သက်၍မည်သူ့ဆီသွားရမည်သို့မဟုတ်မည်သူနှင့်ဆက်သွယ်ရမည် ဆိုသည်ကို သင်သိပါသလား။

လူဦးရေ ၇၈.၅% ကမည်သူ့ကို ဆက်သွယ်ရမည်မှန်း မသိဟုဖြေပါသည်။ ပေါင်းလောင်းဆည်၊ ကတိုက်

ဆည် ကရင်နီဘီလပ်မြေစက်ရုံတို့တည်ရှိရာ ဖွံ့ဖြိုးရေးစီမံကန်းနယ်မြေများ၌ တွေ့ဆုံမေးမြန်းခံရသူ၁၀၀% ကဖွံ့ဖြိုးရေးစီမံကိန်းနှင့်ပတ်သက်၍မည်သူ့ဆီသွားရမည်၊သို့မဟုတ်မည်သူနှင့်ဆက်သွယ်ရမည်ဆိုသည် ကိုမသိပါဟု ဖြေပါသည်။ အမျိုးသမီးများ၏၁၂.၅%နှင့်၎င်း၏(၂)ဆခန့်ရှိသော အမျိုးသားများ၏ ၂၄.၈ %တို့ကမည်သူနှင့် ဆက်သွယ်ရမည်ဆိုသည်ကိုသိသည်။

မေးခွန်း၂။ စီမံကိန်းမစမီမှာဆုံးဖြတ်ချက်ချသူများက စီမံကိန်းအကြောင်းသတင်းအချက်အလက်များကို သင့်အားပေးပါသလား။
လူဦးရေ ၈၇.၄ %ကသတင်းအချက်အလက်များကိုမရရှိပါဟုဖြေပါသည်။ စစ်တမ်းကောက်နယ်မြေ (၂) ခုမှလွဲ၍လူတိုင်းက စီမံကိန်းမစမီမှာသတင်းအချက်အလက်များကို မရရှိပါဟုဖြေပါသည်။ တီးတိန်–ရိဒ် လမ်း၌တွေ့ဆုံမေးမြန်းခံရသူ ၅၀%က သတင်းအချက်အလက်များရကြောင်းပြောပါသည်။ စစ်တွေပင် လယ်ဆိပ်ကမ်းအနီးရှိလူများ၏ ၇၂ % ကသတင်းအချက်အလက်များကိုရသည်ဟု ဖြေပါသည်။

မေးခွန်း၃။ သင်သည်သတင်းအချက်အလက်များကိုရရှိသည်ဟုဆိုပါက၊သတင်းအချက်အလက်များကို မည်သူပေးပါသနည်း။
၁၈%က သတင်းအချက်အလက်များကို ကျေးရွာလူကြီးထံမှရသည်။ ၅%က ကုမ္ပဏီပြောရေးဆိုခွင့်ရှိသူ ထံမှရသည်။ ၂၃ %ကအစိုးရအရာရှိများထံမှရသည်။ ၂.၇ %ကအခြားနေရာများမှရသည်။
၅၁. ၃ %က မူစီမံကိန်းအကြောင်း သတင်းအချက်အလက်များကို ဆုံးဖြတ်ချက်ချသူများထံမှမရရှိခဲ့ဖူး ချေ။






မေးခွန်း ၄။
မေးခွန်း (၄)ကိုစွန့်ပစ်လိုက်ရသည်။ စစ်တမ်းကောက်အဖွဲ့များကမေးခွန်းကိုအဓိပ္ပါယ်အမျိုးမျိုးပြန်ဆိုကြခဲ့ကြရာ သတင်းအချက်အလက်များ ခိုင်လုံမှုမရှိသောကြောင့်ဖြစ်သည်။

မေးခွန်း ၅။ ဆုံးဖြတ်ချက်ချသူများ ကျင်းပပေးသည့် သင်တို့တက်ရောက်နိုင်သော လူထုအစည်းအဝေး တခုခု ရှိခဲ့ပါသလား။

လူဦးရေ၏ ၀.၈%ကသာလျှင် ဤသို့သော အစည်းအဝေးမျိုးရှိခဲ့သည်ဟုဖြေပါသည်။ ဤသို့ဖြေသူအားလုံးသည် စစ်တွေဆိပ်ကမ်းမှဖြစ်သည်။ စစ်တွေပင်လယ်ဆိပ်ကမ်းကြောင့် ထိခိုက်ခံရသော နယ်မြေထဲမှ လူ(၃၀)ကိုသာလျှင် တွေ့ဆုံမေးမြန်းခဲ့သည်။ (၂)ဦးကသာလျှင် လူထုအစည်းအဝေး တခုရှိခဲ့သည်ဟုဖြေခဲ့သည်။ ဤ(၂)ဦးစလုံးသည်အမျိုးသားများဖြစ်သည်။ စီမံကိန်းနမူနာစံကွက်လူဦးရေ၏ ၆.၆၆% ဖြစ်သည်။ စစ်တွေဆိပ်ကမ်းအနီးမှလူဦးရေ (၃၀)ရှိသောနမူနာစံကွက်သည်ကျပန်း သတ်မှတ်ထားသော စံကွက်ဖြစ်ရာ အလယ်အလတ်ယုံကြည်မှု အဆင့်၈.၅%နှင့် ယုံကြည်မှုအဆင့် ၉၅%ရှိသည်ဟု ကျွန်ုပ်တို့ပြောနိုင်ပါသည်။ သို့ဖြစ်ရာလူမှုအဖွဲ့အစည်းတခုတွင် ဤနှုန်းသည် (အကယ်၍မှားယွင်းတိမ်းစောင်းတတ်မှုကြောင့် ၁၅.၁၃ %အဖြစ်တွက်ချက်မိသည့်တိုင်)လူဦးရေ၏အလွန်သေးငယ်သော အစိတ်အပိုင်းဖြစ်နေသေးပြီးလက်ခံဖွယ်မရှိလောက်အောင်နိမ့် နေပါသည်။

မေးခွန်း ၆။ ဆုံးဖြတ်ချက်ချသူတဦးဦးထံသို့ စီမံကိန်းနှင့်ပတ်သက်သော သတင်းအချက်အလက်များကို သင်တင်ပြသောအခါ၌ မည်သို့တုန့်ပြန်ခံရပါသနည်း။

နမူနာစံကွက်လူဦးရေ၏၃၅.၄%က မိမိတို့သည်မည်သူ့ကိုမျှအကြံပြုချက်များမပေးခဲ့ပါဟု ဖြေပါသည်။ ၆၀၏၈%ကမူမိမိတို့ကအကြံပြုသော်လည်း မိမိတို့၏အကြံပြုချက်သည် အရေးစိုက်ခြင်း မခံရဟု ဖြေပါသည်။ ၃.၈ %ကမိမိတို့ကအကြံပြု ချက်ပေးရာ၌အကြံပြုချက်ကို လက်ခံသည်ဟုဖြေပါသည်။ မိမိတို့၏ အကြံပြုချက်ကိုလက်ခံသည်ဟု ဖြေကြသော (နမူနာစံကွက်ထဲမှ)လူများသည် တီတိန်–ရိဒ်လမ်းဖောက်လုပ်ရေးနယ်မြေမှ လူများဖြစ်သည်။ အမျိုးသမီးများ၏အကြံပြုချက်ကို လက်ခံမှုအလွန်နည်းသည်။ မိမိတို့၏အကြံပြုချက်ကို လက်ခံသည်ဟုထင်သော အမျိုးသမီးများသည် ၁.၈%ရှိပြီး မိမိတို့၏ အကြံပြုချက်ကိုလက်ခံသည်ဟုထင်သော အမျိုးသားများက ၅.၄% ရှိသည်။

မေးခွန်း ၇။ စီမံကိန်းအကြောင်း နောက်ထပ် သတင်းအချက်အလက်များကို စုံစမ်းခြင်းသည် ဘေးကင်းသည်ဟုထင်ပါသလား။

၁၀.၇%ကဘေးကင်းသည်ဟုထင်သည်။၄၄.၁%ကဘေးမကင်းဟုထင်သည်။ ကျန်လူများကမူဘေးကင်း၊ မကင်းမသိကြချေ။ ဖွံ့ဖြိုးရေးစီမံကိန်း(၃)ခုမှ တွေ့ဆုံမေးမြန်းခံရသူများကသာလျှင် သတင်းအချက်အလက်စုံစမ်းမေးမြန်းခြင်းသည်၊ ဘေးကင်းသည်ဟု ဆိုပါသည်။ ဘေးကင်းသည်ဟုထင်သူများသည်မြစ်ဆုံဆည်မှ ၄၅.၂ %၊ တီးတိန်–ရိဒ် လမ်းမှ ၃၀%၊ စစ်တွေပင်လယ်ဆိပ်ကမ်းမှ၂၀%ဖြစ်သည်။ ဤသို့ထင်သူများတွင် အမျိုးသားများက အမျိုးသမီးများ၏(၂)ရှိပြီး ၁၄.၁%ရှိသည်။ အမျိုးသမီးများက ၆.၃% ရှိသည်။

မေးခွန်း ၈။ အဘယ့်ကြောင့်ဘေးကင်းသည်ဟုသင်ထင်ပါသနည်း။ သို့မဟုတ်အဘယ့်ကြောင့်ဘေးမကင်းဟုသင်ထင်ပါသနည်း။

နမူနာစံကွက်လူဦးရေ၏ ၅၁.၇%ကမိမိတို့အနေနှင့် နောက်ထပ်သတင်းအချက်အလက်များကို စုံစမ်းလျှင်တနည်းနည်းဖြင့်ဒဏ်ခတ်ခံရမည်ဟု ထင်သည်။ ၁.၉%ကသာလျှင်ဒဏ်ခတ်ခံရမည် မဟုတ်ဟုထင်သည်။ နောက် ၁.၉% ကပြောစရာရှိသည်ကိုပြောခြင်းသည် လုပ်သင့်သောအလုပ်ဖြစ်သဖြင့်ဒဏ်ခတ်ခံရမည်ကိုအရေးမစိုက်၊ ဒဏ်ခတ်ခံရကျိုးနပ်သည်ဟုထင်သည်။ ၄၄.၄%ကမူမသိပါဟုဖြေသည်။ သို့မဟုတ်မဖြေဘဲနေသည်။

မေးခွန်း ၉။ လူမှုအဖွဲ့အစည်းအခြေပြုအဖွဲ့အစည်းများကစီမံကိန်းအကြောင်းသတင်းအချက်အလက်များကို ပေးပါသလား။

ဤအဖွဲ့အစည်းများသည်စီမံကိန်းမစမီမှာသတင်းအချက်အလက်များပေးသည်ဟု၉.၆ %ကဖြေပါသည်။ နောက်၂၅.၂%က ဤအဖွဲ့အစည်းများသည် ဖွံ့ဖြိုးရေးစီမံကိန်းစတင်ချိန် သို့မဟုတ် ပြီးစီးမှသာ သတင်းအချက်အလက်များပေးသည်ဟုဖြေပါသည်။ ၆၄.၂ % ကမူ ဤအဖွဲ့အစည်းမျိုးသည်သတင်းအချက်အလက်များပေးခြင်းမရှိဟုဖြေပါသည်။

လူမှုအဖွဲ့အစည်းအခြေပြုအဖွဲ့အစည်းများသည်စီမံကိန်းစတင်ချိန်နှင့်ပြီးစီးချိန်မှသာသတင်းအချက် အလက်များပေးသည်ဟု ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းမှတွေ့ဆုံမေးမြန်းခံရသူ ၁၀၀%၊ ကဒိုက်ဆည်မှတွေ့ဆုံမေးမြန်းခံရသူ ၃၃.၃ % ၊ စစ်တွေပင်လယ်ဆိပ်ကမ်းမှတွေ့ဆုံမေးမြန်းခံရသူ ၄၆. ၆ % တို့ကဖြေပါသည်။ လူမှုအဖွဲ့အစည်းအခြေပြုအဖွဲ့အစည်းများသည် စီမံကိန်းမစမီကပင်သတင်းအချက်အလက်များပေးခဲ့သည်ဟု တီးတိန်–ရိဒ် လမ်းမှနမူနာစံကွက်လူဦးရေ၏ ၄၈ %ကဖြေပါသည်။

မေးခွန်း ၁၀။ စီမံကိန်း၏ကောင်းကျိုးသက်ရောက်မှု သို့မဟုတ် ဆိုးကျိုးသက်ရောက်မှုများကို သင်ကြုံတွေ့ခဲ့ပါသလား။

၈၄.၇% က ဆိုးကျိုးသက်ရောက်မှုများကိုကြုံတွေ့ခဲ့သည်ဟုဖြေပြီး၊ ၀.၈% ကသာလျှင်ကောင်းကျိုးသက်ရောက်မှုများကိုကြုံတွေ့ခဲ့သည်ဟုဖြေပါသည်။ ၅.၇% ကမူကောင်းကျိုးသက်ရောက်မှုနှင့် ဆိုးကျိုးသက်ရောက်မှု၊ နှစ်မျိုးစလုံးကိုကြုံတွေ့ခဲ့သည်ဟုဖြေပါသည်။

• • • • • • • • • • • • • •


**ဆက်သွယ်ရန်လိပ်စာ**

Name - CORE

Email Adress - corecoordinators@gmail.com

Phone No - 0894350273, 0862116041

CORE

CORE အဖွဲ့မှထုတ်ဝေသည်